# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အလျှဒါနကို ဝမ်းမြောက်နိုင်၏**

စေးနည်းဝန်တိုသူတို့သည် နတ်ပြည်သို့ မရောက်နိုင်ကြကုန်။ လူမိုက်တို့သည် အလှူဒါနကို မချီးမွမ်းကြကုန်။ ပညာရှိသည်သာ အလှူဒါနကို ဝမ်းမြောက်နိုင်၏။ ထိုဝမ်းမြောက်မှုကြောင့်သာလျှင် ထိုပညာရှိသည် တမလွန်ဘဝ၌ ချမ်းသာရ၏။

လောကဝဂ် (ဓမ္မပဒ-၁၇၇)


၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက် | ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ ၁၄ ရက်၊ တနင်္လာနေ့ | အတွဲ (၆၁)၊ အမှတ် (၁၃၇)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအား တွေ့ဆုံအမှာစကားပြောကြား

## နိုင်ငံတည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ခြိုးခြံချွေတာ၍ စနစ်တကျသုံးစွဲရေး အလေးထားဆောင်ရွက်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၁၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအား နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ◆

## ယနေ့ *ဖတ် စ ရာ*


လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများအတွက် ပိတ်ဆို့ထားသည့် အာဖဂန်ပိုင်ငွေကြေးအချို့ကို အမေရိကန်မှ လွှဲပြောင်းပေးတော့မည် — နိုင်ငံတကာသတင်း စာ - ၁၃

ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများအပေါ် လေ့လာခြင်း (လစ်ဗျားနိုင်ငံ) — ဆောင်းပါး စာ - ၁၆

ချွေတာသုံးစွဲကြစို့လေ တန်ဖိုးကြီးမားသော 'ရေ' — ဆောင်းပါး စာ - ၂၀

# ကူးစက်မြန်သည့် အိုမီခရွန်နှင့် ရာသီတုပ်ကွေးကာကွယ်ရေး

ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအနိမ့်ဆုံးအနေဖြင့် နေ့စဉ် ၁ ရာခိုင်နှုန်းဝန်းကျင်ခန့်သာ ရှိတော့သည့်အခြေအနေမှ ရောဂါကူးစက်မှု ပြန်တက်လာခဲ့ရာ ရက်သတ္တတစ်ပတ်ခန့်ကာလအတွင်း နေ့စဉ် ကူးစက်မှု ၇ ရာခိုင်နှုန်း ပတ်လည်သို့ ပြန်လည်ရောက်ရှိနေသည်။ ရာသီဥတုအေးမြနေခြင်းကို အကြောင်းပြု၍ ရာသီတုပ်ကွေး ပျံ့နှံ့နေမှုနှင့်လည်း တိုက်ဆိုင်နေရာ မိမိတို့၏ပတ်ဝန်းကျင်များတွင် ဖျားနာနေသူများကို တွေ့မြင်နေရပြီး ကိုဗစ်-၁၉ လော၊ ရာသီတုပ်ကွေးလောဟူ၍ အရောရော အထွေးထွေး ဖြစ်ကြရသည်။ မည်သို့ပင်ဖြစ်စေ ကိုဗစ်-၁၉ ကာကွယ်ရေးစည်းမျဉ်းစည်းကမ်းများကို ကျင့်သုံးခြင်းအားဖြင့် ကူးစက်ရောဂါနှစ်မျိုးစလုံးကို ကာကွယ်နိုင်ကြောင်း သိရှိကြပြီး ကူးစက်မခံရမီ ကြိုတင်ကာကွယ်ကြစေလိုသည်။

ကမ္ဘာတစ်ဝန်းလုံးတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှုန်း ပြန်လည်မြင့်တက်လာခြင်းမှာ ဗီဇပြောင်းမျိုးကွဲ အိုမီခရွန်ကြောင့်ဖြစ်ပြီး မြန်မာနိုင်ငံတွင်လည်း အိုမီခရွန်ပြည်တွင်းကူးစက်မှုရှိလာပြီးသည့်နောက် ကူးစက်ပျံ့နှံ့မှုနှုန်း ပြန်လည်မြင့်တက်လာရခြင်းဖြစ်သည်။ လတ်တလောဖြစ်ပွားနေသည့် တုပ်ကွေးနှင့် ကိုဗစ်-၁၉ တို့မှာ လေထဲမှတစ်ဆင့် ကူးစက်နိုင်သည့်ရောဂါများဖြစ်ပြီး ကူးစက်မှုနှုန်းမြန်သလို ရောဂါလက္ခဏာများမှာလည်း ဆင်တူကြသည်။ ဖျားနာခြင်း၊ နှာရည်ယိုခေါင်းကိုက်ခြင်း၊ ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်း၊ အသက်ရှူမဝခြင်းစသည့် လက္ခဏာများက တုပ်ကွေးနှင့် ကိုဗစ်-၁၉ အတူတူဖြစ်နေသည့်အတွက် နှာခေါင်းတို့ဖတ်ယူစစ်ဆေးမှသာလျှင် ရောဂါကို ကွဲကွဲပြားပြား သိနိုင်မည်ဖြစ်သည်။ သတိပြုရမည့်အချက်မှာ တုပ်ကွေးဖြစ်စေ၊ အိုမီခရွန်ဖြစ်စေ နောက်ဆက်တွဲဆိုးကျိုးအန္တရာယ်များရှိနေသည့်အတွက် မပေါ့ဆရန်နှင့် ပြင်းထန်လာပါက ဆေးကုသမှုကို အချိန်မီခံယူကြရန်ပင်ဖြစ်သည်။

ကာကွယ်မှုနည်းလမ်းများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ၊ ရာသီတုပ်ကွေးပါ ကာကွယ်ဆေးများ အသီးသီးရှိကြသည့်အလျောက် ဆေးများထိုးနှံထားခြင်းဖြင့် ကူးစက်ခံရမှုမှ အထိုက်အလျောက်ကာကွယ်မှုရရှိနိုင်ကြသည်။ ကိုဗစ်-၁၉ ကာကွယ်ဆေး နှစ်ကြိမ်ပြည့် ထိုးနှံထားပြီးသူများကို စွမ်းအားမြှင့်(Booster) ထပ်မံထိုးနှံခြင်း၊ ရာသီတုပ်ကွေးကာကွယ်ဆေးထိုးနှံခြင်းကို တစ်နှစ်တစ်ကြိမ် ပြုလုပ်ခြင်းတို့ လိုအပ်သည်။ နောက်ထပ်လိုအပ်ချက်မှာ မိမိ၏ ကိုယ်ခံစွမ်းအားကို မြှင့်တင်ခြင်းဖြစ်သည်။ အာဟာရပြည့်ဝစွာစားသုံးခြင်း၊ အိပ်ရေးဝဝ အိပ်ခြင်း၊ ရေကို လုံလောက်စွာ သောက်ခြင်း၊ ဗီတာမင်နှင့် ဖြည့်စွက်အားဆေးများစားခြင်း၊ စိတ်ဖိစီးမှုကို လက်မခံဘဲ သင့်တင့်လျောက်ပတ်စွာ နှလုံးသွင်း၍ စိတ်ချမ်းသာ ပေါ့ပါးစွာနေထိုင်ခြင်းတို့ဖြင့် မိမိတို့၏ ကိုယ်ခံစွမ်းအားများကို မြှင့်တင်ထားကြရန် လိုအပ်သည်။ နောက်ဆုံးလိုအပ်ချက်အနေဖြင့် မလိုအပ်ဘဲ အပြင်ထွက်သွားလာမှုတို့ကို ရှောင်ကြဉ်၊ လိုအပ်၍ အပြင်သို့ သွားလာရပါကလည်း ပါးစပ်နှာခေါင်းစည်း(Mask) တပ်ဆင်၊ လက်ကိုဆပ်ပြာ၊ ရေတို့ဖြင့် မကြာမကြာ ဆေးကြော၊ သို့မဟုတ်ပါကလည်း အရက်ပြန်ပါဝင်သည့် လက်ဆေးရည်၊ ဟန်းဂျယ်တို့ဖြင့် ဆေးကြော၊ တစ်ဦးနှင့်တစ်ဦး အနည်းဆုံး ခြောက်ပေအကွာတွင်နေ၊ လူစုလူဝေးရှောင်၊ အခန်းများ လေဝင် လေထွက်ကောင်းရန် ဆောင်ရွက်ထားခြင်းနည်းလမ်းများဖြင့် ကိုဗစ်-၁၉ မျိုးကွဲသစ် အိုမီခရွန်ကိုရော ရာသီတုပ်ကွေးကိုပါ ကြိုတင်ကာကွယ်ရှောင်ရှားနိုင်သည်ဟု မျှဝေအပ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ စီမံရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလွင်အောင် ကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၁၃

နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲနှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

## (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ် ပန်းချီ၊ စာစီစာကုံး၊ ဆောင်းပါး၊ ကဗျာနှင့် ကျပန်းစကားပြောပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဆုချီးမြှင့်

မုံရွာ ဖေဖော်ဝါရီ ၁၃

(၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ် ပန်းချီ၊ စာစီစာကုံး၊ ဆောင်းပါး၊ ကဗျာနှင့် ကျပန်းစကားပြောပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။




ရှေးဦးစွာ အမှတ် (၂) အခြေခံပညာကျောင်းမှ ကျောင်းသားကျောင်းသူလေးများက မြန်မာ့ကျောင်း တေးသီချင်းဖြင့် သီဆိုဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်ကိုယ်စား တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင်စိုးနှင့် တိုင်းဒေသကြီး ဝန်ကြီးများက ပြိုင်ပွဲများတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် အထူးဆုရရှိခဲ့ကြသောကျောင်းသားကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်သည်။ (အပေါ်ပုံ)

ထို့နောက် ဆုရရှိသူများ ကိုယ်စား ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားပြီး ဇာတိမာန် တေးသီချင်းသီဆိုကာ အခမ်းအနားကို အောင်မြင်စွာ ပြီးမြောက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၁၃-၂-၂၀၂၂) ညနေ ၆ နာရီအချိန်အထိ ဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Symptomatic | | | | |
| 1 | P.O Paracetamol 500 mg | 10 x 10's tablets/ Box | 1500 | AA Medical |
| 2 | P.O Dextromethophan | 10 x 10's | 1450 | AA Medical |
| 3 | P.O Bromhexine | 10 x 10's tablets/ Box | 1000 | Medi Myanmar |
| 4 | P.O Cetrizine | 10 x 10's /Box | 2200 | AA Medical |
| Supportive | | | | |
| 5 | P.O Multivitamin with/ without zinc | 3 x 10's /Box | 5600 | OLIVE |
| 6 | P.O Vitamin C | 10 x 10's /Box | 700 | Pai Brother |
| 7 | P.O – Pantocid | 10 x 10's /Box | 7000 | PL |
| 8 | P.O Omeprazole | 10 x 10's /Box | 1650 | Shwe Htay Min |
| 9 | Injection Pantocid | 1g/Vial | 1500 | Aorta |
| 10 | Injection Omeprazole | 1g/Vial | 1050 | Aorta |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org)နှင့် Facebook Page https://www.facebook.com/32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေး

နေပြည်တော် ဖေဖော်ဝါရီ ၁၃

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးပစ္စည်းများကို နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၁၃ ရက်တွင် နယ်စပ်(လွယ်ဂျယ်၊ ချင်းရွှေဟော်)တွင် ကုမ္ပဏီ ခုနစ်ခုမှ နှာခေါင်းစည်း ၄၆၄၀၀ Kg၊ Vitamin C Injection အခု ၈၀၀၀၀ တို့ကို ထုတ်ပေးကြောင်း သတင်းရရှိသည်။



သတင်းစဉ်

❒ စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားကြီးကို အားလုံးမှ ညီညွတ်စွာစုစည်း၍ စနစ်တကျဖြင့် ခမ်းခမ်းနားနားဆောင်ရွက်နိုင်ခဲ့သဖြင့် သမိုင်းတွင် မှတ်ကျောက်တစ်ခုအဖြစ် မှတ်တမ်းတင်နိုင်ခဲ့၊ ကြိုတင်ပြင်ဆင်ချိန်နည်းပါးခဲ့သော်လည်း အားလုံး၏ ညီညွတ်စွာဖြင့် စုပေါင်းလုပ်ဆောင်မှုများကြောင့် ခမ်းခမ်းနားနား ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်၊ ယခုကဲ့သို့ ညီညွတ်သည့် စုပေါင်းစွမ်းအားဖြင့် နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပြီး ညီညွတ်စွာဖြင့် စုပေါင်းတိုင်ပင်လုပ်ဆောင်မည်ဆိုပါက နိုင်ငံဖွံ့ဖြိုးတိုးတက်မည်

◆ *ရှေ့ဖုံးမှ*

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဦးသိန်းညွန့်၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာဗညားအောင်မိုး၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဦးရွှေကြိမ်း၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### မှတ်ကျောက်တစ်ခုအဖြစ် မှတ်တမ်းတင်နိုင်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယခုအခါသမယသည် မင်္ဂလာရှိသည့်ကာလတစ်ခုဖြစ်ပြီး စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားကို သိုက်သိုက်ဝန်းဝန်းဖြင့် ကြီးကျယ်ခမ်းနားစွာ ကျင်းပဆောင်ရွက်နိုင်ခဲ့ကြောင်း၊ အခမ်းအနားသို့ ဧည့်ပရိသတ်များမပါ ကျောင်းသား၊ ကျောင်းသူများနှင့် ဝန်ထမ်းစုစုပေါင်း ၁၀၄၀၀ ကျော်က အခမ်းအနားတက်ရောက်ခဲ့ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့်လည်း အခက်အခဲများကြားမှပင် မိမိတို့တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ဒေသအလိုက် ဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို ထုတ်ဖော်ပြသနိုင်ခဲ့သဖြင့် သက်ဆိုင်ရာဝန်ကြီးချုပ်များကို ကျေးဇူးတင်ရှိပါကြောင်း၊ အလားတူ ဝန်ကြီးဌာနများအနေဖြင့်လည်း အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ အခမ်းအနားတွင် ဝန်ကြီးဌာနများအလိုက် နိုင်ငံ့ဝန်ထမ်းများအားလုံး တက်ကြွပျော်ရွှင်စွာ စည်းစည်းလုံးလုံးဖြင့် အပင်ပန်းခံ၍ အလေးထားဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရှိရကြောင်း၊ စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားကြီးကို အားလုံးမှ ညီညွတ်စွာစုစည်း၍ စနစ်တကျဖြင့် ခမ်းခမ်းနားနား ဆောင်ရွက်နိုင်ခဲ့သဖြင့် သမိုင်းတွင် မှတ်ကျောက်တစ်ခုအဖြစ် မှတ်တမ်းတင်နိုင်ခဲ့ကြောင်း၊ ကြိုတင်ပြင်ဆင်ချိန်နည်းပါးခဲ့သော်လည်း အားလုံး၏ ညီညွတ်စွာဖြင့် စုပေါင်းလုပ်ဆောင်မှုများကြောင့် ခမ်းခမ်းနားနား ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ညီညွတ်သည့်စုပေါင်းစွမ်းအားဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပြီး ညီညွတ်စွာဖြင့် စုပေါင်းတိုင်ပင်လုပ်ဆောင်မည်ဆိုပါက နိုင်ငံဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း။

### ဖြည့်ဆည်းဆောင်ရွက်သွားရမည်

မိမိတို့အစိုးရ၏ နိုင်ငံရေးလုပ်ငန်းစဉ်များမှာ ပထမအချက်အနေဖြင့် တိုင်းပြည်သာယာဝပြောမှုရှိရန်၊ စားရေရိက္ခာပေါများရန်ဖြစ်ကြောင်း၊ အူမတောင့်မှ သီလစောင့်နိုင်မည်ဆိုသည့်အတိုင်း စားသောက်ရေး အဆင်ပြေမှသာ ကျန်းမာပြီး အလုပ်လုပ်နိုင်မည်ဖြစ်သဖြင့် နိုင်ငံ၏လုပ်ငန်းစဉ်အဖြစ် ဦးစားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဒုတိယအချက်အနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်ကို ခိုင်ခိုင်မာမာဖြစ်အောင် တည်ဆောက်ရန်၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ်ကို တည်ဆောက်ရန်ဖြစ်ကြောင်း၊ တတိယအချက်အနေဖြင့် နိုင်ငံ၏ ဓနအင်အားတိုးတက်လာချိန်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာချိန်၊ နိုင်ငံရေးအရလည်း တည်ငြိမ်မှု ရှိလာသည့်အချိန်တွင် နိုင်ငံ၏လုံခြုံရေးကို အပြည့်အဝအကာအကွယ်ပေးနိုင်သည့် ကြည်းတပ်၊ ရေတပ်၊ လေတပ်တို့အား ပြည်တွင်းအားဖြင့် တည်ဆောက်၍ စွမ်းရည်ရှိသည့် တပ်မတော်၊ စွမ်းအားရှိသည့် တပ်မတော်ဖြစ်စေရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် လိုအပ်သည်များကို နိုင်ငံတော်မှ ဖြည့်ဆည်းဆောင်ရွက်သွားရမည်ဖြစ်ပြီး နိုင်ငံသူနိုင်ငံသားအားလုံးပါဝင်သည့် စုစည်းညီညွတ်သည့်ကာကွယ်မှုဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အဆိုပါ မျှော်မှန်းချက်များကို အကောင်အထည်ဖော်နိုင်ရန်အတွက် နိုင်ငံ၏စီးပွားရေး တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရမည်ကြောင်း၊ တိုင်းပြည်၏အားသည် ပြည်တွင်းမှာသာ ရှိသည်ကို မိမိအနေဖြင့် အပြည့်အဝယုံကြည်ကြောင်း၊ တစ်ပါးသူများကို လိုအပ်သည်ထက် ပိုမိုအားကိုးနေခြင်းထက် မိမိကိုယ်ကို ရပ်တည်ပြီး ကြိုးစားဆောင်ရွက်မှသာ နိုင်ငံတိုးတက်မည်ဖြစ်သဖြင့် ပြည်တွင်း၏အားဖြင့်သာ နိုင်ငံတိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

### အရင်းအမြစ်များကို အကျိုးရှိစွာအသုံးချ

မိမိတို့နိုင်ငံသည် ရေခံမြေခံကောင်းမွန်ပြီး လူဦးရေ ၅၅ သန်းကျော် နေထိုင်၍ အသက် ၁၈ နှစ်အထက် လူဦးရေ ၃၇ သန်းကျော်ခန့်ရှိသဖြင့် လူသားအရင်းအမြစ်များပေါများကြောင်း၊ အလားတူ မြေပေါ်မြေအောက်သယံဇာတများ များစွာရှိပြီး စက်မှုလုပ်ငန်းနှင့်ဆက်စပ်နေသည့် တွင်းထွက်ပစ္စည်းများ နေရာအနှံ့တွင်ရှိကြောင်း၊ စိုက်ပျိုးမြေများလည်း များစွာရှိသကဲ့သို့ သဘာဝမှပေးထားသည့် အဖိုးတန်မြေပေါ်သယံဇာတများလည်းရှိကြောင်း၊ အဆိုပါ မြေပေါ်မြေအောက်သယံဇာတများနှင့် လူသားအရင်းအမြစ်များကို အကျိုးရှိစွာအသုံးချမည်ဆိုပါက နိုင်ငံဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း။

### ဝိုင်းဝန်းကူညီဆောင်ရွက်

မိမိတို့နိုင်ငံတွင် ချင်းပြည်နယ်အနေဖြင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ ရာသီဥတုပြင်းထန်ခြင်း၊ စိုက်ပျိုးမြေရှားပါးခြင်း စသည့်အခက်အခဲများရှိပြီး သစ်တောနှင့်သယံဇာတ ထွက်ရှိမှုမှာလည်း နည်းပါးကြောင်း၊ အလားတူ ကယားပြည်နယ်သည်လည်း လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး နေထိုင်သည့် လူဦးရေနည်းပါးကြောင်း၊ သယံဇာတ အနည်းငယ်ထွက်ရှိသော်လည်း အခြားပြည်နယ်များနှင့်နှိုင်းယှဉ်ပါက ခက်ခဲမှုများ ရှိနေဆဲဖြစ်ပါကြောင်း၊ ကရင်ပြည်နယ်အတွင်းရှိ အချို့ဒေသများတွင် တောတောင်ထူထပ်၍ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုများကြောင့် ပညာရေး၊ ကျန်းမာရေးစသည့် နယ်ပယ်များတွင် ခက်ခဲမှုများရှိနေပါကြောင်း၊ ထိုသို့ အခက်အခဲများရှိနေသည့် ပြည်နယ်များကို အခြားတိုင်းဒေသကြီးနှင့်ပြည်နယ်များက တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ မိမိတို့ အစိုးရအနေဖြင့်လည်း ပြည်နယ်များဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကထား ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျန်ရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များသည် ရေခံမြေခံကောင်းမွန်သဖြင့် ဒေသအလိုက် ကြိုးပမ်းဆောင်ရွက်မည်ဆိုပါက လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေး ဆောင်ရွက်ရာတွင် လိုအပ်ချက်များရှိသည့် ပြည်နယ်များကို ဦးစားပေးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

### ဦးစားပေး ဆောင်ရွက်ပေးရမည်

ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် လူ့စွမ်းအားအရင်းအမြစ်များကို အကျိုးရှိစွာအသုံးချနိုင်ရန်လိုအပ်ပြီး အချို့ပြည်နယ်များတွင် ပညာရေးအရအားနည်းသဖြင့် လူ့စွမ်းအားအရင်းအမြစ်များ နည်းပါးသည်ကို တွေ့ရှိရကြောင်း၊ ပညာရေးအားနည်းချက်များဖြစ်ပေါ်ရခြင်းမှာ နိုင်ငံမတည်ငြိမ်မှု၊ သွားလာရေးခက်ခဲမှု၊ ဘာသာစကားအခက်အခဲဖြစ်မှု၊ မိဘများအား ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရမှု၊ ပညာသင်ကြားရန် ငွေကြေးမတတ်နိုင်မှုများကြောင့်ဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ပြည်နယ်များ၏ ပညာရည်မြှင့်တင်ရေးအတွက် လတ်တလောကာလတွင် ဦးစားပေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

### အလေးထားဆောင်ရွက်

၁၉၈၈ ခုနှစ် အရေးအခင်းကာလတွင် စာသင်ကျောင်းများကို သုံးနှစ်ခန့် ပိတ်ထားခဲ့ရသဖြင့် ပညာရေးတွင် နောက်ကျခဲ့ရကြောင်း၊ လတ်တလောကာလတွင်လည်း ကိုဗစ်ရောဂါဖြစ်ပွားမှုနှင့် အခြားအကြောင်းအမျိုးမျိုးကြောင့် စာသင်ကျောင်းများ ပိတ်ထားခဲ့ရပြီး ယခုအခါ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များကို ပြန်လည်ဖွင့်လှစ်၍ ပညာသင်ကြားပေးလျက်ရှိကြောင်း၊ အခြေခံပညာကျောင်းများတွင် စာရင်းသွင်းထားသူ ကျောင်းသားကျောင်းသူပေါင်း ၉၀ ရာခိုင်နှုန်းနီးပါးခန့် တက်ရောက် ပညာသင်ကြားလျက်ရှိသော်လည်း မျှော်မှန်းထားသည့် ကျောင်းတက်ရာခိုင်နှုန်းထက် နည်းပါးသည်ကို တွေ့ရှိရကြောင်း၊ အချို့ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် နိုင်ငံရေးမတည်ငြိမ်မှု၊ ပညာရေးဝန်ထမ်းများ လျော့နည်းမှုနှင့် ခြိမ်းခြောက်ခံရမှုတို့ကြောင့် ပညာသင်ကြားနိုင်မှုမရှိသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ပညာသင်ကြားရေးသည် ပထမဦးစားပေးဖြစ်ကြောင်း၊ အတန်းပညာရှိမှသာ အတတ်ပညာနှင့် အသိပညာ ရရှိရန် လွယ်ကူမည်ဖြစ်သဖြင့် ပညာသင်ကြားမှုသည် လူတစ်ဦးချင်းအတွက် မဖြစ်မနေ အရေးကြီးလိုအပ်ချက်ဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းဒေကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် ဒေသအလိုက် ပညာသင်ကြားရေးကို အားပေးဆောင်ရွက်ရန်နှင့် ကျောင်းသားကျောင်းသူများအားလုံး ပညာသင်ကြားနိုင်ရေး ဦးစားပေး အလေးထားဆောင်ရွက်ကြရန် လိုကြောင်း။

### အားပေးကူညီဆောင်ရွက်

တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် စာသင်ကျောင်းများအားလုံး ပြန်လည်ဖွင့်လှစ်နိုင်ရေး အားပေးကူညီဆောင်ရွက်ကြရန် လိုကြောင်း၊ ပညာသင်ကြားရေးအတွက် တာဝန်ပြန်လည်ထမ်းဆောင်လိုသည့် ဝန်ထမ်းများရှိပါကလည်း ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ ခွင့်ပြုဆောင်ရွက်ပေးရန်လိုကြောင်း၊ ပညာရေးဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများသည် လေ့ကျင့်ပေးထားသည့် ဝန်ထမ်းများဖြစ်သဖြင့် တာဝန်ပြန်လည်ထမ်းဆောင်နိုင်ရေး တိုက်တွန်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ ပညာရေးဝန်ထမ်းများ၏ ၈၀ ရာခိုင်နှုန်းကျော်မှာ အမျိုးသမီးများဖြစ်ကြသဖြင့် အများအားဖြင့် ရက်တတ်ကြောက်တတ်မှုရှိကြောင်း၊ အဆိုပါအားနည်းချက်ကို အခွင့်ကောင်းယူအသုံးချ၍ အကြောင်းအမျိုးမျိုးဖြင့် ခြိမ်းခြောက်ဆောင်ရွက်ခြင်းများပြုလုပ်၍ အနိုင်ကျင့်ဆောင်ရွက်မှုများရှိသဖြင့် မိမိတို့အနေဖြင့် ကာကွယ်ဆောင်ရွက်ပေးရန်လိုကြောင်း။

ပညာသင်ကြားရေးနှင့်ပတ်သက်၍ ဆရာ၊ ဆရာမများကို ပညာအရည်အချင်းအလိုက် ချီးမြှင့်ငွေများ ချီးမြှင့်ပေးလျက်ရှိပြီး ဆက်လက်၍လည်း

*စာမျက်နှာ ၄ သို့*

❍ မိမိတို့အစိုးရ၏ နိုင်ငံရေးလုပ်ငန်းစဉ်များမှာ ပထမအချက်အနေဖြင့် တိုင်းပြည်သာယာဝပြောမှုရှိရန်၊ စားရေရိက္ခာပေါများရန်ဖြစ်ကြောင်း၊ အူမတောင့်မှ သီလစောင့်နိုင်မည်ဆိုသည့်အတိုင်း စားသောက်ရေးအဆင်ပြေမှသာ ကျန်းမာပြီး အလုပ်လုပ်နိုင်မည်ဖြစ်သဖြင့် နိုင်ငံ၏လုပ်ငန်းစဉ်အဖြစ် ဦးစားပေးဆောင်ရွက်နေခြင်းဖြစ်

❒ ဒုတိယအချက်အနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်ကို ခိုင်ခိုင်မာမာဖြစ်အောင် တည်ဆောက်ရန်၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်ကို တည်ဆောက်ရန်ဖြစ်

◆ တတိယအချက်အနေဖြင့် နိုင်ငံ၏ ဓနအင်အားတိုးတက်လာချိန်၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာချိန်၊ နိုင်ငံရေးအရလည်း တည်ငြိမ်မှုရှိလာသည့်အချိန်တွင် နိုင်ငံ၏လုံခြုံရေးကို အပြည့်အဝအကာအကွယ်ပေးနိုင်သည့် ကြည်းတပ်၊ ရေတပ်၊ လေတပ်တို့အား ပြည်တွင်းအားဖြင့် တည်ဆောက်၍ စွမ်းရည်ရှိသည့် တပ်မတော်၊ စွမ်းအားရှိသည့် တပ်မတော်ဖြစ်စေရန် ဆောင်ရွက်ရမည်

❖ **တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် စာသင်ကျောင်းများအားလုံး ပြန်လည်ဖွင့်လှစ်နိုင်ရေး အားပေး ကူညီဆောင်ရွက်ကြရန်လို၊ ပညာသင်ကြားရေးအတွက် တာဝန်ပြန်လည်ထမ်းဆောင်လိုသည့် ဝန်ထမ်းများရှိပါကလည်း ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ ခွင့်ပြုဆောင်ရွက်ပေးရန်လို၊ ပညာရေးဝန်ထမ်းများနှင့် ကျန်းမာရေး ဝန်ထမ်းများသည် လေ့ကျင့်ပေးထားသည့် ဝန်ထမ်းများဖြစ်သဖြင့် တာဝန်ပြန်လည်ထမ်းဆောင်နိုင်ရေး တိုက်တွန်း ဆောင်ရွက်ပေးကြစေလို၊ ပညာရေးဝန်ထမ်းများ၏ ၈၀ ရာခိုင်နှုန်းကျော်မှာ အမျိုးသမီးများဖြစ်ကြသဖြင့် အများ အားဖြင့် ရှက်တတ်ကြောက်တတ်မှုရှိ၊ အဆိုပါအားနည်းချက်ကို အခွင့်ကောင်းယူအသုံးချ၍ အကြောင်းအမျိုးမျိုးဖြင့် ခြိမ်းခြောက် ဆောင်ရွက်ခြင်းများပြုလုပ်၍ အနိုင်ကျင့်ဆောင်ရွက်မှုများရှိသဖြင့် မိမိတို့အနေဖြင့် ကာကွယ် ဆောင်ရွက်ပေး**

*စာမျက်နှာ ၃ မှ*

ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း၊ ဆရာ၊ ဆရာမများသည် ကျောင်းသား ကျောင်းသူများ၏ လက်ဦးဆရာများဖြစ်ကြကြောင်း၊ ထို့ကြောင့် အာစရိယဂုဏောအနန္တောဆိုသည့်အတိုင်း အာစရိယဂုဏ်ကို အသိအမှတ်ပြု၍ ဆောင်ရွက်ပေးရန်လိုကြောင်း၊ ဆရာ၊ ဆရာမများသည် ဝါသနာ၊ အနစ်နာ၊ စေတနာ စသည့် နာသုံးနာဖြင့် ကျောင်းသား ကျောင်းသူများကို ပညာတတ်များဖြစ်စေရေး သင်ကြားပေးနေကြခြင်းဖြစ်ကြောင်း။

**ကျန်းမာမှသာ အလုပ်လုပ်နိုင်မည်**

ကျန်းမာရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် မျှော်မှန်းသက်တမ်းမှာ အာဆီယံနိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများတွင် အနိမ့်ဆုံးဖြစ်ကြောင်း၊ ကျန်းမာမှသာ ပညာသင်ကြားနိုင်မည်၊ ကျန်းမာမှသာ အလုပ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ဗုဒ္ဓဘာသာဝင်အများစုရှိသည့် နိုင်ငံတစ်ခုဖြစ်ပြီး ယဉ်ကျေးသိမ်မွေ့သူများဖြစ်ကြကြောင်း၊ ထို့ပြင် မြေသယံဇာတနှင့်ရေသယံဇာတများ ပေါကြွယ်ဝသည့် နိုင်ငံတစ်ခုလည်းဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့်လည်း ကျန်းမာရေးကောင်းမွန်စေရန် အသိနှင့်ယှဉ်သည့် နေထိုင်စားသောက်မှုများနှင့် လုပ်ကိုင်ဆောင်ရွက်မှုများ ရှိရန်လိုကြောင်း၊ အသိနှင့်ယှဉ်၍ ကျန်းမာရေးနှင့်ညီညွတ်စွာ နေထိုင်စားသောက်နိုင်ရန်အတွက် ပညာရည်မြင့်မားမှု ရှိရန်လိုကြောင်း၊ ပညာရေးနိမ့်ကျမှုများကြောင့် လူတစ်ဦးနှင့်တစ်ဦး၏ လူမှုစီးပွားဘဝများ ကွာခြားလာခြင်းဖြစ်သဖြင့် အနိမ့်ဆုံးအဆင့် အလယ်တန်းအောင်မြင်အောင် ဆောင်ရွက်၍ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် စက်မှုလက်မှုလုပ်ငန်းများအတွက် ပညာရေးအခြေခံကောင်းများရရှိအောင် ဆောင်ရွက်ပေးရန်လိုကြောင်း။

**လေးနက်စွာ အသိအမှတ်ပြု**

ကျန်းမာရေးဝန်ထမ်းများအနေဖြင့်လည်း ပြည်သူလူထု၏ကျန်းမာရေးကို အလေးထားဆောင်ရွက်ရန်လိုအပ်ပြီး ယခုနိုင်ငံရေးဖြစ်စဉ်တွင် CDM ပြုလုပ်သူများ များစွာရှိကြောင်း၊ မိမိတို့နိုင်ငံတွင် ၁၉၉၅ ခုနှစ်ခန့်မှစ၍ မွေးထုတ်ပေးလိုက်သည့် ဆေးတက္ကသိုလ်အသီးသီးမှ ကျောင်းဆင်းဆရာဝန်များ များစွာရှိပြီး ပြည်တွင်းရှိ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ဝင်ရောက်ထမ်းဆောင်ပါက အင်အားအရလုံလောက်သည်ထက်ပင် ပိုမိုသည့်အင်အားရှိပါကြောင်း၊ သို့ရာတွင် အများစုမှာ နိုင်ငံအတွက် တာဝန်ထမ်းဆောင်ခြင်းထက် ကိုယ်ပိုင်ဆေးခန်းများဖွင့်လှစ်ခြင်းနှင့် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများကိုသာ ဆောင်ရွက်နေကြခြင်းကြောင့် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် လိုအပ်ချက်များဖြစ်ပေါ်လျက်ရှိကြောင်း၊ ယခင်က ဝေးလံခေါင်ဖျားသည့်ဒေသများတွင် ကျန်းမာရေးဝန်ထမ်းများ လိုအပ်ချက်အရ တပ်မတော်မှ ဆရာဝန်များကို တာဝန်ထမ်းဆောင်နိုင်ရန် စေလွှတ်ပေးခဲ့ချိန်တွင်လည်း ကန့်ကွက်မှုများရှိခဲ့ကြောင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုအဆင်ပြေစေရန်အတွက် တပ်မတော်မှဆရာဝန်များ စေလွှတ်ပေးခြင်းဖြစ်ကြောင်း၊ နိုင်ငံ့တာဝန်များကို သစ္စာရှိစွာဖြင့် ထမ်းဆောင်နေသည့် ကျန်းမာရေးဝန်ထမ်းများကိုလည်း လေးနက်စွာ အသိအမှတ်ပြုပါကြောင်း၊ CDM ပြုလုပ်သွားသည့် ကျန်းမာရေးဝန်ထမ်းများ တာဝန်ပြန်လည်ထမ်းဆောင်ရေးအတွက်လည်း တာဝန်ရှိသူများက ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း။

**မျှော်မှန်းသက်တမ်းသည်လည်း တိုးတက်လာမည်**

ကျန်းမာရေးကောင်းမွန်ပါက ပညာသင်ကြားရေးနှင့် အလုပ်လုပ်ကိုင်ဆောင်ရွက်မှုများအတွက် အထောက်အကူပြုမည်ဖြစ်သကဲ့သို့ မိမိတို့နိုင်ငံ၏ မျှော်မှန်းသက်တမ်းသည်လည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ နိုင်ငံသူနိုင်ငံသားအားလုံး ကျန်းကျန်းမာမာနှင့် အသက်ရှည်ရှည် နေထိုင်နိုင်ရန်လိုကြောင်း။

**ကိုယ်တိုင်ထိန်းသိမ်းရန်လိုအပ်**

ကိုယ်လက်လှုပ်ရှားအားကစားနှင့်ပတ်သက်၍လည်း ခေတ္တခဏသာပြုလုပ်ခြင်းထက် အမြဲမပြတ်ဆောင်ရွက်နေရန်လိုကြောင်း၊ အမိကအားဖြင့် တစ်ရက်လျှင် နာရီဝက်ခန့်လမ်းလျှောက်ခြင်း ဆောင်ရွက်ပါက ကျန်းမာရေးအတွက်များစွာ အထောက်အကူပြုကြောင်းကို ကျန်းမာရေးပညာရှင်များ၏ ပြောကြားချက်အရသိရှိရကြောင်း၊ အလားတူ အသောက်အစားအပျော်အပါးများကို တတ်နိုင်သမျှလျှော့ချ ဆောင်ရွက်ရန်လိုကြောင်း၊ အစားအသောက်နှင့်ပတ်သက်၍လည်း ကျန်းမာရေးနှင့် ညီညွတ်သည့် စားသောက်မှုများရှိရန်အတွက် မိမိတို့ကိုယ်တိုင် ထိန်းသိမ်းရန်လိုအပ်သကဲ့သို့ ပြည်သူများ သိရှိစေရန်လည်း တိုက်တွန်းပြောကြားပေးရန်လိုကြောင်း။

စီးပွားရေးနှင့်ပတ်သက်၍ မြေပေါ်မြေအောက်သယံဇာတများ၊ ရေနှင့်မြေများကို အကျိုးရှိစွာအသုံးချရန်လိုကြောင်း၊ ရေများသုံးစွဲရာတွင်လည်း အဟောသိကံမဖြစ်စေဘဲ ထိရောက်စွာအသုံးချရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် မြေဩဇာများ လိုအပ်ချက်ရှိသည့်အတွက် ဒေသအလိုက် မွေးမြူရေးလုပ်ငန်းများကို လျောင်မွေးသည့်စနစ်ဖြင့် နည်းစနစ်တကျ မွေးမြူဆောင်ရွက်ခြင်းဖြင့် ဇီဝမြေဩဇာများရရှိမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုတွဲဖက်၍ ဆောင်ရွက်မည်ဆိုပါက လေလွင့်ဆုံးရှုံးမှုနည်းပါးပြီး ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်အောင် အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူများ၏ လျှပ်စစ်မီးလိုအပ်ချက်အတွက်လည်း နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်မီးထုတ်လုပ်ခြင်းကို နည်းလမ်းတစ်ခုအနေဖြင့် အသုံးပြုဆောင်ရွက်၍ရကြောင်း။

**အကောင်အထည်ဖော်ဆောင်ရွက်**

ဆန်စက်၊ ဂျုံစက် စသည့်လုပ်ငန်းများသည် စိုက်ပျိုးရေးကိုအခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းများဖြစ်ကြောင်း၊ စက်မှုလယ်ယာစနစ်ကို ဖော်ဆောင်၍ စိုက်ပျိုးရေးထုတ်ကုန်ကိုအခြေခံသည့် စက်မှုလယ်ယာစနစ်ကို ဖော်ဆောင်ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ဝါစိုက်ပျိုးမှုများရှိပြီး အဆင့်မြင့်ချည်များထုတ်လုပ်နိုင်ရေး ဝါမျိုးကောင်းမျိုးသန့်များရရှိရေးအတွက် ပြည်ပနိုင်ငံများမှ ရရှိနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ပြည်ပမှချည်ထည်များအား ယမန်နှစ်က အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံဖိုးခန့် တင်သွင်းခဲ့ရကြောင်း၊ အဆင့်မြင့်ချည်များ ပြည်တွင်း၌ ထုတ်လုပ်နိုင်မည်ဆိုပါက စိုက်ပျိုးရေးကိုအခြေခံသည့် စက်မှုလုပ်ငန်းကိုဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် ဝါစိုက်ပျိုးမှုများကို အားပေးဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးရေးထုတ်ကုန်ကိုအခြေခံသည့် စက်မှုလုပ်ငန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးတွင် အကောင်အထည်ဖော်ဆောင်ရွက်၍ ရကြောင်း။

မိမိတို့နိုင်ငံတွင် အဖိုးတန်သဘာဝတွင်းထွက်ပစ္စည်းများစွာရှိပြီး အကျိုးရှိစွာအသုံးချနိုင်ရန်လိုကြောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းအတွက် လိုအပ်သည့် ဘိလပ်မြေထုတ်လုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသော်လည်း အကြောင်းအမျိုးမျိုးကြောင့် ထုတ်လုပ်မှုကုန်ကျစရိတ်များပြားသဖြင့် အပြည့်အဝထုတ်လုပ်နိုင်မှုမရှိသေးကြောင်း၊ ပြည်တွင်းလိုအပ်ချက်အား ပြည်ပမှ တင်သွင်းခြင်းထက် ပြည်တွင်းရှိ စက်ရုံများကို အပြည့်အဝလည်ပတ်၍ အတတ်နိုင်ဆုံးထုတ်လုပ်ပေးနိုင်မည်ဆိုပါက ပြည်ပငွေကုန်ကျမှုများစွာ လျော့နည်းသွားမည်ဖြစ်ပြီး ပြည်တွင်းစီးပွားရေး ကောင်းမွန်လာမည်ဖြစ်ကြောင်း၊

မိမိတို့နိုင်ငံတွင် ပြည်ပကြွေးမြီများစွာရှိပြီး နှစ်စဉ်ပြန်လည်ပေးဆပ်နေရမှုများပြားကြောင်း၊ ယခင်က ပြည်တွင်းစက်မှုလုပ်ငန်းများနှင့် ပြည်တွင်းကုန်ထုတ်လုပ်မှုများကို အားပေးမှုမရှိဘဲ ပြည်ပမှတင်သွင်းမှုများ အများဆုံး ဆောင်ရွက်ခဲ့သဖြင့် ကုန်သွယ်မှုလိုငွေများ များပြားခဲ့ခြင်းဖြစ်ကြောင်း၊ စီမံခန့်ခွဲမှုလွဲမှားခဲ့ခြင်းများကြောင့် မိမိတို့နိုင်ငံအတွက် ငွေကြေးမြောက်မြားစွာ ဆုံးရှုံးနစ်နာမှုများရှိခဲ့ကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းသည် နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေသဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် ပြည်တွင်းစက်မှုလုပ်ငန်းများနှင့် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကြရန်လိုကြောင်း၊ အဓိကအားဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးတွင် ဆောက်လုပ်ရေးအတွက် လိုအပ်သည့် ဘိလပ်မြေများနှင့် သံလုံး၊ သံချောင်းများကို လုံလောက်စွာထုတ်လုပ်ပေးနိုင်ပါက ပြည်သူများ၏ နေထိုင်မှုစနစ်များကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း။

**အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်**

မိမိတို့နိုင်ငံ၏ အချို့နေရာများတွင် ပြည်သူများ၏ လူနေမှုစနစ်မြှင့်တင်ရေး ဆောင်ရွက်ပေးရန်လိုအပ်လျက်ရှိကြောင်း၊ ကျေးလက်နေပြည်သူများ ပညာရေး၊ စီးပွားရေးနှင့် လူနေမှုဘဝမြှင့်တင်ရေးအတွက် အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်တာဝန်အား တာဝန်ယူဆောင်ရွက်ရာတွင် အချိန်ကာလအားဖြင့် နည်းပါးကြောင်း၊ ထို့ကြောင့် ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများမှလွဲ၍ ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များအားလုံး ဒေသအလိုက်ဖွံ့ဖြိုးရေးအတွက် စိတ်စေတနာကောင်းစွာဖြင့် ဆောင်ရွက်ကြမည်ဆိုပါက မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ၊ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်နေမှုအခြေအနေ၊ ကုန်စည်စီးဆင်းမှု လျင်မြန်မှန်ကန်စေရေး ဆောင်ရွက် နေမှုအခြေအနေ၊ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များ ပြန်လည်ဖွင့်လှစ်နိုင်မှုအခြေအနေ၊ ဆေးရုံများ ပြန်လည်ဖွင့်လှစ်နိုင်မှုနှင့် ဝန်ထမ်းများ ပြန်လည်တာဝန်ထမ်းဆောင်နိုင်မှု အခြေအနေ၊

*စာမျက်နှာ ၅ သို့*

❂ **မိမိတို့နိုင်ငံတွင် အဖိုးတန်သဘာဝတွင်းထွက်ပစ္စည်းများစွာရှိပြီး အကျိုးရှိစွာအသုံးချနိုင်ရန်လို၊ ဆောက်လုပ်ရေးလုပ်ငန်းအတွက် လိုအပ်သည့် ဘိလပ်မြေထုတ်လုပ်ရေးလုပ်ငန်းများကို ဆောင်ရွက် လျက်ရှိသော်လည်း အကြောင်းအမျိုးမျိုးကြောင့် ထုတ်လုပ်မှုကုန်ကျ စရိတ်များပြားသဖြင့် အပြည့်အဝထုတ်လုပ်နိုင်မှု မရှိသေး၊ ပြည်တွင်း လိုအပ်ချက်အား ပြည်ပမှ တင်သွင်းခြင်းထက် ပြည်တွင်းရှိ စက်ရုံ များကို အပြည့်အဝလည်ပတ်၍ အတတ်နိုင်ဆုံး ထုတ်လုပ်ပေးနိုင်မည် ဆိုပါက ပြည်ပငွေကုန်ကျမှုများစွာ လျော့နည်းသွားမည်ဖြစ်ပြီး ပြည်တွင်းစီးပွားရေးကောင်းမွန်လာမည်ဖြစ်**

## ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာများ တိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိ

မိမိတို့အနေဖြင့် နိုင်ငံတိုးတက်ရေးအတွက် အမြဲမပြတ်ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ အနေဖြင့်လည်း အမြဲမပြတ်ကြိုးစားလေ့လာသင်ကြား၊ သင်ယူနေမည်ဆိုပါက ပညာရေးကဏ္ဍနှင့်ပတ်သက်၍ တိုးတက်မှုများ ရရှိမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာများ တိုးတက်အောင် ဆောင်ရွက်ပေးလျက် ရှိကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၇-၁-၂၀၂၂ ရက်နေ့တွင် အဆင့်မြင့်ပညာကဏ္ဍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

## ❖ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တာဝန်ရှိသူများအနေဖြင့် အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ်ကောင်းမွန်ရေးနှင့် မြို့ပတ်ရထားများ အပြည့်အဝပြေးဆွဲနိုင်ရေးကို အလေးထားစီစဉ်ဆောင်ရွက်

*စာမျက်နှာ ၄ မှ*

ပြည်သူများ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပြီးစီးမှုအခြေအနေ၊ အိုမီခရွန် ကူးစက်ပြန့်ပွားမှုနည်းပါးရေးအတွက် ထိန်းချုပ်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ၊ စားနပ်ရိက္ခာဖူလုံမှုရှိစေရေး စိုက်ပျိုးထုတ်လုပ်နေမှုအခြေအနေ၊ ဒေသအလိုက် ရင်းနှီးမြှုပ်နှံမှုနှင့် အလုပ်အကိုင်ရရှိမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘဏ္ဍာငွေအလေအလွင့်နည်းပါးရေးအတွက် ချွေတာရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍မှာကြားရာတွင် မိမိတို့နိုင်ငံ၌ စိုက်ပျိုးမြေများပြားစွာရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက် မြေကို အကျိုးရှိရှိအသုံးချနိုင်ရန်လိုအပ်ကြောင်း၊ လယ်စိုက်ပျိုးရာတွင် တစ်ဧကအထွက်နှုန်း ပိုမိုကောင်းအောင် စိုက်ပျိုးနိုင်ပါက မိမိတို့နိုင်ငံ၏ လက်ရှိလူဦးရေအတွက် စားနပ်ရိက္ခာဖူလုံရေးထက်ပင် ပိုလျှံနိုင်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ စိုက်ပျိုးမြေများ လျော့နည်းမှု မရှိစေရေးအတွက် အခြားနည်းဖြင့် အသုံးပြုမှုများကို အတတ်နိုင်ဆုံး မဖြစ်မနေ အခြေအနေမှသာ ဆောင်ရွက်ကြစေလိုကြောင်း၊ အလားတူ ရေကိုလည်း စိုက်ပျိုးရေးအတွက် အကျိုးရှိရှိအသုံးချစေလိုကြောင်း၊ နိုင်ငံအတွင်း စီးဆင်းနေသည့် မြစ်၊ ချောင်းများမှ ရေကို နွေ၊ မိုး၊ ဆောင်း စိုက်ပျိုးရေးလုပ်ငန်းများနှင့် လူသားအကျိုးပြုလုပ်ငန်းများတွင် အကျိုးရှိရှိ အသုံးချကြစေလိုပြီး ယင်းသို့ အသုံးချနိုင်ပါက ပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ အဆိုပါ မြစ်၊ ချောင်းများတွင် လျှပ်စစ်ထုတ်လုပ်နိုင်ပါက ဓာတ်အားမဂ္ဂါဝပ် ၄၀၀၀၀ ကျော် ထုတ်လုပ်နိုင်မည်ဟု ပညာရှင်များက ခန့်မှန်းထားကြောင်း၊ ထို့ပြင် မိမိတို့နိုင်ငံတွင် လျှပ်စစ်ထုတ်လုပ်နိုင်သည့် အခြေအနေများလည်း များစွာရှိကြောင်း၊ လျှပ်စစ်မီးနှင့် စက်သုံးဆီချွေတာရေးကိစ္စနှင့် စပ်လျဉ်း၍ လျှပ်စစ်မီးသုံးစွဲရာတွင် ဓာတ်အားသုံးစွဲမှုကို လျော့နည်းစေသည့် လျှပ်စစ်ပစ္စည်းများကို သုံးစွဲခြင်းအားဖြင့် လျှပ်စစ်ဓာတ်အားကို အသုံးပြုသည့် ရာခိုင်နှုန်းများစွာ လျော့နည်းသွားမည်ဖြစ်ပြီး ငွေကြေးကုန်ကျမှု သက်သာစေမည်ဖြစ်ကြောင်း၊ စက်သုံးဆီကို ပြည်ပမှ အများဆုံး မှာယူတင်သွင်းနေရသည့်အတွက် နှစ်စဉ်တိုင်းပြည်မှ နိုင်ငံခြားငွေများစွာ သုံးစွဲနေရကြောင်း၊ သို့ဖြစ်၍ အမှန်တကယ်သုံးစွဲရန်လိုအပ်သည့် ကိစ္စရပ်များ၌သာ သုံးစွဲကြစေလိုကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် တာဝန်ရှိသူများအနေဖြင့် အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ်ကောင်းမွန်ရေးနှင့် မြို့ပတ်ရထားများ အပြည့်အဝပြေးဆွဲနိုင်ရေးကို အလေးထားစီစဉ်ဆောင်ရွက်သွားစေလိုကြောင်း၊ ထို့ပြင် ကုန်စည်ပို့ဆောင်မှုကောင်းမွန်စေရေးအတွက် ရထားများ ပုံမှန်ပြေးဆွဲနိုင်ရေး၊ ဘူတာရုံများ စနစ်တကျရှိစေရေး ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ရထားလမ်းနှင့် ကားလမ်းနယ်နိမိတ်များအတွင်းသို့ ကျူးကျော်ဝင်ရောက်နေထိုင်မှုမရှိစေရေး တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်သွားရန် လိုကြောင်း၊ နိုင်ငံတည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ခြိုးခြံချွေတာ၍ စနစ်တကျသုံးစွဲရေးကို တာဝန်ရှိသူများက အလေးထား ဆောင်ရွက်သွားရန်လိုကြောင်း၊ သို့မှသာ နိုင်ငံပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည့်အတွက် တာဝန်ရှိသူအားလုံးအနေဖြင့် ရင်းရင်းနှီးနှီး တိုင်တိုင်ပင်ပင် ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## အမ်းတပ်နယ်၌ (၃၇)ကြိမ်မြောက် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲနှင့် ဆုပေးပွဲပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် အမ်းတပ်နယ်၌ (၃၇)ကြိမ်မြောက် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို ယနေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌ ပြုလုပ်ရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်ကျော်မင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင်အသင်းများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယတိုင်းမှူးက အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်အသင်းများ၏ မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲ ယှဉ်ပြိုင်မှုများကို လိုက်လံကြည့်ရှုအားပေးသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ဆုရရှိကြသည့် အသင်းများအား ဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြကြောင်းနှင့် အဆိုပါ ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၂၁ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်မြို့တွင် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားကျင်းပ

**ပြည် ဖေဖော်ဝါရီ ၁၃**

၂၀၂၂ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ် နိုင်ငံတော်အလံတင်အခမ်းအနားကို ပဲခူးတိုင်းဒေသကြီး ပြည်မြို့ သီရိခေတ္တရာရတနာမြို့တော်ခန်းမ၌ ယမန်နေ့နံနက် ၅ နာရီခွဲက ကျင်းပခဲ့သည်။

ရှေးဦးစွာ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် နိုင်ငံတော်အလံအား တိုင်ထိပ်သို့လွှင့်တင်ပြီး တက်ရောက်လာသော ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များက နိုင်ငံတော်အလံကို ငြိမ်သက်စွာ ဦးညွှတ်အလေးပြု၍ (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ်နိုင်ငံတော်အလံတင်အခမ်းအနားကို အောင်မြင်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**



# ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ ဂုဏ်ပြုယာဉ်များ ခင်းကျင်းပြသထားမှု ပြည်ထောင်စုဝန်ကြီးများ ကြည့်ရှုအားပေး

**နေပြည်တော်  ဖေဖော်ဝါရီ ၁၃**

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ဂုဏ်ပြုအခမ်းအနားတွင် ပါဝင်ပြသခဲ့သည့် ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ ဂုဏ်ပြုယာဉ်များအား ပြည်သူများလေ့လာနိုင်ရန် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ရှေ့ တပေါင်းကွင်း၌ ခင်းကျင်းပြသထားရာ ယနေ့ ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ လာရောက်ကြည့်ရှုအားပေးကြသည်။



ကချင်ပြည်နယ် ရိုးရာယဉ်ကျေးမှုအဖွဲ့များက ကချင်ရိုးရာအကအလှများဖြင့် ကပြဖျော်ဖြေကြရာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် အဖွဲ့ဝင်များ ပြည်သူများနှင့်အတူ ပါဝင်ဆင်နွှဲကြစဉ်။

### လှည့်လည်ကြည့်ရှု

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဇနီး ၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ ဒုတိယဝန်ကြီး ဦးရဲတင့်နှင့် ဦးဇော်အေးမောင်နှင့် နေပြည်တော်ကောင်စီဝင်များက တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ခင်းကျင်းပြသထားသည့် ဂုဏ်ပြုယာဉ်များနှင့် ရိုးရာယဉ်ကျေးမှုအလိုက် ကပြဖျော်ဖြေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

### ပါဝင်ဆင်နွှဲ

ထို့နောက် ကချင်ပြည်နယ်ကိုယ်စားပြု ဂုဏ်ပြုယာဉ်ရှေ့၌ ကချင်ပြည်နယ် ရိုးရာယဉ်ကျေးမှုအဖွဲ့များက ကချင်ရိုးရာအကအလှများဖြင့် ကပြဖျော်ဖြေကြရာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဦးစောထွန်းအောင်မြင့်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ဒုတိယဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဝင်များက ပြည်သူများနှင့်အတူ ပါဝင်ဆင်နွှဲကြသည်။

### ရောင်းချပေးနေမှုကို ကြည့်ရှု

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြပွဲလာပြည်သူများ ဝယ်ယူအားပေးနိုင်ရန်နှင့် သုံးဆောင်နိုင်ရန်အတွက် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဆိုင်များဖွင့်လှစ်၍ တိုင်းရင်းသားရိုးရာအစားအစာများ ရောင်းချပေးနေမှုကို ကြည့်ရှုအားပေးသည်။

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားတွင် ပါဝင်ပြသခဲ့သည့် ဂုဏ်ပြုယာဉ်များပေါ်တွင် ပြည်သူများ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို ချစ်ခင်တန်ဖိုးထားတတ်စေရန် ရည်ရွယ်၍ မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားများ၏ အထိမ်းအမှတ်များ၊ လူနေမှုစရိုက်များ၊ ဓလေ့ထုံးတမ်းအစဉ်အလာများနှင့် ဒေသထုတ်ကုန်များကို သရုပ်ဖော်ပြသပေးထားရာ လူငယ်များ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ ဒေသခံပြည်သူများ စိတ်အားထက်သန်စွာ လေ့လာကြသည်။

### လာရောက်ကြည့်ရှုလေ့လာနိုင်

ထို့ပြင် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် တိုင်းရင်းသားရိုးရာအစားအစာများကိုလည်း ရောင်းချပေးလျက်ရှိရာ တစ်ချိန်တည်းတွင် တိုင်းရင်းသားအစားအစာများကို စားသုံးနိုင်သည့် အခွင့်အရေးဖြစ်သည့်အတွက် ပြည်သူများ စိတ်ဝင်တစား ကြိတ်ကြိတ်တိုးဝယ်ယူသုံးဆောင်ကြသည်။

ဂုဏ်ပြုယာဉ်များ ခင်းကျင်းပြသခြင်းနှင့် တိုင်းရင်းသားရိုးရာအစားအစာများ ရောင်းချခြင်းကို ဖေဖော်ဝါရီ ၁၅ ရက်အထိ နံနက် ၈ နာရီမှ ည ၈ နာရီအတွင်း လာရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရှိရသည်။

**သတင်းစဉ်**




(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ဂုဏ်ပြုအခမ်းအနားတွင် ပါဝင်ပြသခဲ့သည့် ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ ဂုဏ်ပြုယာဉ်များအား ပြည်သူများ စိတ်ဝင်တစား လာရောက်ကြည့်ရှုနေမှုကို တွေ့ရစဉ်။

❖ *ကျောဖုံးမှ*

တွေ့ဆုံဆွေးနွေးပွဲသို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးဝန်ကြီးဌာန (၁) ပြည်ထောင်စုဝန်ကြီး၊ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ကော်မတီအဖွဲ့ဝင်များ၊ NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၊ NCA လက်မှတ်ရေးထိုးထားခြင်းမရှိသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ စုစုပေါင်း ကိုးဖွဲ့မှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ ဗဟိုကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌက တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကို ငြိမ်းချမ်းရေး ဆွေးနွေးရန် ဖိတ်ခေါ်ထားမှု အခြေအနေ၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေး ကိစ္စများ၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများ၊ နှစ်ဖက်ဆက်လက် တွေ့ဆုံညှိနှိုင်းရေး ကိစ္စများ၊ ဆက်လက်ဆောင်ရွက်မည့် ငြိမ်းချမ်းရေးလုပ်ငန်းကိစ္စများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသည့် တိုင်းရင်းသား လက်နက်ကိုင် ကိုယ်စားလှယ်များမှ တစ်ဖွဲ့ချင်းစီ၏ သဘောထားများကို အလွတ်သဘော ဆွေးနွေးပြောကြားခဲ့သည်။

မွန်းလွဲပိုင်းတွင် ညှိနှိုင်းရေးကော်မတီသည် တက်ရောက်လာကြသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အားလုံးအား သီးခြားစီတွေ့ဆုံကာ နယ်မြေ တည်ငြိမ်အေးချမ်းရေး ကိစ္စများ၊ ဒေသဖွံ့ဖြိုးရေး၊ ကျန်းမာရေးနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ သီးခြားစီ တွေ့ဆုံဆွေးနွေးစဉ်။

# ဘားအံ၌ မြန်မာနိုင်ငံကလေးများနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**ဘားအံ ဖေဖော်ဝါရီ ၁၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကရင်ပြည်နယ်လူမှုဝန်ထမ်း ဦးစီးဌာနနှင့် ကရင်ပြည်နယ်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီတို့ ပူးပေါင်းကျင်းပသော ၂၀၂၂ ခုနှစ် မြန်မာနိုင်ငံကလေးများနေ့ အထိမ်းအမှတ် အခမ်းအနားကို ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၁၀ နာရီခန့်က ဘားအံမြို့ ဖွဲကပင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစိုးလွင်က ကရင်ပြည်နယ်အတွင်း လူမှုဝန်ထမ်းဦးစီးဌာနနှင့် ဆက်စပ်ဌာနများ၊ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီများမှ ကလေးသူငယ်အခွင့်အရေးများဖြစ်သော အသက်ရှင်သန်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်၊ ကာကွယ်စောင့်ရှောက်ခံပိုင်ခွင့်၊ ပူးပေါင်းပါဝင်ဆောင်ရွက်ခွင့် စသည့် ကလေးသူငယ် အခွင့်အရေး (၄) ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အနာဂတ်မျိုးဆက်သစ် ကလေးငယ်များအတွက် မိမိတို့မျှော်လင့်ရည်မှန်းရာ လှပသောအနာဂတ်ဖြစ်လာစေရေး ဖန်တီးပေးရမည်ဖြစ်ကြောင်း၊ ကလေးသူငယ်များ၏ မွေးရာပါအခွင့်အရေးမဆုံးရှုံးစေရေး၊ ကလေးသူငယ်များ၏ အခွင့်အရေးများ ကလေးများအားလုံး လက်လှမ်းမီတန်းတူရရှိနိုင်ရေးအတွက် တာဝန်ရှိသူများက အစွမ်းကုန်ဆောင်ရွက်ပေးကြရန်နှင့် သက်ဆိုင်ရာကဏ္ဍအသီးသီးမှနေ၍ စဉ်ဆက်မပြတ် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးသိန်းကိုကို၊ ပြည်နယ်လူမှုရေးရာဝန်ကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက မြန်မာနိုင်ငံကလေးများနေ့ အကြိုလှုပ်ရှားမှု မူလတန်းကြိုကျောင်းပေါင်းစုံ (ကဗျာ၊ ပုံပြင်၊ သီချင်း၊ ဆေးရောင်ခြယ်) ပြိုင်ပွဲများတွင် ဆုရရှိသောရင်သွေးငယ်လေးများကို ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အမှတ်(၁)ဘားအံ မူလတန်းကြိုကျောင်းမှ ရင်သွေးငယ်လေးများက ပုံပြင်သရုပ်ဖော်ဖြင့် ဖျော်ဖြေတင်ဆက်ရာ ပြည်နယ်ဥပဒေချုပ် ဦးရဲလွင်၊ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင် ဒေါ်ပွင့်ဦးဟန်တို့က အမှတ်တရလက်ဆောင်များနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ပြီး မြန်မာနိုင်ငံ ကလေးများနေ့အကြို လှုပ်ရှားမှု မူလတန်းကြိုကျောင်းပေါင်းစုံ ကဗျာ၊ ပုံပြင်၊ သီချင်းဆိုပြိုင်ပွဲများတွင် ပထမဆုရရင်သွေးငယ်လေးများက ပြန်လည်တင်ဆက်သရုပ်ပြခဲ့ကြရာ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ခဲ့ကြကာ ဆုရရင်သွေးငယ်လေးများ၏ ဆေးရောင်ခြယ်လက်ရာများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။




**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# သီပေါမြို့နယ်၌ (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ နိုင်ငံတော်အလံအလေးပြုပွဲနှင့် သဝဏ်လွှာ ဖတ်ကြား

**သီပေါ ဖေဖော်ဝါရီ ၁၃**

(၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ် နိုင်ငံတော်အလံအလေးပြုပွဲနှင့် သဝဏ်လွှာ ဖတ်ကြားခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက်ပိုင်းက ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် ဒုဋ္ဌဝတီပြည်သူ့ အားကစားကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အလံအား ဂုဏ်ပြုတပ်ဖွဲ့က အခြေခံပညာ အထက်တန်းကျောင်း ဘင်ခရာတပ်ဖွဲ့နှင့်အတူ အခမ်းအနား တက်ရောက်လာကြသူများက အလေးပြုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ပေးပို့သော စိန်ရတုပြည်ထောင်စုနေ့ သဝဏ်လွှာကို မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးအောင်စိုးဝင်းက ဖတ်ကြားသည်။

ဆက်လက်၍ ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် ကျင်းပသော အခြေခံပညာ အထက်တန်းအဆင့် စာစီစာကုံး၊ ပန်းချီ၊ ကျပန်းစကားပြောပြိုင်ပွဲတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများ၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ကြက်တောင်ပြိုင်ပွဲများတွင် ဆုရရှိသူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂုဏ်ပြုလွှာနှင့် ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ( ၇၅ ) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနား ပြင်ဦးလွင်မြို့၌ ကျင်းပ

**ပြင်ဦးလွင် ဖေဖော်ဝါရီ ၁၃**

၂၀၂၂ ခုနှစ် ( ၇၅ ) နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ အခမ်းအနားကို ယမန်နေ့နံနက် ၇ နာရီ ၄၅ မိနစ်က ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး (၆) တိုင်းရင်းသား အထိမ်းအမှတ်ဥယျာဉ်ရှိ ပြည်ထောင်စုရင်ပြင်ရှေ့၌ ကျန်းမာရေး ညွှန်ကြားချက်များနှင့်အညီ ကျင်းပရာ တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ဆုရ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံမှ ၂၀၂၂ ခုနှစ် (၇၅ ) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ကျော်ထွန်းက ဖတ်ကြားပြီး ၂၀၂၂ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ် ခရိုင်အဆင့် စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲ၊ ဆောင်းပါး၊ ပန်းချီပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲများမှ ဆုရရှိကြသော အခြေခံပညာ အထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများကို တာဝန်ရှိသူများက ဆုများ ချီးမြှင့်သည်။ ယင်းနောက် ကျောင်းသား ကျောင်းသူလေးများက ပဒေသာအကဖြင့် ဖျော်ဖြေတင်ဆက်ကာ အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ပြီး (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**ခရိုင် ( ပြန်/ဆက် )**

## ထူးခြားသည့် ညအပူချိန်

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၀ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့၊ ဟဲဟိုးမြို့၊ လွိုင်လင်မြို့ နှင့် မိုင်းယန်းမြို့တို့တွင် ၂ ဒီဂရီစင်တီဂရိတ်စီ၊ ပင်လောင်းမြို့တွင် ၃ ဒီဂရီစင်တီဂရိတ်နှင့် ကျောက်မဲမြို့၊ တီးတိန်မြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မြစ်ကြီးနားမြို့နှင့် ဗန်းမော်မြို့တို့တွင် ၀ ဒသမ ၀၈ လက်မစီနှင့် ကော့သောင်းမြို့တွင် ၀ ဒသမ ၀၄ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကို (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ဂုဏ်ပြုအခမ်းအနားတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများ၊ ကူညီပံ့ပိုးပေးခဲ့သည့်ပုဂ္ဂိုလ်များနှင့် ပါဝင်ဖျော်ဖြေခဲ့ကြသည့်ပုဂ္ဂိုလ်များကို ဂုဏ်ပြုသည့်အခမ်းအနားသို့ တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၁၃

**(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ဂုဏ်ပြုအခမ်းအနားတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဝန်ကြီးရုံးအပါအဝင် ဦးစီးဌာန ၁၀ ခုတို့မှ ဝန်ထမ်းများ၊ (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ် လူငယ်နှင့်စာပေပွဲတော် ဖျော်ဖြေရေးအစီအစဉ်တွင် ပါဝင်ဖျော်ဖြေခဲ့ကြသည့် ဝန်ထမ်းများ ဂုဏ်ပြုသည့်အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပသည်။ (ယာပုံ)**



အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ဒုတိယဝန်ကြီး ဦးအေးထွန်းနှင့် ဦးထွန်းအုံးနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများ၊ ကူညီပံ့ပိုးပေးခဲ့သည့် ပုဂ္ဂိုလ်များကို ဂုဏ်ယူအသိအမှတ်ပြုပါကြောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဝန်ထမ်းများသည် ဝန်ကြီးဌာနစိတ်ဓာတ်၊ အနုပညာသမားပီသသော အနုပညာသည်စိတ်ဓာတ်၊ နိုင်ငံ့ဝန်ထမ်းကောင်း ပီသသော နိုင်ငံ့ဝန်ထမ်းစိတ်ဓာတ်အပြည့်အဝဖြင့် မိမိဝန်ကြီးဌာနက ဆောင်ရွက်ရသောလုပ်ငန်းတာဝန်များကို အပြည့်အဝထမ်းဆောင်ခဲ့ကြသည်ကို မြင်တွေ့ရပါကြောင်းနှင့် ဂုဏ်ပြုချီးမွမ်းထိုက်သူများ ဖြစ်ကြပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုနှင့် တာဝန်ရှိသူများက (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန၊ ဝန်ကြီးရုံးအပါအဝင် ဦးစီးဌာန ၁၀ခုတို့မှ ဝန်ထမ်းများ၊ ပြည်နယ်/ တိုင်းဒေသကြီးများ၏ အမည်စာလုံး သရုပ်ဖော်ဆောင်ရွက်နိုင်ရေး ပါဝင်ကြီးကြပ်ခဲ့သော အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)မှ ပါမောက္ခချုပ်နှင့် ဝန်ထမ်းများ၊ (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ်လူငယ်နှင့် စာပေပွဲတော် ဖျော်ဖြေရေး အစီအစဉ်တွင် ပါဝင်ဖျော်ဖြေခဲ့ကြသည့် အနုပညာဦးစီးဌာနမှ အငြိမ်းစား ဂီတပညာရှင် သုံးဦးနှင့် အနုပညာရှင်ဝန်ထမ်းများ၊ (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ တက်ရောက်ရန် လာရောက်ကြသော တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့မှ တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များကို ကြီးကြပ်ကူညီဆောင်ရွက်ပေးခဲ့သည့် အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (ရန်ကုန်)မှ ဒုတိယပါမောက္ခချုပ်နှင့် နည်းပြများ၊ (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ညစာစားပွဲအခမ်းအနားတွင် နောက်ခံ LED ပုံရိပ်ပိုင်းဆိုင်ရာများကို ကူညီပံ့ပိုးဆောင်ရွက်ပေးခဲ့သော Myanmar Computer Company L.td.(MCC)မှ ကျောင်းအုပ် ဦးကျော်သက်အောင်နှင့် နည်းပြများအတွက် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ရာ သက်ဆိုင်ရာ ပုဂ္ဂိုလ်များက လက်ခံရယူခဲ့ကြပြီး အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)မှ ပါမောက္ခချုပ် ဦးအောင်ဆန်းဦးက ဦးစီးဌာနများ၏ကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကချင်ပြည်နယ်ရိုးရာယဉ်ကျေးမှုအဖွဲ့ နေပြည်တော်ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာ

နေပြည်တော် ဖေဖော်ဝါရီ ၁၃

**နေပြည်တော်၌ ကျင်းပသည့် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားတွင် ပါဝင်ဆင်နွှဲခဲ့ကြသည့် ကချင်ပြည်နယ် ရိုးရာယဉ်ကျေးမှုအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာကြသည်။**



**ကချင်ပြည်နယ် ရိုးရာယဉ်ကျေးမှုအဖွဲ့ တပ်မတော်စစ်သမိုင်း ပြတိုက်အတွင်း လေ့လာကြည့်ရှုစဉ်။**

ရှေးဦးစွာ ကချင်ပြည်နယ် ရိုးရာယဉ်ကျေးမှု အဖွဲ့သည် မြန်မာ့ ကျောက်မျက်ရတနာ ပြတိုက် (နေပြည်တော်)သို့ သွားရောက်၍ ပြခန်းမဆောင်အတွင်း ခင်းကျင်း ပြသထားသည့် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ၊ ငွေထည်နှင့် သယံဇာတပစ္စည်းများကို လေ့လာကြည့်ရှုကြသည်။

ထို့နောက် ယဉ်ကျေးမှုအဖွဲ့သည် နေပြည်တော် လွှတ်တော် အဆောက်အအုံများကို ဆက်လက်လေ့လာကြရာ ပြည်ထောင်စု လွှတ်တော် ဧည့်ကြိုဆိုရေး အဆောင်၌ ပြသထားသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အထိမ်းအမှတ်ဖြစ်သော ယွန်းထည် ဆွမ်းအုပ်ကြီးနှင့် သစ်အမျိုးအစား ၆၂ မျိုးတို့ကို ကြည့်ရှုကြပြီး မှတ်တမ်း တင်ဓာတ်ပုံများရိုက်ကြသည်။

ယင်းနောက် ပြည်ထောင်စု လွှတ်တော် အစည်းအဝေးခန်းမ၊ ပြည်သူ့လွှတ်တော် အစည်းအဝေး ခန်းမနှင့် အမျိုးသားလွှတ်တော် အစည်းအဝေး ခန်းမများသို့ လေ့လာကြရာ တာဝန်ရှိသူများက လွှတ်တော်အသီးသီး၏ လုပ်ငန်းဆောင်ရွက်ပုံနှင့် လွှတ်တော်ရေးရာ ဗဟုသုတများကို ရှင်းလင်းပြောကြားသည်။

ထိုမှတစ်ဆင့် ယဉ်ကျေးမှုအဖွဲ့သည် အမျိုးသားပြတိုက်၊ ဆာဖာရီဥယျာဉ်နှင့် တပ်မတော်စစ်သမိုင်း ပြတိုက်များသို့လည်း ဆက်လက် လေ့လာ ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



ကချင်ပြည်နယ် ရိုးရာယဉ်ကျေးမှုအဖွဲ့ ဆာဖာရီဥယျာဉ်အတွင်း လေ့လာကြည့်ရှုစဉ်။



ကချင်ပြည်နယ် ရိုးရာယဉ်ကျေးမှုအဖွဲ့ အမျိုးသားပြတိုက်အတွင်း လေ့လာကြည့်ရှုစဉ်။

# ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး/ပြည်နယ်များမှ ဂုဏ်ပြုယာဉ်များ ပြသပေးနေမှုနှင့် တိုင်းရင်းသားရိုးရာအစားအစာများ ရောင်းချပေးမှုအပေါ် ပြည်သူများ၏ ဝမ်းသာပီတိစကားသံများ

သတင်း - ခေတ်လူငယ်၊ ဓာတ်ပုံ - ကိုကိုထိန်



မအေးအေးသန့်



မချိုချိုလတ်



ဦးမျိုးဦး



ဦးကျော်သူနှင့်မိသားစု

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ဂုဏ်ပြုအခမ်းအနားတွင် ပါဝင်ပြသခဲ့သည့် ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ ဂုဏ်ပြုယာဉ်များအား နေပြည်တော်ဥပ္ပါတသန္တိစေတီတော်ရှေ့ တပေါင်းကွင်း၌ ခင်းကျင်းပြသထားသည့်အပြင် တိုင်းရင်းသားရိုးရာအစားအစာများကိုလည်း သတ်မှတ်နေရာများအလိုက် ရောင်းချပေးလျက်ရှိရာ လာရောက်လေ့လာ ကြည့်ရှုသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ယခုကဲ့သို့ ဂုဏ်ပြုယာဉ်များနှင့် တိုင်းရင်းသားရိုးရာအစားအစာဆိုင်များဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပပေးမှုနှင့်ပတ်သက်၍ ဂုဏ်ပြုယာဉ်များနှင့်အတူ ပါဝင်ကပြဖျော်ဖြေကြသည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဖွဲ့များ၊ တိုင်းရင်းသားရိုးရာအစားအစာရောင်းချသူများ၊ လာရောက်လေ့လာကြည့်ရှုကြသည့် ပြည်သူများနှင့် တွေ့ဆုံ၍ ၎င်းတို့၏ ရင်တွင်းစကားသံများကို မှျဝေလိုက်ရပါသည်။



(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ဂုဏ်ပြုအခမ်းအနားတွင် ပါဝင်ပြသခဲ့သည့် ဂုဏ်ပြုယာဉ်များနှင့် ရိုးရာယဉ်ကျေးမှုအဖွဲ့များ ကပြဖျော်ဖြေနေမှုကို လေ့လာကြည့်ရှုသူများဖြင့် စည်ကားနေစဉ်။

**မဂျူးဂျူး( မကွေးတိုင်းဒေသကြီးယဉ်ကျေးမှုအဖွဲ့)**

စိန်ရတု ဂုဏ်ပြုအခမ်းအနားမှာ ကပြဖျော်ဖြေခွင့်ရတာ ကိုယ့်ကိုယ်ကိုယ် အားရမှုရှိသလို ဒီပြပွဲကြီးမှာလည်း ပြည်သူတွေကို ကပြဖျော်ဖြေခွင့်ရတဲ့အတွက် အတိုင်းမသိဝမ်းသာမိပါတယ်။ ပြပွဲကို ပြည်သူတော်တော်များများလာကြပြီး စည်စည်ကားကားဖြစ်သွားတာတွေ့ရတော့ ပျော်ရွှင်မိပါတယ်။ ပြပွဲနောက်ဆုံးနေ့အထိ အားရပါးရ ကပြဖျော်ဖြေသွားမှာပါ။ တိုင်းရင်းသားအစားအစာတွေကိုလည်း ဈေးနှုန်းချိုသာစွာနဲ့ ရောင်းချပေးနေပါတယ်။ ဒါကြောင့် ပြည်သူတွေလာရောက်ဝယ်ယူအားပေးကြပါလို့ နှိုးဆော်ပါတယ်။



(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ဂုဏ်ပြုအခမ်းအနားတွင် ပါဝင်ပြသခဲ့သည့် ဂုဏ်ပြုယာဉ်များကို လေ့လာကြည့်ရှုသူများဖြင့် စည်ကားနေစဉ်။

**မအေးအေးသန့်(ပြပွဲလေ့လာကြည့်ရှုသူ)**

ဒီပြပွဲလာကြည့်ရတာ တိုင်းဒေသကြီးနဲ့ပြည်နယ်တွေကို ကိုယ်တိုင်ရောက်သွားသလို ခံစားရပါတယ်။ တိုင်းရင်းသားရိုးရာ အစားအစာတွေကိုလည်း တစ်နေရာတည်းမှာ စားခွင့်ရတဲ့အတွက် ပျော်ရွှင်မိပါတယ်။ ပြီးတော့ ကချင်ပြည်နယ်ရိုးရာယဉ်ကျေးမှုအဖွဲ့ရဲ့ ကချင်ရိုးရာအကအလှတွေနဲ့ ဖျော်ဖြေမှုဟာ ပျော်စရာကောင်းတဲ့အပြင် ကိုယ်တိုင်ပါဝင်ဆင်နွှဲခွင့်ရတဲ့အတွက် ပျော်စရာကောင်းပါတယ်။ ဒီပြပွဲကို လာရောက်လေ့လာခြင်းအားဖြင့် အသိအမြင် ဗဟုသုတတွေ၊ ဒေသန္တရ ဗဟုသုတတွေများစွာ ရရှိမယ်လို့ ကျွန်မယုံကြည်ပါတယ်။ ဒါကြောင့် မိတ်ဆွေတို့အနေနဲ့ အခွင့်အရေးကို လက်လွှတ်မခံဘဲ လာရောက် လေ့လာကြဖို့ တိုက်တွန်းလိုပါတယ်။

*စာမျက်နှာ ၁၀ သို့*

*စာမျက်နှာ ၉ မှ*

**မချိုချိုလတ်(ပြပွဲလေ့လာကြည့်ရှုသူ)**

စိန်ရတုပြည်ထောင်စုနေ့ပွဲမှာ တိုင်းဒေသကြီး/ပြည်နယ်တွေက ကိုယ်စားပြုဂုဏ်ပြုယာဉ်တွေ ပါဝင်မယ်လို့သိရပါတယ်။ ဒီလိုသိရကတည်းက ဂုဏ်ပြုယာဉ်တွေကို စုစည်းပြီး ပြည်သူတွေကို ပြန်လည်ပြသပေးရင် ကောင်းမယ်လို့ စိတ်ထဲတွေးမိဖူးတယ်။ အခုတော့ ဆန္ဒတွေပြည့်ဝခဲ့ပါတယ်။ ပြပွဲရောက်တဲ့အခါမှာလည်း ခမ်းခမ်းနားနားနဲ့ ပြင်ဆင်ထားတာတွေ့ရတော့ အတိုင်းမသိဝမ်းသာမိပါတယ်၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့တွေကလည်း ရိုးရာအကအလှတွေနဲ့ ဖျော်ဖြေတဲ့အပြင် ကိုယ်တိုင်ဝင်ရောက် ဆင်နွှဲခွင့်ရတဲ့အတွက်လည်း ပျော်ရွှင်မိပါတယ်။ ဒီလိုအလှပြယာဉ်တွေကို မြင်ဖူးတာ ကျွန်မအတွက် ပထမဆုံးဖြစ်ပါတယ်။ တိုင်းရင်းသားရိုးရာ အစားအစာတွေကိုလည်း စားသုံးရတာ အရသာရှိပါတယ်။ နောက်ပြီး ဂုဏ်ပြုယာဉ်တွေအပေါ်မှာ တိုင်းရင်းသားပေါင်းစုံရဲ့ အထင်ကရနေရာတွေ၊ အထိမ်းအမှတ်တွေ၊ ဓလေ့ထုံးတမ်း အစဉ်အလာတွေကို စုစည်းပြသထားတဲ့အတွက်လည်း ဗဟုသုတ များစွာရရှိပါတယ်။

**ဦးမျိုးဦး(ပြပွဲလာရောက်ကြည့်ရှုသူ)**

ဒီလိုပွဲမျိုးကိုလာရောက်ကြည့်ရှုခွင့်ရတဲ့အတွက် ဝမ်းသာပီတိဖြစ်မိပါတယ်။ တိုင်းရင်းသားပေါင်းစုံရဲ့ အထိမ်းအမှတ်တွေနဲ့ အထင်ကရနေရာတွေကို ကြည့်ခွင့်ရတဲ့အတွက် ကလေးတွေအတွက်လည်း ဗဟုသုတတွေရပါတယ်။ ဒီလိုပြည်နယ်နဲ့ တိုင်းဒေသကြီးတွေရဲ့ အထင်ကရနေရာတွေကိုတစ်စုတစ်စည်းတည်းတွေ့ရတာ ပထမဆုံးအကြိမ်ဖြစ်ပါတယ်။ တိုင်းရင်းသားအစားအစာတွေနဲ့ အထိမ်းအမှတ်တွေကို အခုလိုတွဲဖက်မြင်ရတော့ အဲဒီပြည်နယ်တွေကို ရောက်သွားသလို ခံစားရပါတယ်။ နောင်နှစ်တွေမှာလည်း ဒီလိုမြင်ကွင်းမျိုးတွေ တွေ့ချင်ပါသေးတယ်။



တပေါင်းကွင်း၌ ခင်းကျင်းပြသထားသည့် တိုင်းရင်းသားရိုးရာအစားအစာရောင်းချသည့် ဆိုင်များနှင့် လေ့လာကြည့်ရှုသူများကို တွေ့ရစဉ်။

**ကိုကျော်သူနှင့် မိသားစု (ပြပွဲလာရောက်ကြည့်ရှုသူ)**

ကျွန်တော့်သက်တမ်းနှစ် ၄၀ မှာ ဒီလိုပွဲတော်မျိုး တစ်ခါမှ မသွားဖူးပါဘူး။ ဒီလို ဂုဏ်ပြုယာဉ်တွေနဲ့ ပြတဲ့အတွက် အထူးအဆန်းလည်းဖြစ်တယ်၊ မိသားစုတွေအနေနဲ့လည်း ပိုပြီးပျော်ရွှင်ကြည်နူးစရာကောင်းပါတယ်။ ကလေးတွေကလည်းအထင်ကရနေရာတွေကိုမြင်ရတော့ ဗဟုသုတပိုရပါတယ်။ တိုင်းရင်းသားတွေအစုံပါတဲ့အတွက် တိုင်းရင်းသားအချင်းချင်းချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှုတို့ကို ဖော်ဆောင်ရာလည်း ရောက်ပါတယ်။ တိုင်းရင်းသားရိုးရာ အစားအစာတွေကလည်း အရင်က စားနေကျဖြစ်ပေမယ့် အခုလို တကယ်ရိုးရာလက်ရာစစ်စစ်ကို စားသုံးရတဲ့အတွက် အဲဒီဒေသတွေရဲ့ အငွေ့အသက်လေးတွေကို ပိုပြီးခံစားမိပါတယ်။ နောင်လည်း ဒီလိုတိုင်းရင်းသားချစ်ခင်ရင်းနှီးမှုလေးတွေကို မြင်ချင်ပါတယ်။

**ကိုဟန်လင်း**

**(တိုင်းရင်းသားရိုးရာအစားအစာရောင်းချသူ)**

ဒီနေ့လို ခမ်းနားတဲ့ ပြပွဲမှာ ကျွန်တော်တို့ရဲ့ ဗမာရိုးရာအစားအစာ ပါဝင်ရောင်းချရတဲ့အတွက် အတိုင်းမသိဝမ်းသာမိပါတယ်။ နောက်ပြီး တခြားတိုင်းရင်းသားရိုးရာ အစားအသောက်တွေကိုလည်း စားသုံးခွင့်ရတဲ့အတွက်လည်း ပျော်ရွှင်မိတယ်။ လာရောက်စားသုံးတဲ့ သူတွေကိုလည်း ဈေးနှုန်းချိုသာစွာနဲ့ ရောင်းချပေးပါတယ်။ ဂုဏ်ပြုယာဉ်တွေကိုလည်းလွတ်လွတ်လပ်လပ် ကြည့်ရှုခွင့်ရပါတယ်။ ပြပွဲမှာ ပါဝင်ဆင်နွှဲကြဖို့ တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေကို ပြောကြားလိုပါတယ်။



(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ဂုဏ်ပြုအခမ်းအနားတွင် ပါဝင်ပြသခဲ့သည့် ရိုးရာယဉ်ကျေးမှုအဖွဲ့များ ကပြဖျော်ဖြေနေမှုကို လေ့လာကြည့်ရှုသူများဖြင့် စည်ကားနေစဉ်။



(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ဂုဏ်ပြုအခမ်းအနားတွင် ပါဝင်ပြသခဲ့သည့် ဂုဏ်ပြုယာဉ်များနှင့် ရိုးရာယဉ်ကျေးမှုအဖွဲ့များ ကပြဖျော်ဖြေနေမှုကို လေ့လာကြည့်ရှုသူများဖြင့် စည်ကားနေစဉ်။



(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ဂုဏ်ပြုအခမ်းအနားတွင် ပါဝင်ပြသခဲ့သည့် ဂုဏ်ပြုယာဉ်များကို ပြည်သူများ လာရောက်ကြည့်ရှုလေ့လာစဉ်။

# (၇၅)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် စစ်တွေမြို့ ဓညဝတီဂေါက်ကလပ်၌ ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

(၇၅)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲနှင့် ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၂ ရက်က စစ်တွေမြို့ရှိ ဓညဝတီဂေါက်ကလပ်၌ ပြုလုပ်ရာ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက တီခုံနံပါတ်(၁)မှ ဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးပြီး စတင်ယှဉ်ပြိုင်ကစားကြသည်။ ပြိုင်ပွဲအပြီး ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိကြသူများအား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အားကစားသမား ၅၆ ဦး ပါဝင်ယှဉ်ပြိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာတင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၃

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။**



ယနေ့တွင် လွယ်ဂျယ် ကုန်သွယ်ရေးစခန်းနှင့် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းတို့မှ ကုမ္ပဏီလေးခု၊ ယာဉ်စီးရေ ကိုးစီးဖြင့် နှာခေါင်းစည်း(Mask) ၅၄ တန်ကို တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူ သိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။ **သတင်းစဉ်**



# ပုဏ္ဏားကျွန်းမြို့ စမြို့တော်ဓာတ်နှင့် ဂူဝဘုရား ဗုဒ္ဓပူဇနိယပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ပုဏ္ဏားကျွန်း ဖေဖော်ဝါရီ ၁၃**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့၏ မြောက်ဘက် စစ်တွေ-ရန်ကုန် ကားလမ်းမဘေးတွင် တည်ရှိသော စမြို့တော်ဓာတ်နှင့် ဂူဝဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကို ဂေါပကအဖွဲ့က ကြီးမှူးပြီး ယနေ့ နံနက် ၉ နာရီက ဝိမုတ္တိသုခပြည်လုံးချမ်းသာ လျောင်းတော်မူဘုရားကြီး ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပွဲ၊ သံဃဒါနဆွမ်းကျွေးပွဲ၊ ဆွမ်းဆန်စိမ်း လောင်းလှူပွဲနှင့် အခြား ပျော်ပွဲရွှင်ပွဲတို့ဖြင့် နှစ်စဉ်နှစ်တိုင်း အစဉ်လာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

ဗုဒ္ဓပူဇနိယ ဘုရားပွဲတော်အတွင်း အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးခရီးသည်များဖြင့် အထူးစည်ကားလျက်ရှိပြီး ယနေ့တွင် စမြို့တော်ဓာတ်နှင့် ဂူဝဘုရား စောင်းတန်း တစ်လျှောက်တွင် ပုဏ္ဏားကျွန်းမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းတိုက်များမှ ကြွရောက်တော်မူလာကြသော ဆရာတော်၊ သံဃာတော် အပါး ၂၅၀ ခန့်နှင့် သာသနာ့နွယ်ဝင် သီလရှင် ၂၀ ကျော်တို့ကို စေတနာရှင်ပြည်သူတို့က ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများအား သဒ္ဓါတရား ထက်သန်စွာ လောင်းလှူကြသည်။ **(အပေါ်ပုံ)**

စမြို့တော်ဓာတ် စေတီကို သာသနာသက္ကရာဇ် ၂၂၂ ခုနှစ်တွင် အမြင့်ပေ ၂၃၀ ရှိ သလ္လာမယတောင်ထိပ်တွင် ရခိုင် ဓညဝတီပြည့်ရှင် သူရိယစက္ကမင်းကြီး တည်ထားကိုးကွယ်ခဲ့သော ဗုဒ္ဓဖျာဒိတ်တော်ဝင် စမြို့တော်ဓာတ်စေတီဟု ခေါ်တွင်ခဲ့သော ဓာတ်တော်တစ်ဆူဖြစ်ပြီး ဂူဝဘုရားကိုလည်း ရခိုင်မင်းဗာဘုရင်မင်းမြတ်က ကောဇာသက္ကရာဇ် ၈၉၇ ခုနှစ်တွင် အမြင့် ၂၂ ပေ ရှိသော ကျောက်တုံးကြီးကို ဂူပေါက် ၁၁ ပေါက် ဖောက်ထွင်းကာ ဂူဘုရားများထွင်းထုပြီး တည်ထားကိုးကွယ်တော်မူခဲ့သော သမိုင်းဝင် ဓာတ်တော်တစ်ဆူ ဖြစ်ကြောင်း ဘုရားသမိုင်း အထောက်အထားအရ လေ့လာသိရှိရသည်။

**နီထွန်းအောင်**

**(ပြန်/ဆက်)**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ ဦးစိန်လွင်အားရည်စူး၍ ဇနီး ဒေါ်ဖြူဖြူခိုင် (ရတနာရှင်းသန့် ကုမ္ပဏီ) မိသားစုက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေး ဆေးဝါးများကို အလှူရှင်မိသားစုကိုယ်စား မြို့မိမြို့ဖ ဦးတင်ဝင်းက ဖေဖော်ဝါရီ ၁၂ ရက်က ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာချိုချိုလွင် လက်ခံရယူစဉ်။ သန်းဝင်း(သန်လျင်)



# မကွေးတိုင်းဒေသကြီး ဆောမြို့နယ်၌ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုကို မလိုလားသည့် PDF အမည်ခံအကြမ်းဖက်သမားများက အခြေခံပညာအထက်တန်းကျောင်းခွဲဝင်းအတွင်းရှိ နေအိမ်လိုင်းခန်းတစ်လုံးအား မီးရှို့ဖျက်ဆီး

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

မကွေးတိုင်းဒေသကြီး ဆောမြို့နယ်၌ ကျောင်းသားကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုကို မလိုလားသည့် PDF အမည်ခံအကြမ်းဖက်သမားများက အခြေခံပညာအထက်တန်းကျောင်းခွဲဝင်းအတွင်းရှိ ဆရာ ဆရာမများနေထိုင်ရန် ဆောက်လုပ်ထားသည့် နေအိမ်လိုင်းခန်း တစ်လုံးအား မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၂ ရက် ည ၈ နာရီ မိနစ် ၅၀ တွင် မကွေးတိုင်းဒေသကြီး ဆောမြို့နယ် ယမ်းကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းခွဲဝင်းအတွင်းရှိ ဆရာ ဆရာမများနေထိုင်ရန် ဆောက်လုပ်ထားသည့် နေအိမ်လိုင်းခန်း တစ်လုံးကို PDF အမည်ခံ အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးသွားခဲ့သဖြင့် မိနစ် ၂၀ အကြာတွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှုကြောင့် သက်ကယ်မိုး၊ ပျဉ်ခင်း၊ ဝါးကာ နေအိမ်လိုင်းခန်းတစ်လုံး (တန်ဖိုးငွေကျပ် ၃၀၀,၀၀၀ ခန့်) မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ ဆရာ ဆရာမများနေထိုင်ရန် ဆောက်လုပ်ထားသည့် နေအိမ်လိုင်းခန်းကို မီးရှို့ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေခံတပ်မတော်စစ်ကြောင်းများနှင့် ပူးပေါင်း၍ လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာဖတ်ပရိသတ်အပေါင်း မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေ။ ဒီတစ်ပတ်မှာလည်း နာမဝိသေသန (Adjectives) ကဏ္ဍအကြောင်း ဆက်ပြီးဗဟုသုတဖြစ်ဖွယ် ဖော်ပြပေးလိုက်ပါတယ်။ အထူးသဖြင့် ဒီတစ်ပတ် နာမဝိသေသန (Adjectives) ကဏ္ဍမှာတော့ Adjectives Order (နာမဝိသေသန အစီအစဉ်)ကို ဝါကျမှာ သုံးနှုန်းပုံနဲ့ Adjectives that behave as nouns (နာမ်ကဲ့သို့ပြုမူသော adjectives) များအကြောင်းကို လွယ်ကူရိုးရှင်းစွာ ဖော်ပြပေးလိုက်ပါတယ်။ ပိုပြီးနားလည်သဘောပေါက်စေဖို့ လေ့ကျင့်ခန်းများနဲ့လည်း အားဖြည့်ပေးထားပါတယ်။ ဒါ့အပြင်စကားပြောခန်းမှာလည်း "Shortest way to talk about food and cooking–2" ကို နမူနာဝါကျများ၊ စကားပြောခန်းများ၊ ရှင်းလင်းချက်များနဲ့ ဝေဝေဆာဆာ ဖော်ပြပေးထားပါတယ်။ Vocabulary အခန်းမှာလည်း နေ့စဉ်ဘဝမှာအသုံးများတဲ့ Synonyms (အဓိပ္ပာယ်တူ၊ အနက်တူ) စကားလုံးများကို အဓိပ္ပာယ်ရှင်းလင်းချက်များနဲ့ ဖော်ပြပေးလိုက်ပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ် လေ့လာဖတ်ရှုကြဖို့ တိုက်တွန်းရင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပြီး ဘေးဘယာတွေ ဝေးကွာကြပါစေ။

## GRAMMAR

### Basic to Intermediate

ဝါကျတစ်ကြောင်းတွင် Adjectives (နာမဝိသေသန) တစ်ခုထက်ပိုထားလိုပါက ၎င်း Adjectives (နာမဝိသေသန) များကို သတ်မှတ်ထားသည့် အစီအစဉ်အတိုင်း ထားရမည်။ ထိုသို့ထားခြင်းကို Adjectives Order (နာမဝိသေသနအစီအစဉ်) ဟု ခေါ်သည်။

**Adjectives Order (နာမဝိသေသနအစီအစဉ်)**

| Quality | Size/shape | Colour | Origin | Noun |
|---|---|---|---|---|
| beautiful | large | green | Chinese | vase |
| exquisite | old | | French | painting |
| | square | black | Indian | chest |

ဝါကျတွင် တစ်ခုထက်ပိုသော Adjectives (နာမဝိသေသန) များကို ထည့်သွင်းအသုံးပြုလိုပါက အထက်တွင်ဖော်ပြထားသော အစီအစဉ်အတိုင်း ထားသိုသုံးနှုန်းရမည်။

နာမ် (Noun) တစ်ခုကိုဖော်ပြသော Adjectives (နာမဝိသေသန) များကို သတ်မှတ်အစီအစဉ်အတိုင်း ထားသည်။ Adjectives (နာမဝိသေသန) ကိုပိုပြီးတိတိကျကျဖော်ပြလေလေ နာမ် (Noun) နှင့် ကပ်ထားရလေလေ ဖြစ်သည်။

ထို့အပြင် Adjectives (နာမဝိသေသန) ကို နာမ် (Noun) နေရာတွင် ထားပြီး Noun ကဲ့သို့ သုံးပါက အဆိုပါ Adjectives (နာမဝိသေသန) များကို "the" နောက်တွင်ထားရမည်။ ဥပမာ–

– We helped the old and sick at the old folks' home.

Exercise (1) Fill in the blanks with at least three adjectives in the correct order.

1. I would like to buy that .............. painting. (old French exquisite)
   I would like to buy that exquisite old French painting.
2. The .............. woman baked some cookies for me. (Indian kind old)
3. The .............. actress has many fans. (young Hollywood glamorous)
4. My uncle has just bought a .............. car. (small European green)
5. We knocked loudly on the .............. door. (old brown sturdy)
6. The rose is a ...........flower. (red beautiful small)
7. Father rears .............. fish as pets. (orange large Japanese)
8. My sister wants to buy that .............. dress. (long red lovely)
9. I used to climb that ........... tree. (old sturdy tall)
10. That .............. antique candlestick is worth a lot of money. (old Italian intricate)




Exercise (2) Fill in the blanks with the adjectives that behave as nouns in the box.

| | | |
|---|---|---|
| dedicated | impossible | sick |
| young rich | poor | unemployed |
| supernatural | past | disabled |

1. The government is helping the ........to find jobs.
2. We should donate money to the ...............
3. This movie should appeal to the ..............
4. The .............. are not necessarily happy.
5. This horror novel is about the ..............
6. That football coach only coaches the ..............
7. We should not aim to do the ..............
8. You ought to look to the future instead of dwelling on the ..............
9. The nurses brought medicine to heal the .........
10. This race is for the ..............., to help them overcome their disabilities.

**ယခင်အပတ်လေ့ကျင့်ခန်းမှ အဖြေများ**

**Exercise (1) မှအဖြေများ**

1. heavy – Adjective of Quality (Descriptive Adjective)
2. several – Indefinite Numeral Adjective
3. Every – Distributive Numeral Adjective
4. live – Ajective of Quality
   better – Adjective of Quality
   dead – Adjective of Quality
5. Every – Distributive Numeral Adjective
6. Several – Indefinite Numeral Adjective
   present – Descriptive Adjective
7. few – Indefinite Numeral Adjective
8. all – Indefinite Numeral Adjective
9. Which – Interrogative Adjective
10. small – Descriptive Adjective
    great – Descriptive Adjective

**Exercise (2) မှအဖြေများ**

1. silver
2. great
3. early
4. every
5. What, whose
6. Tall
7. Interesting
8. white, blue
9. much
10. Plausible

## VOCABULARY (SYNONYMS)

1. eminent = famous (ထင်ရှားကျော်ကြားသော)
2. encircle = surround (ဝန်းရံသည်)
3. endeavour = attempt (ကြိုးပမ်းအားထုတ်သည်)
4. enemy = foe (ရန်သူ)
5. energetic = active (တက်ကြွသော)
6. enormous = huge (ကြီးမားသော)
7. enough = sufficient (လုံလောက်သော)

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ် တနင်္လာနေ့မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION



### Shortest way to talk about food and cooking–2

ဒီတစ်ပတ်မှာတော့ အစားအစာတွေ ချက်ပြုတ်ခြင်းနဲ့ပတ်သက်တဲ့ အသုံးအနှုန်းတွေကို ဘယ်လိုပြောဆိုသုံးနှုန်းရမလဲ ဆိုတာတွေကို "Shortest way to talk about food and cooking–2" ဆိုပြီး ဖော်ပြလိုက်ပါတယ်။




Just like you said ...

Need to keep cooking...

They should be fresh and crunchy.

၁။ မင်းပြောသလိုပဲလို့ ပြောချင်တဲ့အခါမှာ များသောအားဖြင့် Just like you said ဆိုပြီး ပြောလေ့ရှိပါတယ်။သူပြောသလို ကိုယ်လုပ်ခဲ့တာပဲဆိုရင်လည်း အဲဒီလိုပဲ ပြောနိုင်ပါတယ်။ ဥပမာ–

– I cooked it for two hours, just like you said!

၂။ တစ်ခုခုလုပ်ဖို့လိုတယ်လို့ ပြောချင်ရင် need to + base form နဲ့သုံးပါတယ်။ ဒီနေရာမှာ ဆက်ပြီးချက်ပြုတ်ဖို့လိုတယ်လို့ ပြောတဲ့အတွက် need to keep cooking နဲ့သုံးပါတယ်။ ဥပမာ –

– You need to keep cooking it until it's tender.

၃။ တစ်ခုခုဖြစ်သင့်တယ်လို့ ပြောချင်တဲ့အခါမှာ should နဲ့သုံးပါတယ်။ အကြံပေးတဲ့သဘောလည်း ဖြစ်ပါတယ်။ ဥပမာ –

– They should be fresh and crunchy.

**Conversation**

**This is terrible**

Robert: What do you think?

Natasha: Oh no! This is terrible.

Rober: Really?

Natasha: First, you haven't cooked the meat long enough.

Robert: It's tough and really chewy.

Natasha: You need to keep cooking it until it's tender.

Robert: I cooked it for two hours, just like you said!

Natasha: Yes, but you also have to check that it's done! Aslo, these vegetables are awful! They're mushy beacause you've overcooked them. They should be fresh and crunchy.

Robert: Right...What about the sauce?

Natasha: It's not bad, but it's a little bland. A dish like this should be rich, spicy and a little sour. While you're cooking, don't forget to taste it, and add more spices, or more vinegar or whatever it needs.

**Language Focus Point**

**Describing taste**

spicy (စပ်သော)
sour (ချဉ်သော)
sweet (ချိုသော)
bitter (ခါးသော)
rich (အီဆိမ့်သော)
bland (အရသာဖွယ်သော)
mushy (ပျော့ပျောင်းသော)
tough (ပျဉ်းတွဲသော)
chewy (မျှားမျှားဝါးရသော)
tender (နူးညံ့သော)
crunchy (မာကြွပ်သော)
crumbly (ကြေမွလွယ်သော)
great (အလွန်ကောင်းသော)
amazing (အံ့သြဖွယ်ကောင်းသော)
fantastic (အလွန်ကောင်းသော)
tasty (အရသာရှိသော)
delicious (အရသာအလွန်ကောင်းမွန်သော)

**Say**

really delicious or absolutely delicious

**Don't say**

very delicious

**Talk about food you don't like**

awful (မနှစ်သက်ဖွယ်ကောင်းသော)
terrible (ဆိုးရွားသော)
disgusting (မုန်းစရာကောင်းသော၊ စိတ်ပျက်စရာကောင်းသော)

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း–၀၉–၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။



ကိုဗစ် -၁၉ ကာကွယ်ဆေး မဖြစ်မနေထိုးရမည့်အမိန့်ကို ဆန့်ကျင်နေသူများကို တွေ့ရစဉ်။

## ဩစတြေးလျနိုင်ငံ မြို့တော်ကင်ဘာရာတွင် ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးရမည့် အမိန့်ကို လူထောင်ပေါင်းများစွာ ဆန့်ကျင်ဆန္ဒပြ

ကင်ဘာရာ ဖေဖော်ဝါရီ ၁၃

ထောင်ပေါင်းများစွာသော ဩစတြေးလျနိုင်ငံသားများသည် နိုင်ငံမြို့တော် ကင်ဘာရာတွင် စုဝေးကာ ကိုဗစ် – ၁၉ ကာကွယ်ဆေး ထိုးရမည့်အမိန့်ကို ဆန့်ကျင်ဆန္ဒပြခဲ့ကြသည်။ ကင်ဘာရာမြို့လမ်းမထက်တွင် လူပေါင်း ၁၀၀၀၀ တို့သည် အလုပ်သမားများအတွက် ကိုဗစ် –၁၉ ကာကွယ်ဆေး မဖြစ်မနေထိုးရမည့် အမိန့်ကို ပယ်ဖျက်ပေးရန် ဗဟိုအစိုးရထံ တောင်းဆိုခဲ့ကြသည်။

ဖေဖော်ဝါရီ ၁၂ ရက်က ပြုလုပ်ခဲ့သည့် ဆန္ဒပြပွဲအတွင်း လူသုံးဦး အဖမ်းခံရပြီး လူပေါင်း ၁၀၀ ကျော်မှာ ပါလီမန်အဆောက်အအုံ အတားအဆီးများကို ကျော်လွန်ကာ ဝင်ရောက်ခဲ့ကြသည်။ သို့သော်လည်း ဆန္ဒပြသူများမှာ ကောင်းကောင်းမွန်မွန်ပြုမူခဲ့ကြသည်ဟု ရဲများက ပြောသည်။ ဆန့်ကျင်ဆန္ဒပြသူများကို တင်းတင်းကျပ်ကျပ် ကိုင်တွယ်ရန် အတိုက်အခံ လေဘာပါတီကလည်း ဝန်ကြီးချုပ်စကော့မော်ရစ်ဆင်ကို တိုက်တွန်းခဲ့သည်။

ဩစတြေးလျနိုင်ငံတွင် ဖေဖော်ဝါရီ ၁၃ ရက်နံနက်ပိုင်းအထိ နောက်ထပ်ကူးစက်ခံရသူပေါင်း ၂၀၀၀၀ ကျော်တွေ့ရှိခဲ့ပြီး ကိုဗစ် –၁၉ နှင့်ဆက်စပ်၍ သေဆုံးသူ ၄၅ ဦးထပ်တိုးလာကြောင်း သိရသည်။ **ဆင်ဟွာ**

## ဖိုက်ဇာနှင့် မော်ဒါနာ အပိုဆောင်းကာကွယ်ဆေး၏ သက်ရောက်မှု လေးလကြာသည့်အခါတွင် ဆုတ်ယုတ်လာဟုဆို

ဝါရှင်တန် ဖေဖော်ဝါရီ ၁၃

**ဖိုက်ဇာနှင့် မော်ဒါနာ ကာကွယ်ဆေးတို့ကို တတိယအကြိမ် ထိုးပေးသည့်အခါ လေးလကြာမြင့်လာသည့်အခါ အစွမ်းထက်မှုမှာ လျော့ကျသွားသည်ဟု အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ (စီဒီစီ)၏ ဖေဖော်ဝါရီ ၁၁ ရက် ဖော်ပြချက်များအရ သိရသည်။**

### နည်းပါး

ကာကွယ်ဆေး နှစ်ကြိမ်ထိုးပြီးနောက် အစွမ်းထက်မှုမှာ လျော့ကျသွားကြောင်း မှတ်တမ်းတင်ထားသော်လည်း တတိယအကြိမ် ကာကွယ်ဆေးထိုးပြီးနောက် အစွမ်းထက်မှု လျော့ကျခြင်းနှင့် ပတ်သက်၍မူ ဖော်ပြမှုများမှာ နည်းပါးနေသေးသည်။

ဆေးရုံပေါင်း ၉၃၄၀၈ ရုံ တွင် လေ့လာမှုများ ပြုလုပ်ခဲ့သည်။ အိုမီခရွန်ကူးစက်မှု လွှမ်းမိုးနေသည့် ကာလများတွင် ကိုဗစ် -၁၉ အရေးပေါ်ဌာနတွင် ကာကွယ်ဆေး၏ အစွမ်းထက်မှု မှာ တတိယအကြိမ် ကာကွယ်ဆေးထိုးပြီး နှစ်လအကြာတွင် ၈ ၇ ရာခိုင်နှုန်းရှိပြီး လေးလအကြာတွင်မူ ၆၆ ရာခိုင်နှုန်းအထိ ကျဆင်းသွားကြောင်း သိရသည်။

### ကျဆင်းလာ

ကာကွယ်ဆေးထိုးပြီးနောက် ဆေးရုံ တက်ရသည့်နှုန်းမှာလည်း ၉၁ ရာခိုင်နှုန်း ရှိပြီး တတိယအကြိမ် ကာကွယ်ဆေးထိုးပြီး လေးလအကြာ ကိုဗစ်–၁၉ ကြောင့် ဆေးရုံတက်ရမှုနှုန်းမှာ ၇၈ ရာခိုင်နှုန်းအထိ ကျဆင်းလာကြောင်း ဖော်ပြထားသည်။

**အေအက်ဖ်ပီ**




မော်ဒါနာကိုဗစ် –၁၉ ကာကွယ်ဆေး။

## နိုင်ဂျီးရီးယားနိုင်ငံ၌ အဆောက်အအုံပြိုကျရာ နှစ်ဦးသေဆုံး

လာဂို့စ် ဖေဖော်ဝါရီ ၁၃

နိုင်ဂျီးရီးယားနိုင်ငံ စီးပွားရေးမြို့တော်ဖြစ်သည့် လာဂို့စ်တွင် ဖေဖော်ဝါရီ ၁၂ ရက်က သုံးထပ်တိုက်အဆောက်အအုံပြိုကျခဲ့ရာ လူနှစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။ အာဏာပိုင်များ၏ ပြောကြားချက်အရ အဆောက်အအုံမှာ ဆောက်လုပ်ဆဲဖြစ်ပြီး အလုပ်သမားငါးဦးမှာ ပိတ်မိနေခဲ့သည်ဟု သိရသည်။ ပိတ်မိနေသူများထဲမှ နှစ်ဦးကို ကယ်တင်နိုင်ခဲ့သည်။ ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်နေဆဲဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

## ယီမင်နိုင်ငံ အာဘီယန်မြို့၌ ကုလဝန်ထမ်းငါးဦး ပြန်ပေးဆွဲခံရ

အေဒင် ဖေဖော်ဝါရီ ၁၃

ယီမင်နိုင်ငံတောင်ပိုင်း အာဘီယန်ပြည်နယ်တွင် ကုလသမဂ္ဂ ဝန်ထမ်းငါးဦး ပြန်ပေးဆွဲခံရကြောင်း ကုလသမဂ္ဂအရာရှိတစ်ဦးက ဖေဖော်ဝါရီ ၁၂ ရက်တွင် အတည်ပြုပြောကြားခဲ့သည်။

ရက်ဆဲလ်ဂရီကီမှာ ဆက်သွယ်ရေးအကြံပေး အဆင့်မြင့်အရာရှိတစ်ဦးဖြစ်ပြီး ယီမင်နိုင်ငံမှဒေသခံများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကိစ္စရပ်များ လုပ်ကိုင်နေသူဖြစ်ပြီး ဝန်ထမ်းများပြန်ပေးဆွဲခံရမှုကို အတည်ပြုပြောကြားခဲ့သည်။ ကုလသမဂ္ဂ ဝန်ထမ်းများသည် ကွင်းဆင်းလေ့လာမှုအပြီး အေဒင်မြို့သို့ပြန်လာကြသည်ဟု ပြောသည်။ ပြန်ပေးဆွဲခံရသည့် ဝန်ထမ်းများပြန်လည်လွတ်မြောက်လာရေးအတွက်လည်း အာဏာပိုင်များနှင့် အနီးကပ်လုပ်ဆောင်မှုများဆောင်ရွက်နေကြောင်း ကုလသမဂ္ဂက ပြောသည်။

ယီမင်အခြေစိုက် အယ်ကိုင်ဒါအဖွဲ့မှ လက်နက်ကိုင်များက ပြန်ပေးဆွဲသွားကြခြင်းဖြစ်ကြောင်း ဒေသတွင်းမီဒီယာများတွင် ဖော်ပြကြသည်။ သေနတ်သမားများသည် ကုလသမဂ္ဂ ဝန်ထမ်းများကို ပြန်ပေးဆွဲခဲ့ပြီး နေရာတစ်ခုသို့ ခေါ်ဆောင်သွားခြင်း ဖြစ်ကြောင်း မီဒီယာများတွင် ဖော်ပြကြသည်။ ယခုအချိန်အထိမည်သည့်အုပ်စုကမျှ ပြန်ပေးဆွဲမှုနှင့် ပတ်သက်၍ ဝန်ခံပြောကြားခဲ့ခြင်းမရှိချေ။ ယီမင်အခြေစိုက် အယ်ကိုင်ဒါအဖွဲ့မှာ တောင်ပိုင်းနှင့် အရှေ့ပိုင်းပြည်နယ်တို့တွင် လှုပ်ရှားမှုများပြုလုပ်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များကိုဆန့်ကျင်တိုက်ခိုက်မှုများ ပြုလုပ်လေ့ရှိသည်ဟု သိရသည်။ **ဆင်ဟွာ**

## လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများအတွက် ပိတ်ဆို့ထားသည့် အာဖဂန်ပိုင်ငွေကြေးအချို့ကို အမေရိကန်မှ လွှဲပြောင်းပေးတော့မည်

ဝါရှင်တန် ဖေဖော်ဝါရီ ၁၃

**အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်အစိုးရအဖွဲ့သည် အမေရိကန် ပြည်ထောင်စုအတွင်းရှိနေသည့် အာဖဂန်နစ္စတန် ဗဟိုဘဏ်မှပိုင်ဆိုင်သည့် ပိုင်ဆိုင်မှုတစ်စိတ် တစ်ဒေသကို အာဖဂန်နစ္စတန်နိုင်ငံရှိ ပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ တိုးချဲ့ရာတွင် အသုံးပြုသွားရန် ဆုံးဖြတ်ထားကြောင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်အစိုးရအဖွဲ့က ပြောသည်။**

ဖေဖော်ဝါရီ ၁၁ ရက်က အာဖဂန်နစ္စတန်တွင် လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ အကျပ်အတည်းများကို ပြန်လည်သုံးသပ်ရန်အတွက် အမိန့်တွင် အမေရိကန် သမ္မတ ဂျိုးဘိုင်ဒင်က လက်မှတ်ရေးထိုးခဲ့သည်။

ဒီအေဘီဘဏ် ပိုင်ဆိုင်သည့် အမေရိကန်ဒေါ်လာ ၇ ဘီလီယံမှာ တာလီဘန်များ အာဏာရရှိပြီးကတည်းက အမေရိကန်တွင် ပိတ်မိနေခဲ့သည်။ အဆိုပါ ပိုင်ဆိုင်မှု၏ ထက်ဝက်ခန့် ၃ ဒသမ ၅ ဘီလီယံကို အာဖဂန်ပြည်သူများနှင့်အာဖဂန်နိုင်ငံ၏ အနာဂတ်အတွက် အသုံးပြုမည်ဟု အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် အစိုးရအဖွဲ့က ပြောသည်။

လာမည့် လအနည်းငယ်အတွင်း ယုံကြည်ရသည့် ရန်ပုံငွေကို စတင်ထူထောင်မည်ဟု အာဏာပိုင်များက ပြောသည်။

ငွေကြေးများကို မည်သို့သုံးစွဲသွားမည်ကို ဆွေးနွေးတိုင်ပင်မှုများပြုလုပ်မည်ဟု အာဏာပိုင်များက ပြောသည်။

**အင်န်အိတ်ချ်ကေ**



အာဖဂန်နစ္စတန်၌ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်မှ ရရှိသည့် အစားအစာများ ခွဲဝေနေမှုကို တွေ့ရစဉ်။

# နှစ်နှစ်ကြာကန့်သတ်ပိတ်ဆို့ပြီးနောက် နိုင်ငံတကာခရီးသွားတွေကို ပြန်လည်ကြိုဆိုတော့မယ့် ဖိလစ်ပိုင်

လင်းဟန်သစ်

**ဖိလစ်ပိုင်နိုင်ငံမှာ အစိုးရက နိုင်ငံခြားသားခရီးသွားတွေအပေါ် နှစ်နှစ်နီးပါးကြာ ပိတ်ပင်တားမြစ်ချက်ကို ဖယ်ရှားပေးဖို့ဆုံးဖြတ်လိုက်ပြီးနောက် မေဘိုရာကေးကျွန်းအပန်းဖြေဟိုတယ်တစ်ခုမှာ အလုပ်လုပ်နေတဲ့ ဟိုတယ်အလုပ်သမားတစ်ဦးဖြစ်တဲ့ မေရီတရိုရဲ့ ဘဝဟာ နောက်တစ်ခါ မျှော်လင့်ချက်တွေ ပြန်လည်ရှင်သန်လာခဲ့ပြီဖြစ်ပါတယ်။**



မေဘိုရာကေးကျွန်း အပန်းဖြေကမ်းခြေ။

### အလုပ်သမားတွေကို ပြန်ငှားနိုင်တော့မယ်

နှစ်နှစ်နီးပါးကြာပြီးနောက် နိုင်ငံခြားသား ခရီးသွားတွေကို နောက်တစ်ခါ ပြန်လာခွင့်ပြုလိုက်တဲ့အတွက် ကျွန်တော် အလွန်ပျော်ရွှင်ရပါတယ်လို့ သူက ပြောလိုက်ပါတယ်။ ဟိုတယ်တွေအနေနဲ့ နောက်တစ်ခါ အလုပ်သမားတွေကို ပြန်ပြီးငှားရမ်းနိုင်တော့မယ်လို့ ရီတရိုက ပြောပါတယ်။

အရှေ့တောင်အာရှနိုင်ငံတစ်နိုင်ငံဖြစ်တဲ့ ဖိလစ်ပိုင်နိုင်ငံက ဗီဇာကင်းလွတ်ခွင့်ပြုထားတဲ့ နိုင်ငံနဲ့ဒေသပေါင်း ၁၅၇ နိုင်ငံက ကိုဗစ်-၁၉ ကာကွယ်ဆေးအပြည့်ထိုးထားတဲ့ နိုင်ငံတကာခရီးသွားတွေကို ဖေဖော်ဝါရီ ၁၀ ရက်မှစကာ ပြန်လည်ခွင့်ပြုလိုက်ပါတယ်။ ဖိလစ်ပိုင်နိုင်ငံဟာ ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါကူးစက်ပျံ့နှံ့ခြင်းကို ထိန်းသိမ်းဖို့ နှစ်နှစ်နီးပါး ခရီးသွားကန့်သတ်ခဲ့ပါတယ်။

### စောင့်မျှော်နေပြီ

နေရောင်ထွန်းလင်းတောက်ပမှုနဲ့အတူ ကမ်းခြေတွေဟာ အခုတော့ နိုင်ငံတကာခရီးသွားတွေကို စောင့်မျှော်နေကြပါပြီ။

သို့သော်လည်း နိုင်ငံကိုလာရောက်မယ့် ခရီးသွားတွေအတွက် ကိုဗစ်-၁၉ ကာကွယ်ဆေးအပြည့်ထိုးထားကြောင်း သက်သေပြဖို့တော့ လိုအပ်နေဆဲ ဖြစ်ပါတယ်။ နိုင်ငံခြားခရီးသွားတွေအနေနဲ့ သူတို့မထွက်ခွာခင် အနည်းဆုံး ၄၈ နာရီအတွင်း ကိုဗစ်-၁၉ ကင်းစင်ကြောင်း သက်သေအထောက်အထားပြဖို့တော့ လိုအပ်ပါတယ်။ ဒ့ါအပြင် အပြန်လက်မှတ်နဲ့ ခြောက်လအထိသက်တမ်းရှိတဲ့ နိုင်ငံကူးလက်မှတ်လည်း ပြသဖို့လိုပါတယ်။

ကိုဗစ်-၁၉ ကပ်ရောဂါဟာ ဖိလစ်ပိုင်နိုင်ငံရဲ့ ခရီးသွားကဏ္ဍကို ဆိုးရွားစွာ ထိခိုက်ခဲ့ပါတယ်။ ကိုဗစ်-၁၉ ကြောင့် ဟိုတယ်တွေနဲ့ လေကြောင်းလိုင်းတွေကို ရပ်ဆိုင်းခဲ့ရပြီး ဝန်ထမ်းတွေ လျှော့ချလိုက်ရတဲ့အထိ အခြေအနေတွေဆိုးလာခဲ့ပါတယ်။

### ခရီးသွားကဏ္ဍကို ရိုက်ခတ်မှုဖြစ်စေ

ဖိလစ်ပိုင် ခရီးသွားဝန်ကြီး ဘာနန်ဒက်ရိုမူလို ပူရက်က ကိုဗစ်-၁၉ က နိုင်ငံရဲ့ ခရီးသွားကဏ္ဍမှာရှိတဲ့ အလုပ်သမားပေါင်း ၁ ဒသမ ၁ သန်းခန့်ကို ရိုက်ခတ်မှုတွေဖြစ်စေခဲ့တယ်လို့ ပြောကြားခဲ့ပါတယ်။

ရီတရိုကတော့ ကံကောင်းစွာနဲ့ သူ့အလုပ်ကို ဆက်လက်လုပ်ကိုင်ခွင့်ရခဲ့ပါတယ်။

သူ့ဆီကသတင်းအရတော့ သူလုပ်တဲ့ဟိုတယ်က ဝန်ထမ်းအနည်းငယ်ကိုပဲ ဆက်ခေါ်ထားတယ်လို့ ပြောပါတယ်။ အဲဒီအချိန်မှာ နိုင်ငံတကာခရီးသွားကလည်း လုံးဝမရှိပါဘူး။ ကိုဗစ်-၁၉ ကန့်သတ်ချက် ပြန်လည်ဖြေလျှော့လိုက်တာနဲ့အညီ ဟိုတယ်တွေလည်း အလုပ်သမားတွေကို ပိုပြီးငှားရမ်းလာနိုင်တော့မှာဖြစ်တယ်လို့ သူက ဝမ်းသာအားရ ပြောကြားလိုက်ပါတယ်။

မိမိတို့အနေနဲ့ နိုင်ငံခြားသားခရီးသွားတွေကို ပြန်ပြီးကြိုဆိုရတော့မယ်လို့ ဖိလစ်ပိုင်ခရီးသွားဝန်ကြီး ပူရက်က ပြောပါတယ်။ ခရီးသွားကဏ္ဍကိုလည်း နိုင်ငံတကာခရီးသွားတွေကို ဖိတ်ခေါ်နိုင်အောင် အကောင်းဆုံးပြင်ဆင်ထားတယ်လို့ သူက ဆက်လက်ပြောကြားခဲ့ပါတယ်။

### ပထမဆုံးနေ့ကို စောင့်မျှော်နေ

နိုင်ငံတကာခရီးသွား ၂၀၀ ကျော်၊ အထူးသဖြင့် အမေရိကန်ပြည်ထောင်စု၊ အင်ဒိုနီးရှား၊ ဂျပန်နဲ့ မလေးရှားနိုင်ငံက နိုင်ငံတကာခရီးသွားတွေဟာ ဖိလစ်ပိုင်နိုင်ငံရဲ့ နယ်စပ်ဂိတ်ပြန်ဖွင့်မယ့် ပထမဆုံးနေ့ကို စောင့်မျှော်နေကြပါပြီ။

အိမ်နီးချင်း အာဆီယံနိုင်ငံတွေရဲ့ ခရီးသွားတွေကို မိမိတို့တွေ စောင့်မျှော်နေကြတယ်လို့ ပူရက်က ပြောပါတယ်။ နိုင်ငံတကာခရီးသွားတွေ ဒီတစ်နှစ်လုံးဝင်ရောက်ဖို့ မျှော်လင့်ထားတယ်လို့ သူက ဆက်ပြောလိုက်ပါတယ်။

ပြည်တွင်းခရီးသွားကဏ္ဍနဲ့ နိုင်ငံတကာခရီးသွားတွေအတွက် ဖိလစ်ပိုင်နိုင်ငံကို ပြန်လည်ဖွင့်ပေးမှုနဲ့အတူ အလုပ်သမားတွေ အတော်များများ သူတို့ရဲ့အလုပ်တွေကို ပြန်ရနိုင်တော့မယ်လို့ မိမိတို့ မျှော်လင့်ပါတယ်လို့ သူက ဆက်ပြောလိုက်ပါတယ်။ ကြိုဆိုညှော့ခံတဲ့ ဝန်ထမ်းတွေအနေနဲ့လည်း ကာကွယ်ဆေးထိုးဖို့ လိုအပ်တယ်လို့ ခရီးသွားဝန်ကြီးက ပြောကြားလိုက်ပါတယ်။

### ခရီးသွားဆွဲဆောင်ရာ ထိပ်တန်းနေရာ

ပူရက်ရဲ့ပြောကြားချက်အရ ဘိုရာကေးကျွန်းဟာ ဖိလစ်ပိုင်နိုင်ငံရဲ့ ခရီးသွားဆွဲဆောင်ရာ ထိပ်တန်းနေရာတစ်ခု ဖြစ်လာခဲ့ပါတယ်။

နိုင်ငံခြားသားခရီးသွားတွေအတွက် တခြားထင်ရှားကျော်ကြားတဲ့နေရာတွေကတော့ ဘိုဟော၊ ပါလာဝမ်၊ ဘာတန်ဂက်စ်၊ ဘာဂူယိုမြို့တို့ပဲ ဖြစ်ပါတယ်။ ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်းက အီလိုကိုစ်ဒေသလည်း ထင်ရှားကျော်ကြားတဲ့ နိုင်ငံတကာခရီးသွားနေရာတစ်ခု ဖြစ်ပါတယ်။

ခရီးသွားလမ်းကြောင်းတွေကို အသေးစိတ်စီစဉ်ဖို့ လိုပါတယ်လို့ ပူရက်က ထပ်လောင်းပြောကြားလိုက်ပါတယ်။

### ထိပ်တန်းစာရင်းဝင် နိုင်ငံတစ်နိုင်ငံဖြစ်

ခရီးသွားလမ်းကြောင်းမှာ နိုင်ငံတစ်ဝန်း ခရီးသွားလည်ပတ်ရာနေရာပေါင်း ၇၀ ပါဝင်ပါတယ်။ အဲဒီခရီးသွားလည်ပတ်ရာနေရာတွေမှာ အစားအသောက်နဲ့ စက်ဘီးစီးခြင်း၊ ဆိုင်ကယ်စီးခြင်းကဲ့သို့သော ခန္ဓာကိုယ်ကျန်းမာကြံ့ခိုင်စေဖို့ လှုပ်ရှားဆောင်ရွက်မှုတွေလည်း ပါဝင်ပါတယ်။ ဒ့ါအပြင် လယ်ယာစိုက်ပျိုးရေးခရီးသွားကဏ္ဍ၊ တောင်တက်ခြင်းနဲ့ ဒိုင်ဗင်ထိုးခြင်းတွေလည်း ပါဝင်မှာဖြစ်တယ်လို့ ပူရက်က ပြောပါတယ်။

ဗီဇာကင်းလွတ်ခွင့်စာရင်းတွင် မပါဝင်သော်လည်း တရုတ်နိုင်ငံဟာ ဖိလစ်ပိုင်နိုင်ငံသို့ အဓိကလာရောက်လည်ပတ်တဲ့ ထိပ်တန်းစာရင်းဝင်နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ နောက်တစ်ကြိမ် သူတို့ကို မိမိတို့ရဲ့ ဟိုတယ်တွေမှာ ပြန်လည်တွေ့ဆုံဖို့ မျှော်လင့်ပါတယ်။

ကိုးကား - ဆင်ဟွာ

❐ **အရှေ့တောင်အာရှနိုင်ငံတစ်နိုင်ငံဖြစ်တဲ့ ဖိလစ်ပိုင်နိုင်ငံက ဗီဇာကင်းလွတ်ခွင့်ပြုထားတဲ့ နိုင်ငံနဲ့ဒေသပေါင်း ၁၅၇ နိုင်ငံက ကိုဗစ် - ၁၉ ကာကွယ်ဆေးအပြည့်ထိုးထားတဲ့ နိုင်ငံတကာခရီးသွားတွေကို ဖေဖော်ဝါရီ ၁၀ ရက်မှစကာ ပြန်လည်ခွင့်ပြုလိုက်ပါတယ်။ ဖိလစ်ပိုင်နိုင်ငံဟာ ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါကူးစက်ပျံ့နှံ့ခြင်းကို ထိန်းသိမ်းဖို့ နှစ်နှစ်နီးပါး ခရီးသွားကန့်သတ်ခဲ့ပါတယ်**

# ဖေဖော်ဝါရီ ၁၃ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၄၇၃ ဦး တွေ့ရှိ

## ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူမရှိ

(၁၃–၂–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၈ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေး လုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် **ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်–၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၂–၂–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၃–၂–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၀,၈၅၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁,၄၇၃) ဦး တွေ့ရှိရ**ပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၇ ဒသမ ၀၆) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၆၈၉,၈၂၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၄၆,၇၇၁) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၆၄၈) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၁၇,၅၃၀) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူမရှိပါသဖြင့် **ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၃၁၀) ဦး ရှိ**ပါသည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁၂–၂–၂၀၂၂) ရက်နေ့အထိ လူဦးရေ စုစုပေါင်း (၂၂,၈၁၀,၂၃၃) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ် အပြည့် ထိုးနှံပြီးစီးသူ (၁၉,၇၄၅,၂၃၆) ဦး နှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ (၃,၀၆၄,၉၉၇) ဦး ရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၁၂–၂–၂၀၂၂) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး အကြိမ်ရေ စုစုပေါင်း (၄၂,၅၅၅,၄၆၉) ကြိမ် ထိုးနှံပြီး ဖြစ်ပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

(၁၃–၂–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၂၅၁) ခု | (၉၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၈၈) ခု | (၂၅) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၅၇) ခု | (၅၆) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၈၈) ခု | (၈၆) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၁၈၆) ခု | (၁၈၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂,၂၇၂) ခု | (၂၀၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၆,၄၀၈) ခု | (၈၁၇) ဦး |
| **စုစုပေါင်း** | (၂၀,၈၅၀) ခု | (၁,၄၇၃) ဦး |

**ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ**

(၁၂–၂–၂၀၂၂) ရက်နေ့

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၃,၀၆၄,၉၉၇) ဦး |
| ကာကွယ်ဆေး (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေ | (၁၉,၇၄၅,၂၃၆) ဦး |
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေနှင့် (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေစုစုပေါင်း | (၂၂,၈၁၀,၂၃၃) ဦး |
| စုစုပေါင်း ထိုးနှံပြီးသော ကာကွယ်ဆေး အကြိမ်ပေါင်း (Vaccine Doses) | (၄၂,၅၅၅,၄၆၉) ကြိမ် |

- **ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) နှင့် ပတ်သက်၍ ရောဂါဖြစ်ပွားမှုများကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ ရောဂါကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊ အသွားအလာကန့်သတ်၍ သီးသန့်ခွဲခြားထားရှိရာနေရာ (Quarantine Center) များ၊ ကုသရေးစင်တာ (Treatment Center) များနှင့် အောက်ဆီဂျင်အပါအဝင် ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ခြင်း၊ နီးနွယ်ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း စသည့် လုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။**
- **သို့ဖြစ်ပါ၍ ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ကာကွယ်ရေးအတွက် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ သံသယရောဂါလက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်း စသည်တို့ကို မမေ့မလျော့ သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည့်လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် အသိပေး တိုက်တွန်းနှိုးဆော်အပ်ပါသည်။**
- **ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။**

ကျန်းမာရေးဝန်ကြီးဌာန

## ၁၃ - ၂ -၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၇၈၂၉၃၉၂၄ | ၄၉၇၅၉၃၉၄ | ၉၄၂၉၄၄ |
| ၂။ | အိန္ဒိယ | ၄၂၆၃၁၄၂၁ | ၄၁၅၈၅၇၁၁ | ၅၀၈၆၆၅ |
| ၃။ | ဘရာဇီး | ၂၇၄၂၅၇၄၃ | ၂၃၅၆၈၂၁၃ | ၆၃၈၁၂၄ |
| ၄။ | ပြင်သစ် | ၂၁၆၂၂၆၅ | ၁၆၅၅၇၇၃၅ | ၁၃၄၆၉၇ |
| ၅။ | ဗြိတိန် | ၁၈၂၆၆၀၁၅ | ၁၅၉၃၁၁၀၉ | ၁၅၉၅၁၈ |
| ၆။ | ရုရှား | ၁၄၁၃၃၅၀၉ | ၁၁၂၃၅၈၅၉ | ၃၄၀၂၄၈ |
| ၇။ | တူရကီ | ၁၂၈၃၄၅၃၄ | ၁၁၉၁၅၂၀၁ | ၉၀၂၆၆ |
| ၈။ | ဂျာမနီ | ၁၂၂၇၈၈၆၂ | ၈၇၃၇၀၀၀ | ၁၂၀၅၃၃ |
| ၉။ | အီတလီ | ၁၂၀၅၃၃၃၀ | ၁၀၂၀၆၈၉၂ | ၁၅၀၈၂၄ |
| ၁၀။ | စပိန် | ၁၀၆၀၄၂၀၀ | ၇၃၆၁၆၉၄ | ၉၅၉၉၅ |

## ၁၃-၂-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၈၀၇၇၇၈ | ၄၃၀၉၇၆၃ | ၁၄၅၁၇၆ |
| ဖိလစ်ပိုင် | ၃၆၃၇၂၈၀ | ၃၅၀၀၉၅၆ | ၅၄၉၃၀ |
| မလေးရှား | ၃၀၁၉၁၆၃ | ၂၈၄၆၇၁၃ | ၃၂၁၁၄ |
| ထိုင်း | ၂၅၉၃၃၂၇ | ၂၄၄၆၀၂၂ | ၂၂၄၃၉ |
| ဗီယက်နမ် | ၂၅၁၀၈၆၀ | ၂၂၂၆၇၅၄ | ၃၈၉၄၆ |
| မြန်မာ | ၅၄၆၇၇၁ | ၅၁၇၅၃၀ | ၁၉၃၁၀ |
| စင်ကာပူ | ၄၆၀၀၇၅ | ၄၁၉၉၅၂ | ၈၉၃ |
| လာအို | ၁၃၉၀၂၈ | ၁၃၄၆၂၂ | ၅၉၄ |
| ကမ္ဘောဒီးယား | ၁၂၃၄၄၃ | ၁၁၈၈၀၄ | ၃၀၁၅ |
| ဘရူနိုင်း | ၂၂၅၁၅ | ၁၇၂၃၆ | ၉၈ |

# ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများအပေါ် လေ့လာခြင်း ( လစ်ဗျားနိုင်ငံ )

ရတနာရွှေစည်

**နိဒါန်း**

လစ်ဗျားနိုင်ငံသည် အာဖရိကတိုက် မြောက်ပိုင်းတွင် တည်ရှိသော သမ္မတနိုင်ငံတစ်ခုဖြစ်ပြီး ၆၇၉၃၅၈ စတုရန်းမိုင် ကျယ်ဝန်းသည်။ လစ်ဗျားနိုင်ငံ၏ မြေထဲပင်လယ်ကမ်းရိုးတန်းမှာ မိုင်ပေါင်း ၁၃၀၀ ခန့် ရှည်လျားသည်။ မြေထဲပင်လယ်ကမ်းရိုးတန်းတစ်လျှောက်၌ မြေဩဇာကောင်းသည့် ဒေသများမှာ ဆိုင်ရီနေးက (Cyrenaica)နှင့် ထရစ်ပိုလီတန်းနီယ (Tripolitania) နယ်မြေများ ဖြစ်သည်။ လစ်ဗျားနိုင်ငံ၏ အနောက်ပိုင်းတွင် ထရစ်ပိုလီတန်းနီယပြည်နယ်နှင့် အရှေ့ပိုင်းတွင် ဆိုင်ရီနေးက ပြည်နယ်နှင့် ဖတ်ဇန်ပြည်နယ် (Fezzan) ဟူသည့် ရှေးခေတ်ယဉ်ကျေးမှုများထွန်းကားခဲ့သော နယ်ကြီးနှစ်နယ်အပါအဝင် ပြည်နယ်သုံးခုရှိသည်။

လစ်ဗျားနိုင်ငံ၏ ၉၀ ရာခိုင်နှုန်းကျော်သည် သဲကန္တာရ သို့မဟုတ် သဲကန္တာရဆန်သော မြေအမျိုးအစားဖြစ်ပြီး သဘာဝရေအရင်းအမြစ်မှာ အကန့်အသတ်ရှိသည်။ လစ်ဗျားနိုင်ငံ၏ မြို့တော်မှာ ထရီပိုလီ(Tripoli)မြို့ ဖြစ်သည်။ လစ်ဗျားနိုင်ငံတွင် မြစ်ချောင်းများ၊ အိုင်များအနည်းငယ်သာရှိသည်။ မြောက်ဘက်တွင် မြေထဲပင်လယ်ရှိပြီး အရှေ့ဘက်တွင် အီဂျစ်နိုင်ငံ၊ အရှေ့တောင်ဘက်တွင် ဆူဒန်နိုင်ငံ၊ တောင်ဘက်တွင် ချဒ်သမ္မတနိုင်ငံနှင့် နိုင်ဂျာနိုင်ငံ၊ အနောက်ဘက်တွင် အယ်လ်ဂျီးရီးယားနိုင်ငံနှင့် တူနီးရှားနိုင်ငံ တို့ဖြင့် နယ်နိမိတ်ချင်း ထိစပ်နေသည်။ အစ္စလာမ် အယူဝါဒသည် နိုင်ငံတော်၏အယူဝါဒဖြစ်သော်လည်း လွတ်လပ်စွာ ကိုးကွယ်ခွင့်ရှိသည်။ လစ်ဗျားနိုင်ငံသားအများစုသည် အာရဗီဘာသာစကားကို အသုံးပြုကြပြီး ရုံးသုံးဘာသာစကားသည်လည်း အာရဗီဘာသာပင် ဖြစ်သည်။ ကမ္ဘာ့ကုလသမဂ္ဂ၏ နောက်ဆုံးကောက်ယူရရှိသည့် အချက်အလက်များအပေါ် အခြေခံတွက်ချက်မှုအရ ၂၀၂၁ ခုနှစ်တွင် နိုင်ငံ၏ လူဦးရေမှာ ခုနစ်သန်းကျော်ခန့် ရှိသည်။ နိုင်ငံရှိ ၉၇ ရာခိုင်နှုန်းနီးပါးသည် ဆွန်နီမွတ်ဆလင်များဖြစ်ပြီး အစ္စလာမ်ဘာသာကို သက်ဝင်ယုံကြည်ကြသူများဖြစ်သည်။ ခရစ်ယာန်ဘာသာဝင်လည်း အနည်းငယ်ရှိသည်။ လစ်ဗျားနိုင်ငံသည် အာရပ်နိုင်ငံများအဖွဲ့ချုပ် (Arab League)နှင့် အရှေ့နှင့် တောင်အာဖရိက ဘုံဈေးကွက် (The Common Market for Eastern and Southern Africa – COMESA) တို့၏ အဖွဲ့ဝင်နိုင်ငံလည်း ဖြစ်သည်။




လစ်ဗျားနိုင်ငံ၏ အုပ်ချုပ်မှုပြမြေပုံ။

**လစ်ဗျားနိုင်ငံသမိုင်းကြောင်း**

လစ်ဗျားနိုင်ငံသည် ဒုတိယကမ္ဘာစစ်အပြီး ရှုံးနိမ့်ခဲ့သော အီတလီတို့ထံမှ လွတ်လပ်ရေး ရသင့်သည်ဟု ကုလသမဂ္ဂအထွေထွေညီလာခံက ကြေညာခဲ့သည်။ လစ်ဗျားနိုင်ငံသည် ၁၉၅၁ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် လွတ်လပ်ရေးရခဲ့ပြီး ကုလသမဂ္ဂ၏ ပံ့ပိုးမှုအောက်တွင် လွတ်လပ်ရေးရသည့် ပထမဆုံးနိုင်ငံဖြစ်သည်။ ၁၉၅၅ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် လစ်ဗျားနိုင်ငံသည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်လာသည်။ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး ညီလာခံသည် စည်းမျဉ်းခံဘုရင်စနစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲခဲ့သည်။ ထိုအခြေခံဥပဒေအား ၁၉၅၁ ခုနှစ် အောက်တိုဘာလတွင် အတည်ပြုခဲ့သည်။ ထို့နောက် လစ်ဗျားနိုင်ငံသည် စည်းမျဉ်းခံ ဘုရင်အုပ်ချုပ်ရေးစနစ် လက်ခံကျင့်သုံးသော နိုင်ငံဖြစ်ခဲ့သည်။

၁၉၅၁ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဘုရင်သည် နိုင်ငံတော်၏ အကြီးအကဲ ဖြစ်သည်။ အုပ်ချုပ်ရေးဆိုင်ရာအကြီးအကဲမှာ ဝန်ကြီးချုပ်ဖြစ်ပြီး ၎င်းအားကူညီရန်အတွက် ဝန်ကြီးအဖွဲ့ ရှိသည်။ ပါလီမန်ကို အထက်လွှတ်တော် (Senate) နှင့် အောက်လွှတ်တော် (House of Representatives) တို့ဖြင့် ဖွဲ့စည်းထားသည်။ ထရစ်ပိုလီတန်းနီယပြည်နယ်၊ ဆိုင်ရီနေးကပြည်နယ်နှင့် ဖတ်ဇန်ပြည်နယ်ဟူသည့် ပြည်နယ်သုံးနယ်အတွက် ပြည်နယ်တစ်ခုစီတွင် ၎င်းတို့၏ "ပြည်နယ်အစိုးရ" ရှိသည်။

သို့သော် ၁၉၅၁ ခုနှစ်မှအစပြု၍ အုပ်ချုပ်လာခဲ့သော စည်းမျဉ်းခံဘုရင်စနစ်သည် ၁၉၆၉ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင် အဆုံးသတ်ခဲ့သည်။ စည်းမျဉ်းခံဘုရင်အုပ်ချုပ်ရေးစနစ်ကို အဆုံးသတ်ပြီးနောက် စစ်တပ်မှဦးဆောင်ပြီးလျှင် အဖွဲ့ဝင် ၁၂ဦး ပါဝင်သော တော်လှန်ရေးကောင်စီ(Revolutionary Command Council – RCC) ကို ဖွဲ့စည်းခဲ့သည်။ အမြင့်ဆုံးအာဏာသည် ဝန်ကြီးချုပ်နှင့် ဝန်ကြီးများအဖွဲ့ (Cabinet)များ ပါဝင်ခန့်အပ်ထားသည့် RCC အဖွဲ့ဝင် ၁၂ ဦးထံတွင် တည်ရှိသည်။ ဗိုလ်မှူးကြီး ကဒါဖီ (Muammar Abu Minyar al-Qadhafi)သည် တော်လှန်ရေးကောင်စီ (RCC) ၏ ဥက္ကဋ္ဌဖြစ်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်လည်း ဖြစ်သည်။ ယခင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်းခဲ့သည်။ ၁၉၆၉ ခုနှစ် စက်တင်ဘာလ ၈ ရက်နေ့တွင် တော်လှန်ရေးကောင်စီက လစ်ဗျားနိုင်ငံအစိုးရအဖွဲ့သစ်ကို ဖွဲ့စည်းခဲ့သည်။ ထို့နောက် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ် မရေးဆွဲမီကာလအတွင်း နိုင်ငံတော်၏ ယာယီအုပ်ချုပ်မှုစာတမ်းအဖြစ် ဆောင်ရွက်ရမည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။ ထို့နောက် နိုင်ငံတော်ကို ကဒါဖီ ရေးသားပြုစုသည့် စာအုပ်စိမ်း (The Green Book) ဖြင့် အုပ်ချုပ်ခဲ့သည်။

ပြည်သူများသည် အထွေထွေပြည်သူ့ကွန်ဂရက်များ(General People's Congress – GPC) နှင့် အထွေထွေပြည်သူ့ကော်မတီ (General People's Committee) များမှတစ်ဆင့် ၎င်းတို့၏ လုပ်ပိုင်ခွင့်အာဏာကို ကျင့်သုံးကြသည်။ အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးအာဏာအားလုံးကို အထွေထွေပြည်သူ့ကွန်ဂရက်များတွင် အပ်နှင်းထားသော်လည်း ကွန်ဂရက်သည် တစ်နှစ်လျှင် နှစ်ပတ်ခန့်သာတွေ့ဆုံပြီး ၎င်း၏ လုပ်ပိုင်ခွင့်အာဏာအများစုကို အတွင်းရေးမှူးရုံးနှင့် အထွေထွေပြည်သူ့ကော်မတီထံသို့ လွှဲအပ်ထားသည်။ GPC အဖွဲ့ဝင်များ၏ သက်တမ်းသည် သုံးနှစ် ဖြစ်သည်။ GPC အဖွဲ့ဝင်များကို အဖွဲ့ဝင်အဖြစ် ရွေးကောက်တင်မြှောက်ခံရာ၌ အသက် ၁၈ နှစ်အထက် လူငယ်များသည် ကွန်ဂရက်တွင် မဖြစ်မနေ မဲပေးရန် လိုအပ်ပါသည်။ ထို့နောက် အထွေထွေပြည်သူ့ကွန်ဂရက်များကို အဖွဲ့ဝင်နေရာ ၂၀၀ ဖြင့် ဖွဲ့စည်းထားသော အထွေထွေအမျိုးသားကွန်ဂရက်ဖြင့် အစားထိုးခဲ့သည်။ အထွေထွေအမျိုးသားကွန်ဂရက်သည် အသွင်ကူးပြောင်းရေးကာလတွင် အထွေထွေအမျိုးသား ညီလာခံ (General National Assembly) ကဲ့သို့ ဥပဒေပြုရေးအာဏာရှိသည်။

**ရွေးကောက်ပွဲကိုယ်စားလှယ်လောင်း အရည်အချင်း သတ်မှတ်ချက်များ (၂၀၁၄ခုနှစ်)**

ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် လစ်ဗျားနိုင်ငံသားဖြစ်ရမည့်အပြင် မဲပေးပိုင်ခွင့်အရည်အချင်းနှင့် ပြည့်မီသူဖြစ်ပြီး ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းချိန်တွင် အသက် ၂၅ နှစ် ပြည့်ပြီးသူ ဖြစ်ရမည်။ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားသူ သို့မဟုတ် ထိုဘွဲ့နှင့်ညီမျှသည့် ပညာအရည်အချင်းရှိသူ ဖြစ်ရမည်။ လစ်ဗျားအမျိုးသားရွေးကောက်ပွဲကော်မရှင် (The High National Election Commission– HNEC)၏ အဖွဲ့ဝင် (၎င်း၏ ဘုတ်အဖွဲ့ဝင်များ၊ ဗဟိုအုပ်ချုပ်မှုအဖွဲ့ဝင်၊ ဒေသန္တရဆိုင်ရာကော်မတီဝင်များ သို့မဟုတ် မဲရုံအဖွဲ့ဝင်များ) မဟုတ်သောသူများ ဖြစ်ရမည်။

*စာမျက်နှာ ၁၇ သို့*




လစ်ဗျားနိုင်ငံ၏ ဥပဒေပြုလွှတ်တော် (Libya House of Representatives)။

**"လစ်ဗျားနိုင်ငံသည် စည်းမျဉ်းခံ ဘုရင်အုပ်ချုပ်ရေးစနစ် လက်ခံကျင့်သုံးသော နိုင်ငံဖြစ်ခဲ့သည်။ ၁၉၅၁ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဘုရင်သည် နိုင်ငံတော်၏ အကြီးအကဲဖြစ်သည်။ အုပ်ချုပ်ရေးဆိုင်ရာအကြီးအကဲမှာ ဝန်ကြီးချုပ်ဖြစ်ပြီး ၎င်းအားကူညီရန်အတွက် ဝန်ကြီးအဖွဲ့ ရှိသည်။ ပါလီမန်ကို အထက်လွှတ်တော် (Senate)နှင့် အောက်လွှတ်တော် (House of Representatives) တို့ဖြင့် ဖွဲ့စည်းထားသည်။ ထရစ်ပိုလီတန်းနီယပြည်နယ်၊ ဆိုင်ရီနေးကပြည်နယ်နှင့် ဖတ်ဇန်ပြည်နယ်ဟူသည့် ပြည်နယ်သုံးနယ်အတွက် ပြည်နယ်တစ်ခုစီတွင် ၎င်းတို့၏ "ပြည်နယ်အစိုးရ" ရှိသည်"**

*စာမျက်နှာ ၁၆ မှ*

ပြစ်မှုဆိုင်ရာ ဥပဒေအရဖြစ်စေ၊ တရားမမှုဆိုင်ရာ ဥပဒေအရ ဖြစ်စေ ပြစ်မှုထင်ရှားစီရင်ခြင်းခံရဖူးသူများအနေဖြင့် ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြုရပါ။ လွှတ်တော်ကိုယ်စားလှယ်လောင်းသည် ကိုယ်စားလှယ်လောင်း တင်သွင်းရာ၌ ရွေးကောက်ပွဲဝင်ခွင့်အာမခံငွေ ဒိုင်နာ ၅၀၀ နှင့်အတူ ၎င်းဝင်ရောက်ယှဉ်ပြိုင်မည့် မဲဆန္ဒနယ်အတွင်းရှိ မှတ်ပုံတင်ထားသော မဲဆန္ဒရှင် ၁၀၀ ဦး ၏ လက်မှတ်ရေးထိုးထားသည့် ထောက်ခံချက် လိုအပ်သည်။ ထို့ပြင် ရွေးကောက်ပွဲဝင်ခွင့် အာမခံငွေ ဒိုင်နာ ၅၀၀ ကိုလည်း ပြန်လည် ထုတ်ယူခွင့် မပြုပါ။

**အထွေထွေအမျိုးသားကွန်ဂရက် (General National Congress–GNC) ရွေးကောက်ပွဲ (၂၀၁၄ ခုနှစ်)**

လစ်ဗျားနိုင်ငံတွင် သမ္မတရွေးကောက်ပွဲနှင့် လွှတ်တော်ရွေးကောက်ပွဲဟူ၍ နှစ်မျိုးရှိသည်။ အထွေထွေ အမျိုးသားကွန်ဂရက်ကို အဖွဲ့ဝင်နေရာ၂၀၀ ဖြင့် ဖွဲ့စည်းခဲ့သည်။ အဖွဲ့ဝင်နေရာ ၂၀၀ ဖြင့် ဖွဲ့စည်းရာ၌ အဖွဲ့ဝင် ၃၂ နေရာကို အမျိုးသမီးများအတွက် သီးသန့်ထားရှိခဲ့သည်။ ၂၀၁၄ ခုနှစ် ဇွန်လတွင် ကျင်းပပြုလုပ်ခဲ့သော အထွေထွေ အမျိုးသားကွန်ဂရက် ရွေးကောက်ပွဲတွင် မူလ မဲဆန္ဒနယ် ၁၃ ခုရှိပြီး မဲဆန္ဒနယ်ခွဲ ၇၅ ခု ခွဲခြားခဲ့သည်။ မှတ်ပုံတင်ခဲ့သော မဲဆန္ဒရှင်ဦးရေ ၁၅၀၉၁၂၈ ဦး ဖြစ်သည်။ မဲပေးသည့် မဲဆန္ဒရှင် စုစုပေါင်း ၆၃၀၀၀၀ ရှိခဲ့သည်။ မဲဆန္ဒရှင်များ အနေဖြင့် ရွေးကောက်ပွဲတွင် မဲပေးနိုင်သည့် အခွင့်အရေး သို့မဟုတ် မဲမပေးဘဲနေနိုင်သည့် အခွင့်အရေးရှိသည်။ အဆိုပါ ရွေးကောက်ပွဲတွင် အဖွဲ့ဝင်ဦးရေ၂၀၀ အတွက် အဖွဲ့ဝင်ဦးရေ ၄၀ အား ဗဟုအများစု ကိုယ်စားပြုစနစ်(Plurality System) ဖြင့် ရွေးကောက်တင်မြှောက်ပြီး အဖွဲ့ဝင်ဦးရေ ၈၀ ကို လွှဲပြောင်း၍မရသော တစ်မဲတည်းပေးစနစ် (Single Non–transferable Vote – SNTV)ဖြင့် ရွေးကောက်တင်မြှောက်ကာ ကျန်အဖွဲ့ဝင်ဦးရေ ၈၀ ကို စာရင်းပိတ် အချိုးကျကိုယ်စားပြုစနစ် (Closed List Proportional Representatives – PR) ဖြင့် ရွေးကောက်တင်မြှောက်ခဲ့သည်။ အဖွဲ့ဝင်နေရာ ၂၀၀ ဖြင့် ဖွဲ့စည်းသည့် အထွေထွေအမျိုးသားကွန်ဂရက်အတွက် ၂၀၁၄ ခုနှစ် ဇွန်လ ၂၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ရွေးကောက်ပွဲတွင် မဲရုံအချို့၌ သပိတ်မှောက်ခြင်းနှင့် အကြမ်းဖက်မှုများကြောင့် စုစုပေါင်း ၁၈၈ ဦးကိုသာ ရွေးကောက်တင်မြှောက်နိုင်ခဲ့သည်။

အဖွဲ့ဝင်နေရာ ၂၀၀ ဖြင့် ဖွဲ့စည်းထားသည့် လွှတ်တော်အတွက် လာမည့်ရွေးကောက်ပွဲတွင် မဲများသူအနိုင်ယူစနစ်ဖြင့် ရွေးကောက်တင်မြှောက်ရန် ကြေညာထားသည်။ သီးခြားမဲဆန္ဒနယ် (single–member constituency) တွင် ဗဟုအများစုကိုယ်စားပြုစနစ်ဖြင့် ရွေးကောက်တင်မြှောက်ပြီး မဲဆန္ဒနယ်ပေါင်းစုံ (Multi–member Constituencies)တွင် လွှဲပြောင်း၍ မရသော တစ်မဲတည်းပေးစနစ်(SNTV)ဖြင့် ရွေးကောက်တင်မြှောက်ရန် ရည်ရွယ်ထားကြောင်း သိရှိရသည်။

**လစ်ဗျားနိုင်ငံ၏ ဥပဒေပြုလွှတ်တော် (House of Representatives–HoR)**


လစ်ဗျားနိုင်ငံတွင် House of Representa–tives– HoR ဟူသည့် ဥပဒေပြုလွှတ်တော် တစ်ရပ်သာရှိသည်။ လစ်ဗျားနိုင်ငံတွင် နောက်ဆုံးကျင်းပခဲ့သော လွှတ်တော်ရွေးကောက်ပွဲသည် ၂၀၁၄ ခုနှစ် ဇွန်လ ၂၅ ရက်နေ့တွင် ကျင်းပခဲ့သော ရွေးကောက်ပွဲဖြစ်သည်။ ရွေးကောက်ပွဲပြီးနောက် အထွေထွေအမျိုးသားကွန်ဂရက်ကို ဖျက်သိမ်းခဲ့ပြီး ၎င်း၏နေရာတွင် လစ်ဗျားနိုင်ငံ၏ ဥပဒေပြုလွှတ်တော်ကို အစားထိုးခဲ့သည်။ အထွေထွေအမျိုးသား ကွန်ဂရက်သည် ဥပဒေပြုလွှတ်တော်ထံ ၄–၈–၂၀၁၄ ရက်တွင် ၎င်း၏ အခွင့်အာဏာများကို လွှဲပြောင်းပေးအပ်ခဲ့ပြီး ဥပဒေပြုလွှတ်တော်သည် အဆိုပါနေ့၌ပင် လစ်ဗျားနိုင်ငံ၏ တရားဝင် ဥပဒေပြုလွှတ်တော်ဖြစ်လာခဲ့သည်။ ဥပဒေပြုလွှတ်တော် (HoR)၏ သက်တမ်းမှာ လွှတ်တော် အစည်းအဝေးစတင်ကျင်းပသည့်နေ့မှ နောက်ရွေးကောက်ပွဲကျင်းပပြီး လွှတ်တော်ကိုယ်စားလှယ်အသစ် ရွေးကောက်တင်မြှောက်ခြင်းမပြုမီ အချိန်အထိဖြစ်သည်။ လစ်ဗျားနိုင်ငံ၏ ဥပဒေပြုလွှတ်တော် ရွေးကောက်ပွဲကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက် နေ့တွင် ကျင်းပပြုလုပ်ရန် စီစဉ်ခဲ့သော်လည်း လုံခြုံရေးအခြေအနေများကြောင့် ရွေးကောက်ပွဲအား အဆိုပါနေ့၌ ကျင်းပနိုင်ခြင်းမရှိခဲ့ကြောင်း လေ့လာသိရှိရပါသည်။

**လစ်ဗျား အမျိုးသားရွေးကောက်ပွဲကော်မရှင် (The High National Election Commission– HNEC)**

လစ်ဗျားနိုင်ငံ၏ သမ္မတရွေးကောက်ပွဲနှင့် လွှတ်တော်ရွေးကောက်ပွဲများကို စီမံခန့်ခွဲ ကြီးကြပ်ဆောင်ရွက်ရန် ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၁၈ ရက်နေ့တွင် လစ်ဗျားအမျိုးသားရွေးကောက်ပွဲကော်မရှင်ကို စတင်ဖွဲ့စည်းခဲ့သည်။ လစ်ဗျားအမျိုးသားရွေးကောက်ပွဲကော်မရှင် (HNEC)သည် လွတ်လပ်သော အဖွဲ့အစည်းဖြစ်သည်။ ရွေးကောက်ပွဲကော်မရှင်ကို ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်ဦးရေ ၁၁ ဦးမှ ၂၀ အထိ ဖွဲ့စည်းနိုင်သည်။ ၎င်းတို့၏ ရာထူးသက်တမ်းကို သတ်မှတ်ပြဋ္ဌာန်းထားခြင်း မရှိပါ။ ရွေးကောက်ပွဲကော်မရှင်သည် မဲဆန္ဒရှင်စာရင်းမှတ်ပုံတင်ခြင်းကိစ္စရပ်များကို ကြီးကြပ်ဆောင်ရွက်သည်။ ထို့ပြင် အမျိုးသားရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ရန်အတွက်လိုအပ်သည့် စည်းမျဉ်းစည်းကမ်းများကို ထုတ်ပြန်ကြေညာနိုင်သည်။ ရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များကို စီမံခန့်ခွဲသည်။ ရွေးကောက်ပွဲလုပ်ငန်းစဉ်များဖြစ်သည့် ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များကို နိုင်ငံသားများအား အသိပေး ထုတ်ပြန်ခြင်း၊ အသိပညာများပေးခြင်း၊ မဲဆန္ဒရှင်စာရင်းများ မှတ်ပုံတင်ခြင်း၊ မီဒီယာနှင့်စောင့်ကြည့် လေ့လာသူများ အသိအမှတ်ပြုခြင်းစသည့် ကိစ္စများကိုလည်း ဆောင်ရွက်သည်။

**ရွေးကောက်ပွဲဆိုင်ရာဆောင်ရွက်ချက်များ**

လစ်ဗျားနိုင်ငံ၏ ရွေးကောက်ပွဲဥပဒေအရ မဲစာရင်းတွင်ပါဝင်ခြင်းမရှိသည့် မည်သည့်ပုဂ္ဂိုလ်ကိုမျှ မဲပေးခွင့်မပြုဘဲ မဲဆန္ဒရှင်စာရင်းတွင် ပါဝင်သော မဲဆန္ဒရှင်များသာ ဆန္ဒမဲပေးခွင့် ရှိသည်။ မဲဆန္ဒရှင်များ၏ အသက်ကန့်သတ်ချက်သည် ၁၈ နှစ် ဖြစ်သည်။ မဲဆန္ဒရှင်စာရင်း မှတ်ပုံတင်ရာတွင် အသက် ၁၈ နှစ် ပြည့်ပြီးသည့် လစ်ဗျားနိုင်ငံသား ဖြစ်ရမည့်အပြင် နိုင်ငံသားစိစစ်ရေးကတ်ကိုင်ဆောင်ထားသူ ဖြစ်ရမည်။ ကိုယ်စားလှယ်စေလွှတ်၍ ဆန္ဒမဲပေးခြင်းအား မည်သူကိုမျှ ခွင့်မပြုပါ။ ရွေးကောက်ပွဲနေ့ မဲရုံဖွင့်ချိန်သည် နံနက် ၈ နာရီမှ ည ၈ နာရီအထိဖြစ်ပြီး မဲဆန္ဒရှင်များအနေဖြင့်




မဲရုံဖွင့်ချိန်အတွင်း ကြိုက်နှစ်သက်သည့်အချိန်တွင် ဆန္ဒမဲပေးနိုင်သည်။ မဲရုံပိတ်ချိန် ည ၈ နာရီ နောက်ပိုင်းမှ ရောက်ရှိလာသော မဲဆန္ဒရှင်များအား ဆန္ဒမဲပေးခွင့် မပြုသော်လည်း ည ၈ နာရီ မတိုင်မီ သတ်မှတ်ထားသော မဲရုံပရဝဏ်အတွင်း ရောက်ရှိနေသော မဲဆန္ဒရှင်များအား မဲပေးခွင့်ပြုသည်။

မဲရုံတွင် မဲရုံတာဝန်ခံ တစ်ဦး၊ မဲရုံကြီးကြပ်သူ တစ်ဦး၊ မဲဆန္ဒရှင် သက်သေခံအထောက်အထား စစ်ဆေးသူ တစ်ဦး၊ မဲလက်မှတ်ထုတ်ပေးသူ တစ်ဦးနှင့် မဲပုံးစောင့်ရှောက်သူ/ မင်တို့ပေးသူစသည့် မဲရုံဝန်ထမ်းများရှိသည်။ ဆန္ဒမဲပေးမည့် မဲဆန္ဒရှင်များ၊ စင်တာမှဝန်ထမ်းများ၊ ရွေးကောက်ပွဲကော်မရှင်မှ ဝန်ထမ်းများ၊ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ ပြည်တွင်း/ပြည်ပ ရွေးကောက်ပွဲစောင့်ကြည့် လေ့လာသူများ၊ ပြည်တွင်း/ပြည်ပ သတင်းမီဒီယာများ၊ ရွေးကောက်ပွဲကော်မရှင်မှ တရားဝင် အသိအမှတ်ပြုထားသော ဧည့်သည်တော်ကြီးများ (ဥပမာ–သံတမန်များ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံတကာမှ အထူးကိုယ်စားလှယ်တော်များ)ကို မဲရုံအတွင်းသို့ ဝင်ခွင့်ပြုနိုင်သည်။ သို့သော်မဲရုံအတွင်းသို့ လက်နက်ခဲယမ်းပစ္စည်းများ ယူဆောင်ခြင်းအား တားမြစ်ထားသည်။

မဲဆန္ဒရှင်များအနေဖြင့် မိမိတို့ဆန္ဒပြုထားသည့် မဲသည် ပယ်မဲ (Cancelled ballot) မဖြစ်စေရေး လက်ချောင်းတွင် မင်တို့ရန် အလွန်အရေးကြီးသည်။ ယေဘုယျအားဖြင့် မဲဆန္ဒရှင်အနေဖြင့် လျှို့ဝှက်ဆန္ဒပြုခန်းတွင် ဆန္ဒပြုပြီးပါက မဲပုံးအတွင်းသို့ ဆန္ဒမဲလက်မှတ် မထည့်မီ မဲပုံးအနီးတွင်ရှိသော မဲပုံးစောင့်ရှောက်သူက မဲဆန္ဒရှင်အား ညာလက်ညှိုးတွင် မင်တို့ပေးသည်။ ညာလက်ညှိုး မရှိပါက ညာလက်မှ သင့်လျော်သည့် လက်ချောင်းကို မင်တို့ပြီး ညာလက်မရှိပါက ဘယ်လက်ရှိ သင့်လျော်သည့် လက်ချောင်းတွင် မင်တို့သည်။ မင်တို့ပြီးနောက် မဲဆန္ဒရှင်သည် ၎င်း၏ ဆန္ဒမဲလက်မှတ်အား မဲပုံးအတွင်းသို့ ထည့်သွင်းရသည်။ မဲဆန္ဒရှင်သည် မင်တို့ခြင်းမပြုဘဲ ငြင်းဆန်ပါက အဆိုပါမဲအား ပယ်မဲအဖြစ် သတ်မှတ်သည်။ ခြွင်းချက်အနေဖြင့် မင်တို့ရန် လက်နှစ်ဖက်လုံး မပါရှိလျှင် မင်တို့ခြင်းအား ကင်းလွတ်ခွင့်ပြုနိုင်သည်။

မဲရုံဝန်ထမ်းများသည် မဲရုံတွင် မဲရေတွက်ခြင်းကို မဲရုံပိတ်ပြီးပါက စတင်ဆောင်ရွက်သည်။ မဲရေတွက်ရာတွင် မဲရုံဝန်ထမ်းများ၊ ရွေးကောက်ပွဲကော်မရှင်မှ ဝန်ထမ်းများ၊ ရွေးကောက်ပွဲကော်မရှင်မှ တရားဝင် အသိအမှတ်ပြုထားသော ဧည့်သည်တော်ကြီးများ (ဥပမာ– သံတမန်များ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံတကာမှ အထူးကိုယ်စားလှယ်တော်များ)၊ ရွေးကောက်ပွဲ ကိုယ်စားလှယ်များ၊ ပြည်တွင်း/ ပြည်ပမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၊ ပြည်တွင်း/ ပြည်ပမှ သတင်းမီဒီယာများကို မျက်မြင်သက်သေအဖြစ် ကြည့်ရှုခွင့်ပြုနိုင်သည်။ မဲရေတွက်ခြင်း ဆောင်ရွက်ရာတွင် (၁) ဆန္ဒပြုထားသော မဲလက်မှတ်များအား စုပေါင်းခြင်း (Reconciliation)၊ (၂) အမျိုးအစားအလိုက် စုစည်းခြင်း(Sorting)၊ (၃) မဲလက်မှတ်များ ရေတွက်ခြင်း (Counting) ဟူ၍ အဆင့်(၃)ဆင့်ဖြင့် ဆောင်ရွက်သည်။ ရေတွက်၍ ရရှိသော မဲရလဒ်စာရင်းများကို ရွေးကောက်ပွဲကော်မရှင် (HNEC)က အတည်ပြုပြီးနောက် အနိုင်ရရှိသူများစာရင်းကို ထုတ်ပြန်ကြေညာသည်။

**နိဂုံး**

လစ်ဗျားနိုင်ငံသည် ပြောင်းလဲလာသည့် ခေတ်ကာလအခြေအနေနှင့် လိုက်လျောညီထွေဖြစ်စေရန် ဥပဒေပြုလွှတ်တော်များကို ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခဲ့သည့်အလျောက် ယခင်ရွေးကောက်ပွဲများ အတွေ့အကြုံနှင့် ယခင်က ကျင့်သုံးခဲ့သည့် ရွေးကောက်ပွဲစနစ်၏ အားနည်းချက်/ အားသာချက်များအပေါ်မူတည်၍ ၎င်းတို့နိုင်ငံနှင့်ကိုက်ညီသည့် ရွေးကောက်ပွဲစနစ်ကို ပြောင်းလဲကျင့်သုံးခဲ့ကြောင်း လေ့လာသုံးသပ်တွေ့ရှိရပါသည်။ ။

**ကျမ်းကိုး**

- https://hcs.gov.ly/
- https://www.worldometers.info/world–population/libya–population/
- https://kids.nationalgeographic.com/geography/countries/article/Libya
- https://www.nationsencyclopedia.com/Africa/Libya–GOVERNMENT.html
- https://constitutionnet.org/country/constitutional–history–libya
- https://www.electionguide.org/elections/id/2798/
- https://www.aecproject.org/epic–en/CDCountry?country=LY
- https://www.temehu.com/libya.htm
- https://www.temehu.com/HOR/polling–manual–eng.pdf
- https://www.temehu.com/political–parties.htm
- https://www.temehu.com/house–of–representatives.htm
- https://www.temehu.com/political–parties.htm
- http://archive.ipu.org/parline–e/reports/2185_E.htm
- http://archive.ipu.org/parline–e/reports/arc/2185_12.htm
- https://data.ipu.org/node/97/parliamentary–mandate?chamber_id=13429

# ပြည်သူလူထုသို့ အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မိဘပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ သံသယလက္ခဏာများ ခံစားရခြင်း၊ ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့ခြင်းတို့ရှိပါက အချိန်နှင့်တစ်ပြေးညီ (၂၄) နာရီပတ်လုံး သတင်းပေးပို့ဆက်သွယ်စုံစမ်းနိုင်ရေးအတွက် ခရိုင်အလိုက် ကိုဗစ်-၁၉ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့ (RRT) များ ဖွဲ့စည်းထားရှိပြီးဖြစ်ရာ အဆိုပါအဖွဲ့များ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ သက်ဆိုင်ရာ ခရိုင်အလိုက် ဆက်သွယ်နိုင်ပါသည်။

ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲစစ်ဆေးလိုသူများအနေဖြင့်လည်း အဆိုပါ ခရိုင်အလိုက် ဆက်သွယ်ရမည့် ဖုန်းနံပါတ်များသို့ ဆက်သွယ်၍ သက်ဆိုင်ရာ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့များမှ ချိတ်ဆက်ပေးသည့် ဓာတ်ခွဲစစ်ဆေးသည့်နေရာများတွင် နေ့စဉ်နံနက် (၉)နာရီမှ ညနေ (၄) နာရီအထိ ပိတ်ရက်မရှိ COVID-19 Rapid Antigen Test (RDT) နည်းဖြင့် ဓာတ်ခွဲစစ်ဆေးနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

ဓာတ်ခွဲစစ်ဆေးချက်အရ ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့လူနာများအနက် ဆေးရုံ/ကိုဗစ်-၁၉ ကုသရေးဌာနများတွင် ကုသမှုခံယူရန်လိုအပ်သော လူနာများအတွက်လည်း ခရိုင်အလိုက် လူနာခုတင်စီမံခန့်ခွဲမှု ကော်မတီ (Bed Management Committee) များက ချိတ်ဆက်ကူညီဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

တောင်ပိုင်းခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကိုဗစ်-၁၉ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့ (RRT) သို့ (၂၄)နာရီ ဆက်သွယ်နိုင်သည့် ဖုန်းနံပါတ်များ
၀၉ ၈၈ ၂၅၅၅၀၆၇
၀၉ ၈၈ ၂၅၅၅၀၆၈
၀၉ ၈၈ ၂၅၅၅၀၆၉

မြောက်ပိုင်းခရိုင် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၊ ကိုဗစ်-၁၉ အရေးပေါ် တုံ့ပြန်ရေးအဖွဲ့ (RRT) သို့ (၂၄)နာရီဆက်သွယ်နိုင်သည့် ဖုန်းနံပါတ်များ
၀၉ ၈၈ ၂၅၅၅၀၇၁
၀၉ ၈၈ ၂၅၅၆၃၃၈
၀၉ ၈၈ ၂၅၅၆၃၄၀

အနောက်ပိုင်းခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကိုဗစ်-၁၉ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့(RRT) သို့ (၂၄)နာရီ ဆက်သွယ်နိုင်သည့် ဖုန်းနံပါတ်များ
၀၉ ၈၈ ၂၅၅၅၀၆၃
၀၉ ၈၈ ၂၅၅၅၀၆၄
၀၉ ၈၈ ၂၅၅၅၀၆၅

အရှေ့ပိုင်းခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကိုဗစ်-၁၉ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့ (RRT) သို့ (၂၄)နာရီ ဆက်သွယ်နိုင်သည့် ဖုန်းနံပါတ်များ
၀၉ ၈၈ ၂၅၅၅၀၄၉
၀၉ ၈၈ ၂၅၅၅၀၆၁
၀၉ ၈၈ ၂၅၅၅၀၆၂

ကျန်းမာရေးဝန်ကြီးဌာန

## ရွှေပြည်တော်သို့ဆုံမှတ် ပရဟိတအသင်း ဒါနပါရမီ စုပေါင်းသွေးလှူဒါန်း



နေပြည်တော် ဖေဖော်ဝါရီ ၁၃

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ရွှေပြည်တော်သို့ ဆုံမှတ်ပရဟိတ အသင်း၏ ဒါနပါရမီစုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၌ ကျင်းပသည်။

အဆိုပါ သွေးလှူဒါန်းပွဲကို ရွှေပြည်တော်သို့ ဆုံမှတ် ပရဟိတအသင်းမှ အသင်းသား အသင်းသူများနှင့် သွေးလှူရှင်များ၊ တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)မှ ဌာနကြီးမှူး ဗိုလ်မှူးကြီး ဒေါက်တာ ဒေါ်စိုးစိုးမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ သွေးလှူဒါန်းပွဲတွင် လာရောက်လှူဒါန်းကြသည့် သွေးအလှူရှင်များအား တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး အာဟာရဖြည့်စွက်စာများနှင့် အားဆေးများ ထောက်ပံ့ပေးအပ်သည်။

ရွှေပြည်တော်သို့ဆုံမှတ် ပရဟိတအသင်း၏ ဒါနပါရမီစုပေါင်းသွေးလှူဒါန်းပွဲသည် ယခုအကြိမ် အပါအဝင် (၈) ကြိမ်မြောက်ဖြစ်ပြီး ယခင်အကြိမ်များမှာ ရန်ကုန်ရှိသွေးလိုအပ်နေသော ဆေးရုံကြီးများတွင် သွားရောက်လှူဒါန်းခဲ့ပြီး ယခုအကြိမ်သည် နေပြည်တော်တွင်ကျင်းပသော စိန်ရတုပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် နေပြည်တော်ရှိ တပ်မတော် ဆေးရုံကြီး (ခုတင်-၁၀၀၀) တွင် လာရောက်လှူဒါန်းခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ လူမျိုးဘာသာမရွေး ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

နေပြည်တော် ဖေဖော်ဝါရီ ၁၃

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ်အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသားကျောင်းသူများ စသည့် ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၁၅၀၆၀၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ငါးမြို့နယ်တို့၌ ဒေသခံပြည်သူ ၇၅၅၅ ဦးနှင့် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင် ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၇၄၂၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၄-၂-၂၀၂၂ တနင်္လာနေ့

**MRTV HD**

- 06:00 မေတ္တာသုတ်၊ ရတနသုတ်၊ မောရွှ်ပ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- 07:00 နံနက်ခင်းသတင်း
- 08:25 နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိန်ရတုပြည်ထောင်စုနေ့တွင် ပြောကြားသည့်မိန့်ခွန်း
- 09:25 မွေးမြူရေးရာအဖြာဖြာ
- 10:00 သတင်းထဲကသတင်း
- 11:30 MRTV National News
- 14:00 စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြု အခမ်းအနားထုတ်လွှင့်မှုအစီအစဉ်
- 16:25 အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ
- 17:30 This Week's Special Interest
- 17:25 ကျန်းမာရေးအတွက်တိုင်းရင်းဆေးပညာ
- 17:45 အာရှရဲ့ သဘာဝကမ်းခြေ ငပလီ
- 18:00 ပြည်တွင်းသတင်း
- 18:25 သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- 20:00 ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- 21:00 ပြည်ထောင်စုစိတ်ဓာတ်နှောင်ဖွဲ့ရာ
- 21:25 မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နှစ်ပတ်လည်ဂုဏ်ပြုဇာတ်လမ်း 'လွှမ်းရစ်တော့ငြိမ်း' (ဇော်ဝမ်း၊ ခင်သန်းနု၊ ပန်းဖြူ၊ ကိုကိုလင်းမောင်၊ MRTV ဝန်ထမ်းများ

သောကြာနေ့ ညတိုင်းတွင် ဖေးဂီတချော်ပြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်

MRTV Online www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal SCAN ME

**mitv**

- 07:02 Shwin Lan Chan Myae Par Zay (Thae Nu Wah)
- 07:08 A Visit to Yangon's Coastal Area
- 07:26 Unique Art of Stucco Work
- 07:43 Nyan Yoe Lighting Festival
- 08:01 Come Beat Eggs For Fun & Reward
- 08:25 Myanmar Traditional Identity (EP- 3) The Sphinx Of Egypt And The Manousiha Of Myanmar
- 08:39 Chef Life: Shaul Ben-Aderet (Israel)
- 09:01 News
- 09:27 Global Partnership for Brighter Future: Ukraine Pavilion at Expo 2020 Dubai
- 09:33 An Ode To Love
- 09:36 Crickets: Seasonal Delicacy & Job Opportunity

**MRTV NRC**

**ပအိုဝ်းဘာသာ (06:00 မှ 07:00)**
သွေးချင်းတို့ရဲ့ဆုံစည်းရာ(အပိုင်း-၁)

**အနောက်ပိုးကရင် (07:00 မှ 08:00)**
ဖျိုင်းဖြူရွာက ရေလုပ်သားကြီးဘဝ

**အရှေ့ပိုးကရင် (08:00 မှ 09:00)**
တွေ့မြင်ခံစားကြာအင်းတောင်ပေါ်မှ မြင်ကွင်းများ

**ချင်း (လိုင်ဇိုး) (09:00 မှ 10:00)**
တောင်ဇလပ်ရဲ့ရှိုးရာအလှ(အပိုင်း-၁)

**ချင်း (ချိုး) (10:00 မှ 11:00)**
ချင်းရိုးရာပြတိုက်

**မွန် (11:00 မှ 12:00)**
မွန်စာပေသင်ကြားရေး(အပိုင်း-၄)

**ရခိုင် (12:00 မှ 13:00)**
သပြတ်သီးနှင့်အမဲသားချက်

**ရှမ်း (13:00 မှ 17:00)**
ပေပေါင်း(၈၀၀၀)ကျော်မြင့်တဲ့မဲနယ် တောင်တန်းမှ တောင်ဇလပ်ပန်းများရှိရာဆီသို့

**ဝ (17:00 မှ 19:00)**
လှိုင်မွှေမြို့သို့အလည်တစ်ခေါက်

**ကချင် (19:00 မှ 21:00)**
လချိဒ်ရိုးရာဝတ်စုံဝတ်ဆင်ပုံ

**ကယား (21:00 မှ 22:00)**
သဘာဝအလှတရားရှိရာ ထီးစဲခါးရေတံခွန်ဆီ

**MRTV PARLIAMENT**

- 09:00 အဖွင့်၊ အလှ
- 09:30 ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အဝယ်မလောနဲ့'
- 10:00 ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- 10:30 ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၄)
- 11:00 နိုင်ငံတကာရွေးကောက်ပွဲများ အကြောင်း(ဆွစ်ဇာလန်နိုင်ငံ)
- 11:30 အတွေးအမြင် (အပိုင်း-၄)

**MRTV SPORTS**

- 06:00 အဖွင့်
- 06:30 အခြေခံအားကစားနည်းစနစ်များ
- 07:00 Sports News
- 07:30 Soccer View/ Weekly Sports Info
- 07:45 အားကစားလောကထဲက သူတို့အကြောင်း
- 08:00 ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- 20:00 ပြည်တွင်းသတင်း

MRTV Farmers' Channel MRTV FARMERS တို့ နေ့စဉ်နံနက် (၆:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ Education Channel တို့ နေ့စဉ်နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

## မြန်မာ့အသံ ရေဒီယို

နံနက် (၅:၃၀) နာရီ မှ ည (၁၁:၀၀) နာရီအထိ
SW 5985 kHz / 9730 kHz

မြန်မာပြည် (အောက်ပိုင်း) MW 576 kHz
မြန်မာပြည် (အလယ်ပိုင်း) MW 594 kHz

မြန်မာ့အသံရေဒီယိုအစီအစဉ်များအား FM စနစ်ဖြင့် မြို့ကြီး (၈၅) မြို့တွင် ဖမ်းယူရရှိနိုင်ပါသည်။

**Myanma Radio**

(7:00) AM to (11:00) PM

FM Radio — Yangon 94.6 MHz, Pyinmana 101.7 MHz, Sagaing 99.0 MHz

**သဘင် ရေဒီယို**

နံနက် (၇:၀၀) နာရီ မှ မွန်းတည့် (၁၂:၀၀) နာရီ အထိ
ညနေ (၄:၀၀) နာရီ မှ ည (၉:၀၀) နာရီ အထိ

ရန်ကုန်နှင့်အနီးတစ်ဝိုက် FM 99.6 MHz
မြန်မာပြည်အလယ်ပိုင်း MW 711 kHz

**တိုင်းရင်းသား ဘာသာ အစီအစဉ်**

နံနက် (၆:၀၀) နာရီ မှ ည (၈:၃၀) နာရီအထိ
တချင်၊ ချင်း (လိုင်ဇိုး)၊ ချင်း (ချိုး)၊ ရခိုင်၊ ရှမ်း၊ 'ဝ'၊ တိုးကန်၊ ပအိုဝ်း၊ ဓနု
SW 5915 kHz

နံနက် (၆:၀၀) နာရီ မှ ည (၇:၀၀) နာရီအထိ
ကယား၊ ကယန်း၊ ဇေရီ၊ ဂေဘား၊ စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ မွန်
MW 729 kHz

## မြစ်ကြီးနားမြို့နယ်ရှိ သမဝါယမအသင်းနှစ်သင်းက အသင်းသားပြည်သူများသို့ စုဆောင်းငွေပေါ်အတိုးများ ထုတ်ပေး

နေပြည်တော် ဖေဖော်ဝါရီ ၁၃

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်အတွင်း ခေမာသီရိရပ်ကွက်ရှိ ရွှေနန်းသစ်အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်း(လီမိတက်)က အသင်းသားပြည်သူများအား စုဆောင်းငွေပေါ် အတိုးငွေကျပ် ၆၁၂၂၅၇၀ ကိုလည်းကောင်း၊ ရှမ်းစုတောင်ရပ်ကွက်ရှိ အေးငြိမ်းချမ်းသာ ဂျီအီးစီပညာရေးငွေစုငွေချေးသမဝါယမအသင်း (လီမိတက်) က အသင်းသားပြည်သူများအား စုဆောင်းငွေပေါ် အတိုးငွေကျပ် ၃၂၈၅၁၁၇ ကိုလည်းကောင်း အသင်းသားပြည်သူများ လက်ဝယ်အရောက်ပေးအပ်ကြောင်း သိရသည်။ **သတင်းစဉ်**

## လှိုင်းအသင့်အတင့်ရှိမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၃

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၃ - ၂ - ၂၀၂၂

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၈၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၇၄၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၈၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၇၄၁၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၆၇၅/၁၆၉၀ ကျပ် | ၁၇၀၀/၁၇၁၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၆၈၅/၁၇၀၀ ကျပ် | ၁၇၁၅/၁၇၃၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၆၅၀/၁၆၇၅ ကျပ် | ၁၆၈၀/၁၇၂၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၇၀၅/၁၇၃၅ ကျပ် | ၁၈၁၀/၁၈၃၅ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၇၈ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၂၅ . ၉ |
| စင်္ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၃၂ . ၄ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၄ . ၃၉၈ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၃၂ . ၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၄ . ၄၄ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၉ . ၆၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၆၀၈ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၂၀၀ | ၈၂၀၀ | ၁၉၀၃ | ၁၅၆၀၄၆၀၀ |
| MTSH | ၂၉၅၀ | ၃၀၅၀ | ၈၃၃ | ၂၄၉၇၄၀၀ |
| MCB | ၇၈၀၀ | ၇၈၀၀ | ၃၅ | ၂၇၃၀၀၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၆၀၀ | ၂၆၀၀ | ၄၉ | ၁၂၇၄၀၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၅၂၀၀ | ၅၂၀၀ | ၂၀ | ၁၀၄၀၀၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန် စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး
ဓာတ်ပုံ သတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ချွေတာသုံးစွဲကြစို့လေ တန်ဖိုးကြီးမားသော 'ရေ'

ကိုကျော်စွာ(ကျိုက်ပိ)

**စာရေးသူတို့နေထိုင်ရာကမ္ဘာကြီးသည် ရေထုများသောကြောင့် ရေကမ္ဘာဟုပင် ခေါ်ကြပါသည်။ နေ့စဉ်လူနေမှုဘဝတွင် ရေသည် အဓိကအစိတ်အပိုင်းတစ်ခုဖြစ်သည်။ အဖိုးတန်၍ ရှားပါးလာသော သယံဇာတလည်းဖြစ်သည်။ ရှားပါးသောအရာသည် တန်ဖိုးကြီးမားလှပြီး စာရေးသူတို့အနေဖြင့် တန်ဖိုးကြီးမားသောအရာကို တန်ဖိုးထားတတ်ဖို့လည်း များစွာလိုအပ်ပါသည်။**

### ကမ္ဘာမြေကြီးနှင့်ရေ

စာရေးသူတို့ နေထိုင်ရာ ကမ္ဘာကြီးသည် ရေထု၊ လေထု မြေထုဟူသော အလွှာထုကြီးသုံးခုဖြင့် တည်ဆောက်ထားပါသည်။ မြေလွှာထုကို ရေလွှာထုက ပင့်တင်ထားပါသည်။ ထိုမြေထုနှင့် ရေထုကို လေထုက ပြန်လည် ပင့်တင်ပေးထားပါသည်။ ထိုအလွှာကြီးသုံးခုအနက် စာရေးသူတို့နေထိုင်ရာ ကမ္ဘာကြီးတွင် ရေထုဧရိယာက ပိုများပါသည်။ ရေထုသည် ကမ္ဘာကြီး၏ လေးပုံ သုံးပုံခန့်ရှိပါသည်။ ကမ္ဘာ့မြေပုံကိုကြည့်လျှင်လည်း မြစ် ၊ ချောင်း၊ အင်းအိုင်၊ ပင်လယ်သမုဒ္ဒရာများဖြင့်သာ ပြည့်နေပါသည်။ ကမ္ဘာ့မြေမျက်နှာပြင်အားလုံးတွင် ၇၁ ရာခိုင်နှုန်းမှာ ရေများဖြင့်ပြည့်နေသည်ဟု ဆိုပါသည်။

ကမ္ဘာပေါ်တွင်ရှိရှိသမျှသော ရေများတွင် အမျိုးအစားအားဖြင့် ရေချိုနှင့်ရေငန်ဟူ၍ နှစ်မျိုးရှိပါသည်။ ကမ္ဘာ့ရေထုအားလုံး၏ ၉၇ ရာခိုင်နှုန်းခန့်သည် ပင်လယ်သမုဒ္ဒရာများနှင့် ဆားငန်ရေများဖြစ်ပြီး ၃ ရာခိုင်နှုန်းမှာ ရေချိုပမာဏဖြစ်သည်။ ထို ၃ ရာခိုင်နှုန်းတွင်လည်း ရေခဲတောင်၊ ရေခဲမြစ်နှင့် မြေအောက်ရေသည် ၂ ဒသမ ၉၉၇ ရာခိုင်နှုန်းခန့်ရှိသည်ဟု သိရသည်။ စာရေးသူတို့ အမှန်တကယ်သုံးစွဲနိုင်သော ရေမှာ ၀ ဒသမ ၀၀၃ ရာခိုင်နှုန်းသာ ဖြစ်ပါသည်။ ကမ္ဘာတစ်ဝန်းလုံးအနေဖြင့်ဆိုလျှင် ရေချိုသုံးစွဲရမှုပမာဏသည် အလွန်ပင် နည်းပါးလှပေသည်။ ထို့ကြောင့် ရေသည် ကမ္ဘာပေါ်ရှိ သယံဇာတများအနက် အဖိုးအတန်ဆုံးသော သယံဇာတဖြစ်သည်ဟု ဆိုချင်ပါသည်။

### သက်ရှိတို့နှင့်ရေ

ယနေ့ ကမ္ဘာပေါ်တွင် လူဦးရေ အဆမတန် တိုးပွားလာသည်ကို သိကြပေလိမ့်မည်။ လူဦးရေ တိုးပွားလာသည်နှင့်အမျှ ရေသုံးစွဲမှုသည်လည်း များပြားလာမည်မှာ မလွဲပေ။ ရေသည် သက်ရှိတို့ အတွက် မရှိမဖြစ်သော သယံဇာတတစ်မျိုးလည်း ဖြစ်ပေသည်။ ရေမရှိလျှင် လူသားအပါအဝင် အပင်နှင့် အခြားသောသက်ရှိများ ရပ်တည်နိုင်မည် မဟုတ်ပေ။ ထို့ကြောင့် ရေသည် ဇီဝထု၏ အသက်သွေးကြော(Bloodstream of biosphere)ဟု တင်စားခေါ်ဝေါ်ကြဟန်တူပါသည်။ သက်ရှိဆိုရာတွင် လူသားတို့အပါအဝင် အပင်၊ တိရစ္ဆာန်နှင့် အင်းဆက်ပိုးများလည်း ပါဝင်ပါသည်။စာရေးသူတို့ မြန်မာမှုနယ်ပယ်တွင် "ထမင်းအသက် ခုနစ်ရက်-ရေအသက်တစ်မနက်"ဟု ဆိုရိုးစကား ရှိပါသည်။ ထမင်းမစားရလျှင် ခုနစ်ရက်အသက်ရှင်နိုင်သော်လည်း ရေမသောက်ရလျှင် တစ်မနက်ပင် အသက်မရှင်နိုင်ဟု ဆိုလိုဟန်ရှိပါသည်။ ဤ အဆိုသည် မှန်ပေ၏။ လူတစ်ယောက်၏ခန္ဓာကိုယ် အတွင်း၌ ၇၀ ရာခိုင်နှုန်းသည် ရေများသာဖြစ်သည်။ ခန္ဓာကိုယ်အတွင်း ရေပမာဏ ၅ ရာခိုင်နှုန်း လျော့နည်းပါက ရေငတ်ဝေဒနာကို ခံစားကြရပေမည်။ ထို့ထက်ပို၍ ၁၀ ရာခိုင်နှုန်းလျော့နည်းပါက သေဆုံးသည်အထိဖြစ်နိုင်ကြောင်း မှတ်သားရပါသည်။

လူတစ်ဦးအနေဖြင့် တစ်နေ့ကို ရေ ၁ ဒသမ ၅ လီတာလောက် အနည်းဆုံးသောက်သုံးရန် လိုအပ်ကြောင်းသိရပါသည်။ ရေသည်သက်ရှိတို့အတွက် မရှိမဖြစ်ပေ။ ရေတစ်စက်သည်ပင် အရေးပါလှပုံကို သီဟိုဠ်ဘုရင် ပရက္ကမဗာဟု(အေဒီ ၁၁၅၃-၈၆)က "မြေပေါ်သို့ကျလာသော ရေကလေးတစ်စက်ကို သော်မှ လူတို့မသုံးရဘဲ အဟောသိကံ မဖြစ်စေရ"ဟု မိန့်ဆိုခဲ့ကြောင်း မှတ်သားရပါသည်။

ရေကို လူသားတို့ပင် အလိုရှိသည်မဟုတ်ပေ။ တိရစ္ဆာန်နှင့် အင်းဆက်ပိုးကောင်လေးများပင် အလိုရှိကြသည်။ ငှက်ကလေးများနှင့် ကျွဲ၊ နွား ကြက်၊ ဘဲများလည်း ရေကိုသောက်သုံးကြသည်။ ပုရွက်ဆိတ်လေးများသည်လည်း ရေငတ်တတ်ကြသည်ဟု မှတ်သားရဖူးသည်။ ခြောက်သွေ့သော ဒေသများရှိ တွားသွားအင်းဆက်ပိုးများသည် ရေတစ်ပေါက်မျှသောက်ရသည်ကိုပင် နှစ်သက်ကြသည်ဟုဆိုပါသည်။ သစ်တောသစ်ပင်များသည် လည်း ရေကိုအမှီပြု ရှင်သန်နေကြရပါသည်။ ထို့ကြောင့် ရေမရှိလျှင် သက်ရှိအားလုံး အသက်ရှင်သန်နိုင်တော့မည် မဟုတ်ပေ။ ရေချိုကိုလည်း သန့်ရှင်းသောရေနှင့် ညစ်ညမ်းသောရေဟူ၍ ခွဲခြားထားပါသည်။ ယနေ့ကမ္ဘာ့ရေထု၏ ၂ ဒသမ ၅ ရာခိုင်နှုန်းသာ ရေသန့်ဖြစ်ကြောင်း ပညာရှင်များက သတိပေးလာကြသည်။ လာမည့်သက္ကရာဇ် ၂၀၂၅ ခုနှစ်တွင် ကမ္ဘာ့လူဦးရေသည် သန်း ၉၀၀၀ ကျော် ရှိလာနိုင်သည်ဟု ခန့်မှန်းကြရာ ယခုလက်ရှိ ရေချိုပမာဏအတိုင်းဆိုလျှင် ရေရှားပါးမှုဒဏ်ကို ခံရနိုင်ဖွယ်ရှိပါသည်။ ထို့ကြောင့် ရေကို ချွေတာသုံးစွဲဖို့လိုပါသည်။




"ရေထုညစ်ညမ်းမှုသည် ရေသုံးစွဲမှုကိုလျော့နည်းစေသည့် အကြောင်းရင်းတစ်ရပ်လည်း ဖြစ်သည်။ ဂျပန်နိုင်ငံတွင် ရေတွင်းပေါင်း ၁၈၀၀ ရှိသည့်အနက် ၁၂၀၀ ခန့်လောက်သာ သုံးစွဲနိုင်တော့သည်။ ထို့ပြင် တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် ဘုံပိုင်ရေ ၅ ရာခိုင်နှုန်းခန့်သာ သောက်သုံးကြရသည်။ မလေးရှားနိုင်ငံတွင်မူ ၁၉၉၈ အစီရင်ခံစာအရ မြစ်ဝှမ်းများ၏ ၂၅ ရာခိုင်နှုန်းကိုသာ သန့်စင်သောရေအဖြစ် အသုံးပြုကြရသည်။ ဖိလစ်ပိုင်နိုင်ငံတွင်လည်း မြစ် ၄၁၉ စင်းရှိရာ ၃၆၂ စင်းမှာ ရေထုညစ်ညမ်းလျက် ရှိပါသည်။ အင်ဒိုနီးရှားတွင်လည်း ဓာတ်သတ္တုသန့်စင်သော လုပ်ငန်းများကြောင့် ရေထုညစ်ညမ်းကာ မြို့ပြရေပေးဝေမှုမှာ ၄၀ ရာခိုင်နှုန်းသာ ရှိပြီး ထိုရေသည်လည်း သန့်ရှင်းသောရေ မဟုတ်ပေ"

### ရေချိုသုံးစွဲမှု

ရေသည် ကမ္ဘာ့သယံဇာတများအနက် အဖိုးအတန်ဆုံးသော သယံဇာတတစ်မျိုးဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် လူနှင့် အခြားသော သက်ရှိတို့ အသက်ရှင်မှုကို အထောက်အကူပြုခြင်း၊ စက်မှုလုပ်ငန်းများနှင့် စာနပ်ရိက္ခာဖူလုံစေရန် အတွက် အထောက်အကူဖြစ်စေခြင်းတို့ကြောင့် ဖြစ်ပါသည်။ ရေသည် အဘက်ဘက်မှလိုအပ်သည် မှန်သော်လည်း အထက်တွင် စာရေးသူဖော်ပြသကဲ့သို့ လူတို့သုံးစွဲနိုင်သောပမာဏသည် လွန်စွာနည်းပါးလှပါသည်။

ထိုသို့နည်းပါးလှသည့် ရေချိုပမာဏမှာမှ သန့်ရှင်းသောရေသည် ပို၍ နည်းပါးသည်။ တချို့သောနိုင်ငံများတွင် ရေသန့်ရရှိအောင် ခက်ခက်ခဲခဲ ပြုလုပ်သုံးစွဲကြရသည်။ ရေသန့်ရှားပါးမှုနှင့်ပတ်သက်၍ ဆောင်းပါးတစ်ပုဒ်တွင် စာရေးသူ ဖတ်ခဲ့ရသည်ကို ဖော်ပြချင်ပါသည်။ အာဖရိကတိုက်ရှိ ရေရှားပါးသောနေရာများ၊ ရေကောင်း ရေသန့် မရရှိသောနေရာများတွင် ရေကြည်ရေသန့်ရရှိစေရန် ကျောက်ချဉ် သို့မဟုတ် ဒန့်သလွန်သီးခြောက်အစေ့ကိုထောင်း၍ အဝတ်ဖြင့်ထုပ်ကာ အိုးအတွင်းသို့ထည့်၍ ရှစ်နာရီခန့်ထားရသည်။ ထိုသို့ထားပြီး ရေကြည်လာမှ သောက်သုံးရေအဖြစ် အသုံးပြုကြရသည်။ ရေသည် ဤမျှပင် ရှားပါး၍ အဖိုးတန်လှပါသည်။

ရေသုံးစွဲမှုနှင့်ပတ်သက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)၏ ခန့်မှန်းချက်အရ ကမ္ဘာ့ရေချို၏ ၁ ရာခိုင်နှုန်းထက်နည်းသော သို့မဟုတ် ကမ္ဘာ့ရေထု၏ တစ်သိန်းပုံ ခုနစ်ပုံကိုသာ လူသားတို့သုံးစွဲနိုင်ကြောင်း ခန့်မှန်းကြသည်။ ၁၉၅၀ ပြည့်နှစ်မှစ၍ ရေသုံးစွဲမှုပမာဏသည်လည်း နှစ်စဉ်တိုးတက်ခဲ့သည်ဟု ဆိုပါသည်။ ဥပမာ-ကမ္ဘာပေါ်ရှိရေအားလုံးမှာ ၂၆ ဂါလန်သာရှိသည် ဆိုပါစို့။ ယင်း ၂၆ ဂါလန်တွင် ရေချိုမှာ ၀ ဒသမ ၈ ဂါလန်(၃ လီတာ)သာ ပါရှိပါသည်။ ထို့ကြောင့် စာရေးသူတို့သုံးစွဲနိုင်သော ရေပမာဏမှာ လက်ဖက်ရည်ဇွန်းတစ်ဝက်ခန့်သာ ရှိနိုင်ကြောင်း ဆရာဇော်နီမြင့်၏ ဆောင်းပါးတစ်ပုဒ်တွင် သုံးသပ်ပြထားသည်ကို တွေ့ရပါသည်။ ဤကား ဥပမာပြ သုံးသပ်ထားခြင်း ဖြစ်ပါသည်။ လူတစ်ဦးအတွက် နေ့စဉ် ပေါင်မုန့်နှင့်ရေကိုသာ စားသုံးပါက ထိုလူတစ်ဦးအတွက် နှစ်စဉ် ရေဂါလန် ၁၀၀၀၀၀ နီးပါး သုံးစွဲရပေမည်။ ထို့ပြင် နေ့စဉ်စားသုံးနေသော ဟင်းသီးဟင်းရွက်များ အတွက် ရေဂါလန် ၂၀၀ ခန့် သုံးစွဲရမည်။ အသား တစ်ပေါင်အတွက် ရေဂါလန် ၂၃၀၀ သုံးစွဲကြရသည်။ ရှားပါးသောရေကို နေ့စဉ် လူမှုဘဝတွင် အမျိုးမျိုး ခွဲဝေသုံးစွဲနေကြရပါသည်။

ရေထုညစ်ညမ်းမှုသည် ရေသုံးစွဲမှုကိုလျော့နည်းစေသည့် အကြောင်းရင်းတစ်ရပ်လည်း ဖြစ်သည်။ ဂျပန်နိုင်ငံတွင် ရေတွင်းပေါင်း ၁၈၀၀ ရှိသည့်အနက် ၁၂၀၀ ခန့်လောက်သာ သုံးစွဲနိုင်တော့သည်။ ထို့ပြင် တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် ဘုံပိုင်ရေ ၅ ရာခိုင်နှုန်းခန့်သာ သောက်သုံးကြရသည်။ မလေးရှားနိုင်ငံတွင်မူ ၁၉၉၈ အစီရင်ခံစာအရ မြစ်ဝှမ်းများ၏ ၂၅ ရာခိုင်နှုန်းကိုသာ သန့်စင်သောရေအဖြစ် အသုံးပြုကြရသည်။ ဖိလစ်ပိုင်နိုင်ငံတွင်လည်း မြစ် ၄၁၉ စင်းရှိရာ ၃၆၂ စင်းမှာ ရေထုညစ်ညမ်းလျက် ရှိပါသည်။ အင်ဒိုနီးရှားတွင်လည်း ဓာတ်သတ္တုသန့်စင်သောလုပ်ငန်းများကြောင့် ရေထုညစ်ညမ်းကာ မြို့ပြရေပေးဝေမှုမှာ ၄၀ ရာခိုင်နှုန်းသာရှိပြီး ထိုရေသည်လည်း သန့်ရှင်းသောရေ မဟုတ်ပေ။ ဤကား ဆရာဇော်နီမြင့်၏ ဆောင်းပါးမှ ထုတ်နုတ်ဖော်ပြခြင်းဖြစ်ပါသည်။

ရေချိုသုံးစွဲမှုနှင့် ပတ်သက်၍ စာရေးသူတို့ နိုင်ငံအနေဖြင့် လယ်ယာစိုက်ပျိုးရေးတွင် ရေချို ၇၀ ရာခိုင်နှုန်း အသုံးပြုရသည်ဟု ဆိုသည်။ လူသားတို့ အနေဖြင့် သောက်သုံးခြင်းနှင့် အခြားသော အထွေထွေအသုံးပြုမှုအတွက် ၈ ရာခိုင်နှုန်း၊ ၂၂ ရာခိုင်နှုန်းကိုမူ စက်ရုံအလုပ်ရုံများအတွက် အသုံးပြုကြောင်း သိရသည်။ ကမ္ဘာ့နိုင်ငံ ၁၉၁ နိုင်ငံအနက် ၁၀ နိုင်ငံသာ ကမ္ဘာ့ရေအရင်းအမြစ်၏ ၆၅ ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားသည်ဟုလည်း သိရသည်။ စာရေးသူတို့နိုင်ငံသည် အာရှတစ်ခွင်တွင် ရေသုံးစွဲမှု တတိယနေရာတွင် ရှိနေသည်ဟု ဆိုပါသည်။ လာမည့် ခရစ်နှစ် ၂၀၂၅ ခုနှစ်လောက်တွင် ကမ္ဘာ့လူဦးရေတစ်ဝက်ခန့်သည် ရေရှားပါးမှုဒဏ်ကို ပြင်းပြင်းထန်ထန် ခံရနိုင်ဖွယ်ရှိကြောင်း ကုလသမဂ္ဂအဖွဲ့က သတိပေးထားကြောင်းလည်း သိရသည်။

### စိုက်ပျိုးရေးအတွက် ရေသုံးစွဲမှု

စာရေးသူတို့နိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည်ကို အားလုံးအသိပင်ဖြစ်ပေမည်။ စိုက်ပျိုးရေးအတွက် ရေအရင်းအမြစ်သည် အဓိကဖြစ်သည်။ စိုက်ပျိုးရေးအတွက်ဆို ရေသည် ရတနာတစ်ပါးဟုပင် ဆိုသင့်ပါသည်။ ပုဂံခေတ်ကတည်းက စိုက်ပျိုးရေးအတွက် ဆည်ကြီးများ တည်ဆောက်ခဲ့ကြပါသည်။ ယခုအထိလည်း တည်ဆောက်နေဆဲဖြစ်ပါသည်။ အချို့သောဒေသများတွင် စိုက်ပျိုးရေးအတွက် ဆည်မြောင်းများကို အားထားကြရသည်။ အချို့သော အပူပိုင်းဒေသများတွင် စိုက်ပျိုးရေးအတွက် မြေအောက်ရေကို အားကိုးအားထားပြုကြရသည်။ စိုက်ပျိုးရေးအတွက် မြေအောက်ရေကို ၁၆ ရာခိုင်နှုန်း ရရှိကြသည်။

အပူပိုင်းဒေသများတွင် ချောင်းဟောင်း၊ မြောင်းဟောင်း သဲသောင်များကို လက်တူးတွင်းပြုလုပ်ကာ နွေရာသီတွင် သီးနှံများစိုက်ပျိုးကြသည်။ အချို့သောဒေသများတွင် စက်ရေတွင်းများပြုလုပ်၍ စိုက်ရေကို ထုတ်ယူသုံးစွဲကြသည်။ မိတ္ထီလာဘက်တွင် စိုက်ပျိုးရေးအတွက် စက်ရေတွင်း ၄၈၅ တွင်းမှ စိုက်ပျိုးဧက ၆ ဒသမ ၅၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်ကြောင်း၊ ပျော်ဘွယ်၊ တပ်ကုန်းဒေသတွင် စက်ရေတွင်း ၁၁၀ မှ

စာမျက်နှာ ၂၁ သို့

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

**❒ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
## သတင်းထုတ်ပြန်ချက်
## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

**၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာ တစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## နေပြည်တော်တွင် စာမေးပွဲဖြေဆိုကြမည့် သံဃာတော်များအား ကိုဗစ်-၁၉ စစ်ဆေးပေး

**စစ်ကိုင်း ဖေဖော်ဝါရီ ၁၃**

နေပြည်တော် ဒက္ခိဏသီရိ မြို့နယ် ရန်အောင်မြင်ပရိယတ္တိ သာသနာလင်္ကာရအသင်း စာမေးပွဲအတွက် ဖြေဆိုကြမည့် စစ်ကိုင်းတောင်ရိုးရှိ သံဃာတော်များအား ကိုဗစ်-၁၉ ရောဂါ ရှိ မရှိ ကျန်းမာရေး စစ်ဆေးပေးခြင်းကို ဖေဖော်ဝါရီ ၁၂ ရက် နံနက်ပိုင်းက စစ်ကိုင်းတောင်ရိုး မဟာသုဓောဓာရုံကျောင်းတိုက်အတွင်း သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများက စုရပ်သတ်မှတ်၍ ဆောင်ရွက်ပေးခဲ့သည်။

နေပြည်တော်သို့ စာမေးပွဲဖြေဆိုရန် ကြွရောက်တော်မူကြမည့် သံဃာတော်များ ကိုဗစ်-၁၉ ရောဂါ စစ်ဆေးပေးရာသို့ စစ်ကိုင်းခရိုင် စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးဆန်းထွန်းစိန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြည့်ရှုကြည်ညိုခဲ့ကြပြီး လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

နိုင်ငံတော်၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးစီမံချက်များနှင့်အညီ စစ်ကိုင်းတိုင်း ဒေသကြီး၌ ကိုဗစ်-၁၉ ကာကွယ်ဆေးများကို စဉ်ဆက်မပြတ်ထိုးနှံပေးလျက်ရှိရာ ခရီးသွားလာကြမည့် ရဟန်း၊ သံဃာများနှင့် ပြည်သူများကိုလည်း ကျန်းမာရေး စစ်ဆေးပေးလျက်ရှိကြောင်း သက်ဆိုင်ရာ ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**ဇော်မြင့်နိုင်**

## သံဖြူဇရပ်မြို့နယ်တွင် ရော်ဘာတောင်သူများအား အရည်အသွေးမြင့်ရော်ဘာပြားထုတ်လုပ်ခြင်း သရုပ်ပြ

**သံဖြူဇရပ် ဖေဖော်ဝါရီ ၁၃**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနသည် မြို့နယ်အတွင်းမှ ရော်ဘာစိုက်တောင်သူများ ခေတ်မီစိုက်ပျိုးရေး နည်းပညာများကို သိရှိနိုင်စေရန်အတွက် တောင်သူပညာပေးလုပ်ငန်းအဖြစ် အရည်အသွေးမြင့်ရော်ဘာပြားထုတ်လုပ်ခြင်း နည်းပညာပေး သရုပ်ပြမှုကို ဖေဖော်ဝါရီ ၁၁ ရက်က သံဖြူဇရပ်မြို့နယ် ကော့လေးကျေးရွာရှိ ဦးကွန်ရော့၏ အရည်အသွေးမြင့်ရော်ဘာစက်ရုံတွင် ပြုလုပ်သည်။

သရုပ်ပြပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် မြို့နယ်ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းတို့ ပူးပေါင်းပြုလုပ်ခြင်းဖြစ်ပြီး ဌာနဆိုင်ရာများနှင့် ရော်ဘာစိုက်ပျိုးတောင်သူများ တက်ရောက်ခဲ့ကာ သရုပ်ပြပွဲတွင် ပညာပေးလက်ကမ်းစာစောင်များ ဝေငှပေးခြင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးက ကွင်းသရုပ်ပြပွဲပြုလုပ်ခြင်း ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားခြင်း၊ မြို့နယ်ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း ဒုဥက္ကဋ္ဌက အရည်အသွေးမြင့်စက်ရုံနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခြင်း၊ လ/ထ ဦးစီးမှူးက အရည်အသွေးမြင့် ရော်ဘာပြားထုတ်လုပ်ခြင်း နည်းပညာများကို စက်ရုံတွင် လက်တွေ့ပြသခြင်းများ ဆောင်ရွက်သည်။

ကွင်းသရုပ်ပြပွဲပြုလုပ်ခြင်းဖြင့် ရော်ဘာခြံရှင်များအနေဖြင့် မိမိတို့စိုက်ပျိုးထားသည့်ရော်ဘာခြံမှ ထွက်ရှိလာသည့်အစေးရည်များကို အရည်အသွေးကောင်းမွန်သော ရော်ဘာများအဖြစ် ထုတ်လုပ်နိုင်သည့် နည်းစနစ်ကောင်းများကို ကိုယ်တိုင်တွေ့မြင်သိရှိကာ လိုက်နာဆောင်ရွက်ခြင်းဖြင့် ဈေးကောင်းရရှိလာနိုင်မည်ဖြစ်၍ အကျိုးအမြတ်လည်း ပိုမိုရရှိလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**အေးအေးမွန်**
**(ပြန်/ဆက်)**

*စာမျက်နှာ ၂၀ မှ*

မြေဧက ၁၆၀၀ ကျော်ကို မြေအောက်ရေဖြင့် စိုက်ပျိုးရေပေးဝေနိုင်ကြောင်း သိရသည်။ ထို့အပြင် ၁၉၅၂ - ၅၃ ဘဏ္ဍာနှစ်မှ ၂၀၁၆ ခုနှစ်အထိ စက်ရေတွင်းပေါင်း ၂၅၀၀၀ ကျော်ဖြင့် စိုက်ပျိုးမြေဧကပေါင်း ၂၅၄၂၂၈၄ ဧကကို မြေအောက်ရေဖြင့် စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ရေလျှံတွင်းပေါင်း ၅၉၆ တွင်းဖြင့် စိုက်ဧက ၃၄၀၀ ရေပေးနိုင်ပြီး မန္တလေးတိုင်းဒေသကြီးတွင် ၄၆၅ တွင်းဖြင့် စိုက် ဧက ၇၅၀၀ ကို ရေပေးဝေနိုင်ကြောင်း ဆောင်းပါးတစ်ပုဒ်၌ ဖော်ပြထားသည်ကို တွေ့ရသည်။ စိုက်ပျိုးရေးအတွက် တစ်နိုင်ငံလုံးအတိုင်း အတာဖြင့် နှစ်စဉ် ရေမည်မျှသုံးစွဲနေကြရသည်ကို ခန့်မှန်းနိုင်ပေမည်။

### စက်မှုလုပ်ငန်းများနှင့်ရေ

ရေသည်သက်ရှိတို့အတွက်သာမက စိုက်ပျိုးရေး နှင့် စက်မှုလုပ်ငန်းများအတွက်လည်း မရှိမဖြစ်လိုအပ်ပါသည်။ အနီးစပ်ဆုံးဆိုပါလျှင် ဆပ်ပြာရည် ပြုလုပ်ရာတွင်ပင် ဆပ်ပြာဆေးကို ရေနှင့်ရောစပ်၍ အသုံးပြုရသည်။ စွမ်းအင်ထုတ်စက်ရုံများ၊ စက်မှုလုပ်ငန်းများနှင့် ထိုစက်ရုံအလုပ်ရုံများမှ စွန့်ပစ်သော အညစ်အကြေးများကို သန့်ရှင်းရန် ရေ ၂၅ ရာခိုင်နှုန်းကို အသုံးပြုရသည်။ ဥပမာ- မော်တော်ယာဉ်တစ်စီးကို ထုတ်လုပ်ရန် ရေဂါလန် ၁၀၀၀၀၀ ကုန်သည်။ ထို့ပြင် စက္ကူ ၂ ဒသမ ၂ ပေါင် ထုတ်လုပ်နိုင်ရန်အတွက် ရေ ၂၆ ဂါလန်ကုန်သည်။ အလူမီနီယံ ၂ ပေါင် ထုတ်လုပ်ရန် ရေဂါလန် ၂၀၀၀ ခန့် ကုန်နိုင်ပါသည်။ နေ့စဉ် နှစ်စဉ် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့်ဆိုလျှင် အသုံးပြုရမည့် ရေဂါလန်ပေါင်း နည်းမည်မဟုတ်ပေ။

နိဂုံးချုပ်အနေဖြင့်ဆိုလျှင် ရေသည် ဘက်စုံအသုံးပြုရသော အဖိုးတန်သဘာဝသယံဇာတ ဖြစ်ပါသည်။ ကမ္ဘာပေါ်တွင် အသုံးပြု၍ရသော ရေချိုပမာဏသည် အလွန်နည်းပါးကြောင်းကို စာရေးသူ ဖော်ပြခဲ့ပါသည်။ ထိုနည်းပါးသော ရေချိုပမာဏထဲမှာမှ ညစ်ညမ်းရေထုသည်လည်း အများအပြားပင်ဖြစ်ပါသည်။ လူတို့ အလွန်အမင်းသုံးစွဲခြင်းကြောင့်လည်းကောင်း၊ စက်ရုံအလုပ်ရုံများက သုံးစွဲကြသလို ထိုစက်ရုံအလုပ်ရုံများက ပြန်လည်စွန့်ပစ်သော ညစ်ညမ်းရေထုများကြောင့်ပင် တစ်ဖန်ပြန်၍ ရေထုကို ညစ်ညမ်းစေပြန်ပါသည်။

ယခုအတိုင်းဆိုပါလျှင် နောင်အနာဂတ်တွင် ရေရှားပါးမှုပြဿနာကို မလွဲမသွေ ရင်ဆိုင်ကြရပေလိမ့်မည်။ ထို့ကြောင့် ရေကိုချွေတာသုံးစွဲသင့်သလို ရေထုညစ်ညမ်းမှုမဖြစ်အောင် ကာကွယ်၍ ရေချိုကို တန်ဖိုးရှိစွာ ချွေတာသုံးစွဲကြရန် တိုက်တွန်းလိုက်ပါသည်။ ။

## ကျိုင်းတုံမြို့၌ (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားကျင်းပ



**ကျိုင်းတုံ ဖေဖော်ဝါရီ ၁၃**
ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့၌ (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဂုဏ်ပြုတပ်ဖွဲ့ဦးဆောင်၍ တက်ရောက်လာကြသူများက နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော အာဇာနည် ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းတို့အား အလေးပြုကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ ပေးပို့သော သဝဏ်လွှာကို ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)ဥက္ကဋ္ဌ ဦးရဲနိုင်က ဖတ် ကြားသည်။

ဆက်လက်ပြီး (၇၅) နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့အထိမ်းအမှတ် ရှမ်းပြည်နယ်အရှေ့ပိုင်းအဆင့် စာစီစာကုံး၊ ကဗျာ၊ ဆောင်းပါး၊ ပန်းချီ၊ ကျပန်းစကားပြော ပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် အခြေခံပညာအထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများတွင် တက်ကြွစွာ ပူးပေါင်း ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ် တပ်ဖွဲ့ဝင်များ၊ ကျိုင်းတုံမြို့ ဖျားနာလူနာကုသမှု ဆေးခန်းအဖွဲ့ဝင်များနှင့် တိုင်းနေကူညီမှုအသင်း၊ နှလုံးလှပိုင်ရှင်များ အခမဲ့လူမှုကူညီရေးအသင်း၊ မိဘသွေးသွေး အလှူရှင်နှင့် နာရေးကူညီမှုအသင်းတို့အား တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ် မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက ငွေသားဆုများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**အောင်ဇင်မြင့်**
**(ပြန်/ဆက်)**

## ကော့သောင်းခရိုင်၌ စိန်ရတုပြည်ထောင်စုနေ့နှင့် သဝဏ်လွှာဖတ်ပွဲအခမ်းအနားကျင်းပ

**ကော့သောင်း ဖေဖော်ဝါရီ ၁၃**
(၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ပွဲအခမ်းအနားကို ကော့သောင်းမြို့ အဏ္ဏဝါရပ်ကွက် ကျောက်တိုင်ကွင်း၌ ဖေဖော်ဝါရီ ၁၂ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို တိုင်ထိပ်သို့လွှင့်ထူပြီး တက်ရောက်လာသည့် ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများက အလေးပြုသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှပေးပို့သော (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့သဝဏ်လွှာကို ကော့သောင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးအောင်က ဖတ်ကြားသည်။

အခမ်းအနားသို့ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်ထောင်စုတိုင်းရင်းသားများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်ကြပြီး ကော့သောင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများကလည်း ဦးစီးဌာန (ရုံးချုပ်) မှ ထုတ်ဝေဖြန့်ချိသည့် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များကို အခမ်းအနား တက်ရောက်သည့် ဧည့်ပရိသတ်များသို့ လိုက်လံဖြန့်ဝေပေးခဲ့သည်။

**ကျော်စိုး (ကော့သောင်း )**



## ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၌ (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၃**
(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားကို နိုင်ငံတစ်ဝန်းတွင် ကျင်းပလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၌လည်း အမှတ် (၃၇)ရပ်ကွက်ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့၌ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ရောဂါ ကြိုတင်ကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ ကျင်းပသည်။



အခမ်းအနားတွင် တက်ရောက်လာကြသူများက နိုင်ငံတော်အလံကို အလေးပြုကြပြီး ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုသည်။ ထို့နောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ် သဝဏ်လွှာဖတ်ပွဲကို ဆက်လက်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှပေးပို့သော (၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ သဝဏ်လွှာကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညီညီအောင်က ဖတ်ကြားသည်။ ဆက်လက်၍ (၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့အထိမ်းအမှတ် မြို့နယ်အဆင့် ဆောင်းပါး၊ စာစီစာကုံး၊ ကဗျာ၊ ပန်းချီနှင့် ကျပန်းစကားပြောပြိုင်ပွဲများတွင် ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

အခမ်းအနားသို့ ဒဂုံမြို့သစ်မြောက်ပိုင်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုအဖွဲ့အစည်းများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

**မြင့်မြင့်ရီ(ဒဂုံမြောက်)**

## ပေါက်တောမြို့၌ ပြည်ထောင်စုနေ့ အခမ်းအနား သဝဏ်လွှာဖတ်ကြား

**ပေါက်တော ဖေဖော်ဝါရီ ၁၃**
(၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ အထိမ်းအမှတ် နိုင်ငံတော်အလံအလေးပြုခြင်းနှင့် သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ ပေါက်တောမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များတက်ရောက်၍ နိုင်ငံတော်အလံကို အလေးပြုကြပြီးနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ ပေးပို့သော စိန်ရတု ပြည်ထောင်စုနေ့ သဝဏ်လွှာကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဝင်းက ဖတ်ကြားသည်။ ဆက်လက်၍ စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုချီးမြှင့်ပေးခဲ့ပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက အခမ်းအနားတက်ရောက်သူများအား သတင်းစကား လက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

**မြို့နယ်(ပြန်/ဆက်)**

## မြောက်ဦးမြို့၌ (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားကျင်းပ

**မြောက်ဦး ဖေဖော်ဝါရီ ၁၃**
(၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့အခမ်းအနားနှင့် သဝဏ်လွှာဖတ်ပွဲကို ရခိုင်ပြည်နယ် မြောက်ဦးမြို့ရှိ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၁၂ ရက်က ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းမြတ်နိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ရပ်မိရပ်ဖများ၊ တိုင်းရင်းသားမျိုးနွယ်စုများ တက်ရောက်ပြီး အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ ပေးပို့သော သဝဏ်လွှာကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ဖတ်ကြားသည်။

မြောက်ဦးမြို့တွင် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် ပျော်ပွဲရွှင်ပွဲများဖြစ်သော ကဗျာရွတ်ပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် အားကစားပြိုင်ပွဲများကို ကျင်းပပေးလျက်ရှိပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ထုတ်ဝေသည့် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးကြောင်း သိရသည်။

**မြင့်စိုး**
**(ပြန်/ဆက်)**

## မင်းဘူးမြို့၌ (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ်ဆုပေးပွဲအခမ်းအနားကျင်းပ

**မင်းဘူး ဖေဖော်ဝါရီ ၁၃**
မကွေးတိုင်းဒေသကြီး မင်းဘူးမြို့၌ (၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ အထိမ်းအမှတ် ကဗျာရွတ်ဆို၊ စာစီစာကုံးနှင့် ကဗျာရေးစပ်ပြိုင်ပွဲများတွင် ဆုရရှိခဲ့သော ကျောင်းသား ကျောင်းသူများအတွက် ဆုပေးပွဲကို မင်းဘူးမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ ပြည်ထောင်စုနေ့အခမ်းအနားအပြီးတွင် ဆက်လက်ကျင်းပသည်။

ဆုပေးပွဲတွင် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် ကျင်းပပြုလုပ်ခဲ့သည့် မူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲမှ ပထမဆုရရှိသော ကျောင်းသား ကျောင်းသူများက ကဗျာရွတ်ဆိုသရုပ်ပြဖျော်ဖြေတင်ဆက်ပြီးနောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ကဗျာရွတ်ဆိုပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာရေးစပ်ပြိုင်ပွဲများတွင် ဆုရရှိခဲ့သော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများကို ချီးမြှင့်ပေးအပ်ခဲ့သည်။ အခမ်းအနားအပြီးတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ထုတ်ဝေသော (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲများကို ဇန်နဝါရီ ၂၃ ရက်က မင်းဘူးခရိုင် ပြန်/ဆက်ဦးစီးဌာန လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ကြိုတင်ကျင်းပခဲ့ကာ ကဗျာရွတ်ဆိုပြိုင်ပွဲတွင် မူလတန်းအဆင့် ၁၅ ဦး၊ "ပြည်ထောင်စုနေ့ ဒို့မေ့" ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲတွင် အထက်တန်းအဆင့် ၂၀ နှင့် "ပြည်ထောင်စုသားတို့၏တာဝန်" ခေါင်းစဉ်ဖြင့် ကဗျာရေးစပ်ပြိုင်ပွဲတွင် အထက်တန်းအဆင့် ၁၂ ဦး၊ ကျောင်းသားဦးရေ စုစုပေါင်း ၄၇ ဦးတို့က ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ **မောင်မောင် (မင်းဘူး)**

# ရန်ကုန်မြို့ရှိ ကိုဗစ်-၁၉ ကုသရေးစင်တာများအသင့်ပြင်ဆင်ဆောင်ရွက်ထားရှိ

**ရန်ကုန်  ဖေဖော်ဝါရီ ၁၃**

ရန်ကုန်တိုင်းဒေသကြီးအစိုးရဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် တိုင်းဒေသကြီးဝန်ကြီးများသည် ဖေဖော်ဝါရီ ၁၀ ရက်က အင်းစိန်မြို့နယ် သီရိမင်္ဂလာ မဟာသာသနာ့ဗိမာန်တော်၊ မရမ်းကုန်းမြို့နယ် မြန်မာကွန်ဗင်းရှင်းစင်တာ MCC ခန်းမနှင့် လှိုင်မြို့နယ် လှိုင်ကိုဗစ်- ၁၉ ကုသရေးစင်တာများကို လိုအပ်လာပါက အဆင်သင့် အသုံးပြုနိုင်ရေး ပြန်လည်ပြင်ဆင်ဆောင်ရွက်နေမှုများကို လိုက်လံ ကြည့်ရှုစစ်ဆေးသည်။(ယာပုံ)



ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ စီမံဆောင်ရွက်မှုဖြင့် အင်းစိန်မြို့နယ် သီရိမင်္ဂလာမဟာသာသနာ့ဗိမာန်တော်တွင် သံဃာတော်အပါး ၁၉၀ အတွက် ကုသရေးစင်တာပြင်ဆင်ထားရှိမှု၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် မရမ်းကုန်းမြို့နယ် မြန်မာကွန်ဗင်းရှင်းစင်တာ MCC တွင် ဦးရေ ၄၃၀ ထားရှိ ကုသနိုင်ရေးပြင်ဆင်ဆောင်ရွက် နေမှု၊ MCC စင်တာရှိ တန် ၂၀ Liquid Oxygen Tank မှ တစ်ရက်လျှင် လီတာ ၄၀ ဆလင်ဒါအိုး ၁၀၀၀ ခန့် ထုတ်လုပ်နိုင်မှုအခြေအနေများ၊ အောက်ဆီဂျင်အရည်ပါ လီတာ ၄၀ ဆလင်ဒါအိုးအသစ် ၂၄၀၀ ကျော် စုဆောင်းထားရှိပြီး လိုအပ်လာပါက ပြည်သူ့ဆေးရုံများ၊ ကိုဗစ် - ၁၉ ကုသရေးစင်တာများသို့ အောက်ဆီဂျင်ပြတ်လပ်မှု မရှိစေရေးအတွက် ပြန်လည်မျှဝေပေးနိုင်သည့် အခြေအနေများ၊ လှိုင်မြို့နယ် လှိုင် ကိုဗစ်-၁၉ ကုသရေးစင်တာတွင် အောက်ဆီဂျင်ထုတ်လုပ်သည့်စက်ဖြင့် လီတာ ၄၀ ဆလင်ဒါအိုးများတွင် အောက်ဆီဂျင်ဖြည့်သွင်းထားရှိပြီး တစ်ရက်လျှင် လီတာ ၄၀ ဆလင်ဒါအိုး ၁၂၀ ခန့် ထုတ်လုပ်နိုင်မှုအခြေအနေများ၊ စင်တာတွင် လူဦးရေ ၆၀၀ ထားရှိနိုင်မှုနှင့် အဆိုပါစင်တာများတွင် အိပ်ရာ၊ ခြင်ထောင်၊ ခုတင်နှင့် ရေချိုးခန်း၊ အိမ်သာများ၊ တစ်ကိုယ်ရေသုံးပစ္စည်းများ အသင့်ပြင်ဆင်ထားရှိမှုအခြေအနေများ၊ Oxygen Concentrator များ အရန်သင့်ထားရှိမှု၊ အောက်ဆီဂျင်ပိုက်လိုင်းသွယ်တန်းတပ်ဆင်ထားရှိပြီး ပြန်လည်ပြင်ဆင်ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်က စင်တာများအား လိုအပ်သည့်အချိန် အသုံးပြုနိုင်ရေးအတွက် သန့်ရှင်းရေးကို အထူးဂရုပြု၍ စနစ်တကျဆောင်ရွက်ကြရန်နှင့် ဆရာဝန်၊ သူနာပြုနှင့် စေတနာ့ဝန်ထမ်းများအတွက် လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး တာဝန်ရှိသူများက ဆောင်ရွက်ပေးကြရန်၊ စင်တာများတွင် ကျန်းမာရေးဝန်ထမ်းများ စုဖွဲ့ထားရှိပြီး လိုအပ်နေသောဆေးဝါးများ၊ အောက်ဆီဂျင်များဖြည့်တင်းထားရှိရန်၊ တိုင်းဒေသကြီးအတွင်း ကိုဗစ် - ၁၉ ရောဂါ ထိထိရောက်ရောက် ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် အားလုံးပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး (ပြန်/ဆက်)**

## ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော POSCO INTERNATIONAL Corporation( Myanmar E&P) သည် ကမ်းလွန် လုပ်ကွက်အမှတ်၊ A-1 တွင် SHWE Phase 2 Development Project အရ Offshore Installation Activities လုပ်ငန်းများအား Offshore Construction Vessel "DLV 2000" ဖြင့် ဆောင်ရွက်သွားမည့် တည်နေရာကိုဖော်ပြသည့် Coordinate များဖြစ်သော Point-A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၅၁ မိနစ် ၄၁ ဒသမ ၁၁၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၂၄ မိနစ် ၀၄ ဒသမ ၃၄၀ စက္ကန့်၊ Point-B မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၅၁ မိနစ် ၄၂ ဒသမ ၇၅၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၃ မိနစ် ၂၇ ဒသမ ၂၀၂ စက္ကန့်၊ Point-C မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၉ မိနစ် ၅၂ ဒသမ ၇၆၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၃ မိနစ် ၂၉ ဒသမ ၁၅၉ စက္ကန့်နှင့် Point-D မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၉ မိနစ် ၅၁ ဒသမ ၁၃၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၂၄ မိနစ် ၀၆ ဒသမ ၉၈၈ စက္ကန့်အတွင်းတွင် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်မှ ၂၀၂၂ ခုနှစ် မတ် ၁၅ ရက်အထိ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ်၊ A-1 တွင် SHWE Phase 2 Development Project အရ Offshore Installation Activities လုပ်ငန်းများအား Offshore Construction Vessel "DLV 2000" ဖြင့် လုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါ လုပ်ငန်းခွင်တည်နေရာများမှ ၄ ကီလိုမီတာ ပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထား ခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်း မပြုလုပ်ကြရန် အသိပေး ကြေညာအပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**

## အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း (၄/ ၂၀၂၂) ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

**နေပြည်တော်  ဖေဖော်ဝါရီ ၁၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှောင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်း သင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင် သင်တန်းစသည့် သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် (၈) ခု၊ အပတ်စဉ်တစ်ခုလျှင် (၆) ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ သင်တန်းအပတ်စဉ် (၄/ ၂၀၂၂) အား (၂၁-၂-၂၀၂၂)ရက်နေ့မှ (၃၁-၃-၂၀၂၂)ရက်နေ့ထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား(အမျိုးသမီး/ အမျိုးသား) များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များရှိ အောက်ပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)**
  အမှတ်-၁၃၅၊ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း၀၁-၅၃၆၂၈၀
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ x၂၆လမ်းကြား၊ အောင်မြေသာဇံမြို့နယ်၊
  စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊ ဖုန်း၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့ ၊ ဖုန်း၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)**
  အမှတ် (၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊ ဖုန်း၀၅၄-၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ဖျာပုံမြို့၊ ၀၉-၄၅၅၇၈၈၀၂၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)**
  အမှတ်-၂ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း - ၀၄၂- ၂၅၃၇၃၊ ၀၄၂-၂၁၀၇၃
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်
  စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှောင်)**
  အမှတ်-၈၂ ၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊
  အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ၊ ရှောင်မြို့၊ ဖုန်း- ၀၉- ၇၈၁၁၁၆၂၇၂
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီအနောက်ကွင်း၊ ထားဝယ်မြို့
  တနင်္သာရီတိုင်းဒေသကြီး၊ထားဝယ်မြို့၊ ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**လူမှုဝန်ထမ်းဦးစီးဌာန**



## ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ အထိမ်းအမှတ် ဟောပြော

**ဟိုင်းကြီးကျွန်း ဖေဖော်ဝါရီ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာအလယ်တန်းကျောင်းခွဲ (ဟိုင်းကြီးရွာသစ်) ကျောင်းတို့ ပူးပေါင်း၍ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ (၁၀၇)နှစ်မြောက် မွေးနေ့အထိမ်းအမှတ် ဟောပြောပွဲကို ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါ ညွှန်ကြားချက်များနှင့်အညီ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့ကျင်းပသည်။

ဟောပြောပွဲတွင် ဟိုင်းကြီးကျွန်းမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်နွေးနွေးအောင်က ဗိုလ်ချုပ်အောင်ဆန်း၏ ငယ်ဘဝမှစ၍ တော်လှန်ရေးသမား၊ စစ်သေနာပတိ၊ အမျိုးသားခေါင်းဆောင်ဘဝဖြတ်သန်းမှုများနှင့် ဗိုလ်ချုပ်အောင်ဆန်းနှင့်အဖွဲ့၏ကြိုးစားအားထုတ်မှုကြောင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် လွတ်လပ်ရေးရရှိခဲ့ပုံများ၊ ဗိုလ်ချုပ်အောင်ဆန်း၏မွေးနေ့ကို မြန်မာနိုင်ငံကလေးများနေ့အဖြစ် ပါလီမန်ခေတ် ၁၉၅၆ ခုနှစ်က စတင်သတ်မှတ်ခဲ့ပြီး ပထမဆုံးအခမ်းအနားအဖြစ် ၁၉၅၆ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် ဗိုလ်ချုပ်အောင်ဆန်းပန်းခြံ၌ ကျင်းပကြကြောင်း စသည့်အချက်များကို ရှင်းလင်းပြောကြားသည်။ ဟောပြောပွဲသို့ အထက်တန်းကျောင်းသားကျောင်းသူ ၃၅ ဦး တက်ရောက်ကြသည်။

**နွေးနွေးအောင်ကြွယ်**



ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကုန်းကြမ်းမြို့နယ်တွင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်က ကျင်းပရာ အဖွဲ့ခွဲရုံး ဆိုင်းဘုတ်ကို နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်လင်းအောင်မိုး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ကျော်ထွန်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

မာမာ(ပြန်/ဆက်)

## ကော့သောင်းမြို့၌ ကိုဗစ် - ၁၉ ရောဂါ ကွင်းဆက်ဖြတ်တောက်ထိန်းချုပ်နိုင်ရန် ရပ်ကွက်များအတွင်း RTD ဖြင့် လှည့်လည်စစ်ဆေးလျက်ရှိ

**ကော့သောင်း ဖေဖော်ဝါရီ ၁၃**

ကော့သောင်းမြို့၌ ကိုဗစ် - ၁၉ ရောဂါပိုးတွေ့ရှိမှု ဖြစ်စဉ်များ ပြန်လည် ဖြစ်ပေါ်လာနေသဖြင့် ရပ်ကွက်များအတွင်း ကိုဗစ် - ၁၉ ရောဂါ ကွင်းဆက်ဖြတ်တောက်ထိန်းချုပ်နိုင်ရေးအတွက် မိုဘိုင်းအသွင်သဏ္ဌာန်ဖြင့် ရပ်ကွက်များအတွင်း RTD ဖြင့် လှည့်လည်စစ်ဆေးဖော်ထုတ်ခြင်းကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့က ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၃ ရက်က အေးမြကန်သာရပ်ကွက် ဗိုလ်ချုပ်လမ်းတွင် ပါးစပ်၊ နှာခေါင်းစည်းမတပ်ဆင်ဘဲ သွားလာနေကြသည့် မြို့နေပြည်သူများအား ရှောင်တခင် ကွင်းဆင်းစစ်ဆေးသည်။



မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေး ကော်မတီဝင်များ၊ ကျန်းမာရေးဌာနနှင့် ကြက်ခြေနီတပ်ဖွဲ့၊ ပရဟိတအဖွဲ့များက မြို့နယ်ရဲတပ်ဖွဲ့နှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့များ၏ အကူအညီဖြင့် ကော့သောင်းမြို့၏ အဓိက လမ်းမကြီးများပေါ်တွင် ပါးစပ်၊ နှာခေါင်းစည်းမတပ်ဆင်ဘဲ သွားလာနေကြသည့် ဆိုင်ကယ်၊ မော်တော်ကားများကို ရပ်တန့်စေပြီး Antigen repid test kit (RTD)ဖြင့် စစ်ဆေးကာ **(အပေါ်ပုံ)** ရောဂါပိုး မတွေ့ရှိသူများကို ဒဏ်ငွေတပ်ရိုက်ခြင်း၊ ပိုးတွေ့ရှိပါက ဆေးကုသမှုခံယူစေခြင်းများကို တင်းကျပ်စွာ အရှိန်အဟုန်မြှင့် ဆောင်ရွက်နေခြင်းဖြစ်သည်။

အဓိကအားဖြင့် ရပ်ကွက်များထဲတွင် ရောဂါလက္ခဏာမပြဘဲ သာမန်လူများကဲ့သို့ သွားလာလှုပ်ရှားနေခြင်းသည် ရောဂါကူးစက်ပြန့်ပွားမှုကို ဆက်လက်ဖြစ်ပေါ်စေနိုင်သဖြင့် ကိုဗစ် - ၁၉ ရောဂါပိုးရှိနေသူများကို ဖော်ထုတ်ကာ ရောဂါကူးစက်ပြန့်ပွားမှုကွင်းဆက်ကို ဖြတ်တောက်ထိန်းချုပ်နိုင်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း၊ ယနေ့ ကွင်းဆင်းစစ်ဆေးမှုတွင် ကိုဗစ် - ၁၉ ရောဂါထိန်းချုပ်ရေးစည်းကမ်းချက်များကို မလိုက်နာဘဲ လမ်းပေါ်တွင် သွားလာနေကြသည့် မြို့နေပြည်သူ ၁၃၈ ဦးအား ရှောင်တခင် စစ်ဆေးနိုင်ခဲ့ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

## ကျိုက်လတ်မြို့၌ နှာခေါင်းစည်းတပ်ဆင်ရေး Mask Campaign ပြုလုပ်

**ကျိုက်လတ် ဖေဖော်ဝါရီ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်တွင် ကိုဗစ်-၁၉ ဗီဇပြောင်း အိုမီခရွန် ကြိုတင်ကာကွယ်ထိန်းချုပ်ရေး အသိပညာပေးခြင်းနှင့် နှာခေါင်းစည်းတပ်ဆင်ရေး ပညာပေးလှုပ်ရှားမှုကို ဖေဖော်ဝါရီ ၁၃ ရက်က အမှတ်(၁)ရပ်ကွက်အောက်ရွာလေးဈေးနှင့် အမှတ်(၂)ရပ်ကွက် ဖျာပုံ - ကျိုက်လတ်ကားလမ်း(၂) လမ်းထိပ်တို့တွင် ပြုလုပ်သည်။

မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဇေယျနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဒေသခံပြည်သူများအား



မြန်မာနိုင်ငံတွင် အိုမီခရွန် ကူးစက်သူများ ရှိနေပြီဖြစ်ပြီး ကျိုက်လတ်မြို့နယ်တွင်လည်း ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသူများ ရှိနေပြီဖြစ်၍ ပြည်သူများအနေဖြင့် နေအိမ်ပြင်ပထွက်ခွာပါက နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်သွားလာကြရန်၊ အရာဝတ္ထုတစ်ခုခုကို ကိုင်တွယ်ပြီးတိုင်း လက်ကိုဆပ်ပြာဖြင့် ဆေးကြောပေးရန်၊ လက်ကိုဆေးကြောခြင်းမပြုမီပါးစပ်၊ နှာခေါင်းနှင့် မျက်စိတို့ကိုပွတ်သပ်ခြင်း၊ ထိတွေ့ခြင်းမပြုလုပ်ရန်၊ အပြင်ထွက်ရာမှ ပြန်လာတိုင်း နှာခေါင်းစည်းများကို စနစ်တကျစွန့်ပစ်ရန်၊ ပြည်သူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေကြရန်၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုများကို အကြိမ်ပြည့် မပျက်မကွက်ခံယူကြရန် အသိပညာပေးပြောကြား၍ နှာခေါင်းစည်း အခုရေ ၂၃၀၀ ကို အခမဲ့ဖြန့်ဝေပေးသည်။(ဝဲပုံ)

**မြို့နယ် (ပြန်/ဆက်)**

## စိုက်ပျိုးစရိတ်ကြီးမြင့်၍ ငဖဲမြို့နယ် မန်းချောင်းဘေးမှ ဖူးစားပြောင်းစိုက် တောင်သူများ အမြတ်အစွန်းနည်းပါး

**ငဖဲ ဖေဖော်ဝါရီ ၁၃**

မကွေးတိုင်းဒေသကြီး ငဖဲမြို့မရပ်ကွက် ချင်းစုရပ်မှတောင်သူများအနေဖြင့် လယ်မြေများတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနှင့်အတူ မြေအောက်ရေနှင့် မန်းချောင်းရေတို့ကို အသုံးပြု၍ ဟင်းသီးဟင်းရွက်နှင့် ပန်ဖူးစားပြောင်းများကို စိုက်ပျိုးရောင်းချပြီး မိသားစုပံ့မှန်ဝင်ငွေရရှိသော်လည်း ယခုနှစ်တွင် စိုက်ပျိုးစရိတ်များကြီးမြင့်၍ အမြတ်အစွန်းအနည်းငယ်သာကျန်ရှိကြောင်း ပြောင်းစိုက်တောင်သူအချို့ထံမှ သိရသည်။

" ယခု စိုက်ပျိုးတဲ့ပြောင်းမျိုးက ဖန်စီချိတ်ကြီး၊ ပါဖယ်ဝိုက်၊ နှင်းဆီဖြူ မျိုးများဖြစ်ပြီး ပြောင်းဖူးစေ့ ၅၀၀ ဂရမ် တစ်ထုပ်ကို ငွေကျပ် ၂၇၀၀၀ ပေးရတယ်။ ကိုင်းမြေ တစ်ကေခွဲမှာ ပြောင်းမျိုးသုံးမျိုးကို အပင်ပေါင်း နှစ်သောင်းကျော် စိုက်ပျိုးထားပါတယ်။ လယ်မြေမှာတော့ ဝမ်းစာအတွက် မိုးစပါးကို တစ်ကြိမ်သာစိုက်ပျိုးပြီး ငရုတ်၊ ခရမ်းချဉ်၊ သခွားနဲ့ တိုင်ထောင်ပဲများကိုလည်း ရာသီအလိုက်စိုက်ပျိုးရောင်းချပါတယ်။ ယခုနှစ်မှာ မျိုးစေ့ဖိုး၊ ဓာတ်မြေဩဇာ၊ မြေအောက်ရေတင်ရတဲ့အတွက် ဆီဖိုးစတဲ့ စိုက်ပျိုးစရိတ်တွေ မြင့်တက်လာလို့ အရင်းများပြီး အမြတ်အစွန်းအနည်းငယ်သာ ကျန်ပါတယ်" ဟု ချင်းစုရပ်ကွက်မှ ပန်ဖူးစားပြောင်းစိုက်ပျိုးသော တောင်သူဦးထွန်းထွန်းလေးက ပြောသည်။

ငဖဲမြို့နယ်တွင် ပန်ဖူးစားပြောင်းများကို မြို့မရပ်ကွက်၊ ချောင်းဖြူနယ်ဇော၊ အိုးမြေတွင်း၊ ဇီးတော၊ ပေါင်းကလေး၊ ပန်းထိန်း၊ ဆင်ချည်တိုင် စသည့်ကျေးရွာများတွင် အများဆုံးစိုက်ပျိုးကြ၍ တစ်မြို့နယ်လုံးအနေဖြင့် ပန်ဖူးစားပြောင်းစိုက်ဧက ၇၀ ကျော်ရှိကြောင်း သိရသည်။

**မယု(ငဖဲ)**



# ပေကျင်းဆောင်းရာသီအိုလံပစ်အားကစားပြိုင်ပွဲ ကျင်းပခြင်းဖြင့် တရုတ်နိုင်ငံ၏ ဆောင်းရာသီအားကစားများကိုပါ မြှင့်တင်ဖော်ဆောင်လျက်ရှိ



ကျင်းပနေသည့် ၂၀၂၂ ပေကျင်း ဆောင်းရာသီအိုလံပစ်သည် တရုတ်နိုင်ငံ၏ ရေခဲပြင်နှင့် နှင်းလျှောစီး အားကစားအတွက် ဂုဏ်ဆောင်ပြယုဂ်တစ်ခုပင်ဖြစ်ကြောင်း တရုတ်သတင်းစာတစ်စောင်ဖြစ်သော Lianhe Zaobao တွင် မကြာသေးမီက ဖော်ပြလိုက်သည်။

၂၀၂၂ ဆောင်းရာသီအိုလံပစ်လက်ခံကျင်းပနိုင်သလို တရုတ်နိုင်ငံသည် ၎င်း၏နောက်ထပ် ရေခဲပြင်နှင့် နှင်းလျှောစီးအားကစားကိုလည်း တိုးမြှင့်လုပ်ဆောင်ခဲ့သည်။ ထိုသို့လုပ်ဆောင်ရာတွင် ဆောင်းရာသီအားကစားတွင် လူသန်း ၃၀၀ ပါဝင်ရမည်ဟူသည့် ခံယူချက်ဖြင့်လုပ်ဆောင်လျက်ရှိသည်။

လွန်ခဲ့သောလက ထုတ်ပြန်ခဲ့သည့် တရားဝင်အချက်အလက်များအရ တရုတ်နိုင်ငံသည် အဆိုပါသတ်မှတ်ချက်ကို ကျော်လွန်ရောက်ရှိနေပြီ ဖြစ်ကြောင်း သိရသည်။ အောက်တိုဘာလကုန်တွင် ရေခဲပြင်နှင့် နှင်းလျှောစီးအားကစားပွဲသို့ လူပေါင်း ၃၄၆ သန်းပါဝင်မည်ဖြစ်ကြောင်း ဖော်ပြခဲ့သည်။

တရုတ်နိုင်ငံတွင် အဆင့်မီ စကိတ်စီးနေရာ ၆၅၄ ခုရှိပြီး မိုးလုံလေလုံစကိတ်စီးနေရာနှင့် ပြင်ပနှင်းလျှောစီးနေရာ ၈၀၃ ခုကို ၂၀၂၁ ခုနှစ် နှစ်စကတည်းက တည်ဆောက်ခဲ့သည်။

တရုတ်နိုင်ငံ၏ ရေခဲပြင်နှင့် နှင်းလျှောစီးခြင်းလုပ်ငန်းသည် ၂၀၂၀ ပြည့်နှစ်ကုန်တွင် အမေရိကန်ဒေါ်လာ ၉၆ ဘီလီယံ (တရုတ်ယွမ် ဘီလီယံ ၆၀၀) ရရှိခဲ့သည်။

အလားတူဖော်ပြချက်တစ်ခုတွင် တရုတ်နိုင်ငံ၏ ရေခဲပြင်နှင့် နှင်းလျှောစီးခြင်းလုပ်ငန်းကို ၂၀၂၅ ခုနှစ်တွင် ပိုပြီးကောင်းမွန်သည့်အဆင့်သို့ တိုးမြှင့်သွားမည်ဖြစ်ကြောင်း ဖော်ပြထားပြီး ယင်းလုပ်ငန်းမှ ယွမ် တစ်ထရီလီယံ (အမေရိကန်ဒေါ်လာ ၁၅၇ ဘီလီယံ) ရရှိရန် လျာထားသည်။ **လင်းခေတ်ဆန်**

# အမျိုးသား မီတာ ၁၀၀၀၀ စကိတ်စီးပြိုင်ပွဲတွင် ဆွီဒင်မှ နေးလ်ဗန်ဒါပိုလ် ကမ္ဘာ့စံချိန်ချိုး

ဆွီဒင်နိုင်ငံမှ နေးလ်ဗန်ဒါပိုလ်သည် ပေကျင်းဆောင်းရာသီအိုလံပစ်ပြိုင်ပွဲ အမျိုးသား မီတာ၁၀၀၀၀ စကိတ်စီးပြိုင်ပွဲတွင် ဖေဖော်ဝါရီ ၁၀ ရက်က ကမ္ဘာ့စံချိန်သစ်တင်နိုင်ခဲ့သည်ဟုသိရသည်။ အသက် ၂၅ နှစ်အရွယ် ဗန်ဒါပိုလ်သည် မီတာ ၅၀၀၀ တွင် ရွှေတံဆိပ်ဆုရရှိထားသူလည်း ဖြစ်သည်။ ၁၂ မိနစ် ၃၀ ဒသမ ၇၄ စက္ကန့်ဖြင့် စံချိန်ချိုးခဲ့ပြီး ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလအတွင်းက ၎င်း၏ ယခင်စံချိန်မှာ ၁၂ မိနစ် ၃၂ ဒသမ ၉၅ စက္ကန့် ဖြစ်သည်။ ဒတ်ချ်လူမျိုး စကိတ်စီးသမား ပက်ထရစ် ရို့စ် က ၁၂မိနစ် ၄၄ ဒသမ ၅၉ စက္ကန့်ဖြင့် ငွေတံဆိပ်ရရှိခဲ့ပြီး အီတလီနိုင်ငံမှ ဒါဗီဒီဂီယိုတိုက ၁၂ မိနစ် ၄၅ ဒသမ ၉၈ စက္ကန့်ဖြင့် တတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။ **အောင်**


ဆွီဒင်နိုင်ငံမှ စကိတ်စီးသမား နေးလ်ဗန်ဒါပိုလ်။

# ဘရာဇီးဂန္ထဝင်ဘောလုံးသမား ပီလီ လူမှုမီဒီယာပေါ်တွင် ရယ်စရာပြော

ဘရာဇီးဂန္ထဝင်ဘောလုံးသမား ပီလီသည် ကင်ဆာရောဂါကို ရင်ဆိုင်နေရသည့်တိုင် ဟာသဉာဏ်ရွှင်လျက်ရှိပြီး ဖေဖော်ဝါရီ ၁၀ ရက်က လူမှုမီဒီယာပေါ်တွင် သူ့အကြောင်း ရယ်စရာပြောနိုင်ခဲ့သည်။

ပီလီသည် စက်တင်ဘာလက အူမကြီးမှ အလုံးအကျိတ်ကို ခွဲစိတ်ဖယ်ရှားခဲ့ပြီးနောက် ဆော်ပေါ်လိုတွင် ဓာတုကုထုံးဖြင့် ဆေးကုသမှုခံယူလျက်ရှိသည်။

မိမိအကြောင်း၊ မိမိသတင်းနှင့်ပတ်သက်ပြီး သိချင်သူများရှိသည်ဆိုသည်ကို မိမိသိသည်ဟု ပီလီက တွစ်တာပေါ်တွင် အားတက်ဖွယ်ပုံနှင့်တကွ ဖော်ပြလိုက်သည်။ ယခုအခါတွင် ပီလီသည် အသက် ၈၁ နှစ်ရှိပြီဖြစ်သည်။

“ဒီနေ့တော့ ကိုယ့်ကိုယ်ကိုယ် ကြည့်ကောင်းအောင်လုပ်ထားတယ်။ ကိုဗစ်-၁၉ စတင်ဖြစ်ပွားကတည်းက ကျွန်တော့်ဇနီးက ကျွန်တော့်ရဲ့ဆံသဆရာမကြီးဖြစ်လာခဲ့တယ်။ ကျွန်တော် ခန့်တယ်မဟုတ်လား” ဟု ပီလီက အရွှန်းဖောက်ပြီး ရယ်စရာပြောလိုက်သည်။

အားကစားလောကတွင် အကောင်းဆုံးဘောလုံးသမားအဖြစ်မှတ်ယူထားသည့်ပီလီသည် နှစ်ပေါင်း ၂၁ နှစ်ကြာ ကစားပွဲပေါင်း ၁၃၆၃ ပွဲတွင် ဂိုးပေါင်း ၁၂၈၁ ဂိုးသွင်းယူခဲ့သည်။ ပီလီကို ဘရာဇီးအတွက် ၉၁ ကြိမ် ရွေးချယ်ခဲ့ပြီး နိုင်ငံတကာ ဂိုးပေါင်း ၇၇ ဂိုးရရှိခဲ့သည်။

**လင်းခေတ်ဆန်**

# နာမည်ကျော်လှိုင်းစီးသမား ကယ်လီစလေတာ ဩစတြေးလျတွင် ပါဝင်ယှဉ်ပြိုင်မည်

နာမည်ကျော် လှိုင်းစီးသမားတစ်ဦးသူ ကယ်လီစလေတာသည် ကာကွယ်ဆေးထိုးထားခြင်းရှိမရှိကို လူသိရှင်ကြားထုတ်ဖော်ပြောကြားထားခြင်းမရှိသော်လည်း ဩစတြေးလျတွင်ပြုလုပ်မည့် ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်ဟု ပြောကြားခဲ့သည်။



နာမည်ကျော်လှိုင်းစီးသမား ကယ်လီစလေတာ။

၎င်းသည် ကမ္ဘာ့ချန်ပီယံဆုကို ရှစ်ကြိမ်တိုင်တိုင် ရရှိထားသူဖြစ်ပြီး ကာကွယ်ဆေးထိုးမှုနှင့်ပတ်သက်၍ တရားဝင်ပြောကြားခဲ့ခြင်းမရှိပေ။ တင်းနစ်အကျော်အမော်တစ်ဦးဖြစ်သည့် နိုဗက် ဂျိုကိုဗစ်သည်လည်း ကာကွယ်ဆေး အဆင့်အတန်းနှင့်ပတ်သက်၍ ပြောကြားနိုင်ခြင်းမရှိသည့်အတွက် ဩစတြေးလျအိုးပင်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်ခဲ့ခြင်းမရှိချေ။

ဗစ်တိုးရီးယားပြည်နယ်နှင့် ဩစတြေးလျအနောက်ပိုင်းတို့တွင် ကမ္ဘာ့လှိုင်းစီးပြိုင်ပွဲ ချန်ပီယံရှစ်ပြိုင်ပွဲနှစ်ခုကို ဧပြီလနှင့်မေလတို့တွင် အိမ်ရှင်အဖြစ်လက်ခံကျင်းပသွားမည်ဖြစ်သည်။ ဩစတြေးလျနိုင်ငံအတွင်းသို့ ပြည်ဝင်ခွင့်တင်းကျပ်မှုများနှင့်ပတ်သက်၍ ကယ်လီစလေတာအပေါ် ခြွင်းချက်ပေးထားခြင်း မရှိသေးချေ။

ကယ်လီစလေတာကမူ ဩစတြေးလျတွင် ပြန်လည်ဆုံတွေ့ကြမည်ဟု ပြောကြားခဲ့သည်။ ၎င်းကာကွယ်ဆေးထိုးထားခြင်းရှိမရှိမှာ အရေးပါသည့်မေးခွန်းဖြစ်သော်လည်း ကိုယ်ရေးကိုယ်တာကိစ္စဖြစ်သည့်အတွက် ထုတ်ဖော်မပြောနိုင်ဟု ၎င်းကပြောကြားခဲ့သည်။ **အောင်**

# ခံစစ်ကစားသမား ရူဒီဂါကို သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ချယ်ဆီးအသင်း ကမ်းလှမ်း



ချယ်ဆီးအသင်းသည် နာမည်ကြီး ရီးရဲမက်ဒရစ်နှင့် ပီအက်စ်ဂျီအသင်းတို့က ခေါ်ယူရန် စောင့်ကြည့်ခြင်းခံနေရသည့် အသက် ၂၈ နှစ်အရွယ် ဂျာမနီခံစစ်ကစားသမား ရူဒီဂါကို စတန်းဖို့ဒ်ဘရစ်တွင် ဆက်လက်ထိန်းထားရန် အတွက် တစ်ပတ်လုပ်အားခ ပေါင် ၂၀၀၀၀၀ နီးပါးဖြင့် စာချုပ်သစ်ချုပ်ဆိုရန် ကမ်းလှမ်းမှုပြုလုပ်လိုက်သည်။

ဘိုင်ယန်မြူးနစ်အသင်းအနေဖြင့် ခံစစ်ကစားသမား ရူဒီဂါကို ခေါ်ယူရေး လက်လွှတ်လိုက်ရသော်လည်း နာမည်ကြီး ဘာစီလိုနာအသင်းက အဆိုပါ ကစားသမားကို ခေါ်ယူရန် ဆန္ဒရှိနေသေးသည်။ နွေရာသီတွင် ချယ်ဆီးအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးတော့မည်ဖြစ်သော ရူဒီဂါသည် ယခုနှစ်ရာသီတွင် အသင်းအတွက် ပြိုင်ပွဲစုံ ၃၃ ပွဲ ကစားထားသည်။ **အောင်ဇော်**

# လိုင်ယွန်တောင်ပံကစားသမား ရှာကွီရီကို မေဂျာလိဂ်ကလပ် ချီကာဂိုဖိုင်းယားအသင်း ခေါ်ယူ

မေဂျာလိဂ်ကလပ် ချီကာဂိုဖိုင်းယားအသင်းသည် လိုင်ယွန်အသင်းမှ ဆွစ်ဇာလန်တောင်ပံကစားသမား ရှာကွီရီကို ကလပ်စံချိန်တင် ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူလိုက်ပြီဖြစ်သည်။ ဩဂုတ်လတွင် လီဗာပူးအသင်းမှ လိုင်ယွန်အသင်းသို့ ပြောင်းရွှေ့ခဲ့သူဖြစ်သော အသက် ၃၀ အရွယ် ရှာကွီရီသည် ချီကာဂိုအသင်းနှင့် ၂၀၂၄ ခုနှစ်အထိ စာချုပ်ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။

ရှာကွီရီကို အသင်းသို့ခေါ်ယူပြီးနောက် ချီကာဂိုအသင်း အားကစားဒါရိုက်တာတစ်ဦးဖြစ်သူ ဂျော့ဟိုက်ဇ်က “ရှာကွီရီဟာ ပွဲတစ်ပွဲရဲ့အဖြေကို ပြောင်းလဲနိုင်စွမ်းရှိတဲ့ ကစားသမားတစ်ဦးဖြစ်တယ်” ဟု ထုတ်ဖော်ပြောကြားလိုက်သည်။ ရှာကွီရီသည် လီဗာပူးအသင်း၌ ကစားစဉ်အတွင်း ပရီမီယာလိဂ်ဖလားနှင့် ချန်ပီယံလိဂ်ဖလားတို့ကို ဆွတ်ခူးရရှိထားသည်။ **အောင်ဇော်**



# အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများ၏ နာသုံးနာလက်ကိုင်ထား၍ ကျောင်းသား ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

မြန်မာနိုင်ငံ၌ ဆရာ ဆရာမများအပေါ် ရိုသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှုတစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ် သဘောထား၍ ကျောင်းသား ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **“အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့”** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာ ထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့်ကာလနှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီ ကောင်းစားရေးကိုသာရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေးအစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များ ပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန် ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံးထိခိုက်ဒဏ်ရာရရှိသူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟီရိ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ထက် ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံတို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့် ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့် စိတ်ထားများဖြင့် နိုင်ငံ့အတွက် ပညာတတ်လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေးရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင်နေကြသော ဆရာ ဆရာမများကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြု မှတ်တမ်းတင်အပ်ပါသည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာ တတ်မြောက်ရေး၊ ပညာရည် မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေးတာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော် လှူဒါန်းခြင်းများ ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁၃

**ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။**

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ သဒ္ဓမ္မဝေပုလ္လပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ မဟာဝိသုတာရာမကျောင်းတိုက်သို့လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ မဟာဓမ္မိကာရာမရွှေကျင်ကျောင်းတိုက်သို့ လည်းကောင်း မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ဆင်ဖြူပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ ခေမာမဏ္ဍိုင်ကျောင်းတိုက်သို့ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်ရှိ ရွှေပြည်သာပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။ (ယာပုံ) သတင်းစဉ်




## သီပေါကြက်ခြေနီအသင်း မီးသင့်အိမ်ထောင်စုများအား ပံ့ပိုး

**သီပေါ ဖေဖော်ဝါရီ ၃**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ပန်းမိတ်ကျေးရွာအုပ်စု ကောင်းလန်းကျေးရွာတွင် မီးဘေးသင့်အိမ်ထောင်စုများအား ရှမ်းပြည်နယ် ကြက်ခြေနီအသင်းမှ မြို့နယ်ကြက်ခြေနီအသင်းသို့ ပေးပို့ခဲ့သည့် အထောက်အကူပြုပစ္စည်းများကို မြို့နယ်ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ဦးစိုင်းကျော်ဝင်း၊ ကြက်ခြေနီတပ်ဖွဲ့မှူး ဒေါ်နန်းခင်ညွန့်လူနှင့် ကြက်ခြေနီမောင်မယ်များက ယမန်နေ့တွင် ကျေးရွာအရောက် ကွင်းဆင်းကူညီပံ့ပိုးပေးအပ်သည်။ **(အောက်ပုံ)**

အဆိုပါ မီးသင့်အိမ်ထောင်စုများကို အိမ်ဆောက်ပစ္စည်းများ၊ ရေပုံး၊ ပန်းကန်များနှင့် ဝတ်ဆင်စရာအနွေးထည်နှင့် ခြုံစောင်များ ထောက်ပံ့ကြောင်း သိရသည်။ **စိုင်း(သီပေါ)**



## နယ်စပ်ရေးရာဝန်ကြီးဌာနမှ စားနပ်ရိက္ခာ ထောက်ပံ့လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိ ဘုန်းကြီးကျောင်းများတွင် ဆွမ်းဆန်တော်၊ ဆီ၊ ကုလားပဲ အမယ် သုံးမျိုးကို ဘုန်းတော်ကြီးကျောင်းများမှ ရဟန်း၊ သာမဏေများအတွက် ဆက်ကပ်လှူဒါန်းလျက်ရှိသည့်အပြင် မြန်မာနိုင်ငံတစ်ဝန်း လတ်တလောဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ရောဂါကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေးအတွက် ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများနှင့် အင်အားဖြည့်အစားအစာများကို ထောက်ပံ့လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် ရေဖြူမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်ဇော်နှင့် ရုံးဝန်ထမ်းများက ရေဖြူမြို့နယ် ကရင်ရှင်ထဘီကျေးရွာ နှစ်ခြင်းခရစ်ယာန် ဘုရားရှိခိုးကျောင်းသို့ ဆန် ၁၀ အိတ်၊ ဆီ ၁၂ ပိဿာ၊ ကုလားပဲ ၁၀ ပိဿာ စသည့်စားနပ်ရိက္ခာ ထောက်ပံ့ပစ္စည်းများကို သင်းအုပ်ဆရာမ နော်ဖောခူ ထံသို့ ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

နယ်စပ်ရေးရာ ဝန်ကြီးဌာနအနေဖြင့် တနင်္သာရီတိုင်းဒေသကြီးနှင့် ခရိုင်/မြို့နယ်များရှိ ဘုန်းတော်ကြီးကျောင်းနှင့် ကိုဗစ် -၁၉ ကုသရေးစင်တာများသို့လည်း ဆက်လက်ထောက်ပံ့ လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မရမ်းကုန်းမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် သာသနာဝင်ကတ် ထုတ်ပေး

**ရန်ကုန် ဖေဖော်ဝါရီ ၁၃**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးခင်မောင်သန်းနှင့် ဝန်ထမ်းများက ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပေးသည်။

မရမ်းကုန်းမြို့နယ်ရှိ ရပ်ကွက် ၁၀ ရပ်ကွက်တွင် ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် သာသနာဝင်ကတ်ပြားများ ဆောင်ရွက်ပေးရာ ဖေဖော်ဝါရီ ၁၂ ရက်အထိ ရဟန်း ၇၅ ပါး၊ သာမဏေ ၁၈၄ ပါး၊ သီလရှင် အပါး ၆၀၊ သာသနာဝင်ကတ် စုစုပေါင်း ၃၁၉ ကတ် ထုတ်ပေးပြီးဖြစ်ကြောင်းနှင့် ပြည်သူ ကျား/မ ၁၆၂၀၇ ဦး၊ ကျောင်းသား ကျောင်းသူ ၁၂၁၉၄ ဦး၊ လူပုဂ္ဂိုလ်များ နိုင်ငံသားစိစစ်ရေးကတ် စုစုပေါင်း ၂၈၄၀၁ ဦးအား ထုတ်ပေးပြီးဖြစ်ကြောင်း မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ သိရသည်။ **မျိုးမင်းသိန်း(မရမ်းကုန်း)**

# တရားမဝင်ကျွန်းသစ်၊ စားသောက်ကုန်ပစ္စည်းများနှင့် လိုင်စင်မဲ့ဆိုင်ကယ် ဖမ်းဆီးရမိ



နေပြည်တော် ဖေဖော်ဝါရီ ၁၃

**တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၂ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီးအကောက်ခွန်ဦးစီးဌာနနှင့် တာဝန်ကျပူးပေါင်းအဖွဲ့များက ဝေါမြို့နှင့် ရွှေသံလွင်တိုးဂိတ်အကြား ရှောင်တခင်စစ်ဆေးရာ စားသောက်ကုန်များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၁၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်ဥပဒေဖြင့် အရေးယူဆောင်ရွက်လျက်ရှိသည်။**

အလားတူ ဖေဖော်ဝါရီ ၁၃ ရက်တွင် ပဲခူးတိုင်းဒေသကြီး သစ်တောဦးစီးဌာနနှင့် ပူးပေါင်းအဖွဲ့များက သတင်းအရ သွားရောက်စစ်ဆေးရာ တောင်ငူနှင့် ပြည်ခရိုင် သစ်တောကြိုးဝိုင်းများအတွင်း တရားမဝင်ကျွန်းသစ် တန် ၆ ဒသမ ၇၃၄၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၁၀၁၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေဖြင့် အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များနှင့် ရှောင်တခင်စစ်ဆေးခဲ့ရာ လေရှီးမြို့နယ်တွင် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်၊ သွင်းကုန် ဥပဒေဖြင့် အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဖေဖော်ဝါရီ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲသုံးမှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၁၁၁၀၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## (၁၁) ကြိမ်မြောက် ဆီးဂိမ်းအတွက် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်း လေ့ကျင့်တော့မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

**လာမည့်မေလတွင် ဗီယက်နမ်နိုင်ငံ၌ ကျင်းပမည့် (၃၁) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် ရက်ပိုင်းအတွင်း စတင်လေ့ကျင့်မည်ဖြစ်သည်။**

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း နည်းပြချုပ် ဦးတင်မြင့်အောင်သည် ပဏာမကစားသမား ၃၀ ဖြင့် ပြန်လည်ဖွဲ့စည်းမည်ဖြစ်ပြီး အိန္ဒိယကလပ် ဂိုကူလမ်အသင်းတွင် ကစားနေသည့် ဝင်းသိင်္ဂီထွန်းမှာမူ လတ်တလောလာရောက်ပူးပေါင်းနိုင်ဦးမည် မဟုတ်ကြောင်း သိရသည်။ မြန်မာအမျိုးသမီးအသင်းသည် ဖေဖော်ဝါရီ တတိယပတ်တွင် စတင်လေ့ကျင့်မည်ဖြစ်ပြီးဆီးဂိမ်းပြိုင်ပွဲအတွက် နှစ်လကျော် အချိန်ယူပြင်ဆင်သွားမည်ဖြစ်ကာ အာရှဖလားအမျိုးသမီးပြိုင်ပွဲ နောက်ဆုံးအဆင့်ယှဉ်ပြိုင်ခဲ့သည့် အသင်းကိုသာ အခြေခံဖွဲ့စည်းသွားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ဆီးဂိမ်းပြိုင်ပွဲမတိုင်မီ နိုင်ငံတကာခြေစမ်းပွဲများ ကစားနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ဇန်နဝါရီလက ယှဉ်ပြိုင်ခဲ့သည့် ၂၀၂၂ အာရှဖလားအမျိုးသမီးပြိုင်ပွဲ နောက်ဆုံးအဆင့်ပွဲစဉ်များအပြီးတွင် ခေတ္တအနားယူကာ ဆီးဂိမ်းပြိုင်ပွဲအတွက် ပြန်လည်ပြင်ဆင်ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် နိုင်ငံတကာပြိုင်ပွဲများအတွက် ပြီးခဲ့သည့် နှစ်လယ်ပိုင်းကတည်းက လေ့ကျင့်မှုများပြုလုပ်ခဲ့ပြီး ၂၀၂၁ ခုနှစ် အောက်တိုဘာတွင် ၂၀၂၂ အာရှဖလား အမျိုးသမီးခြေစစ်ပွဲ၊ ၂၀၂၂ ခုနှစ် ဇန်နဝါရီတွင် ၂၀၂၂ အာရှဖလား အမျိုးသမီးပြိုင်ပွဲ နောက်ဆုံးအဆင့်တို့ ယှဉ်ပြိုင်ခဲ့ကာ ပြိုင်ပွဲတစ်ခုပြီးတိုင်း ရက်အနည်းငယ်သာ အနားယူကာ ပြန်လည်လေ့ကျင့်ခြင်းဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းအနေဖြင့် ယှဉ်ပြိုင်ခဲ့သည့် နိုင်ငံတကာပြိုင်ပွဲများအနက် အာရှဖလားခြေစစ်ပွဲ အောင်မြင်ခဲ့သလို အာရှဖလား နောက်ဆုံးအဆင့်တွင် အုပ်စုအဆင့်မှ ထွက်ခဲ့ရသော်လည်း အာရှထိပ်သီး ဂျပန်နှင့် တောင်ကိုရီးယားတို့ကို ယှခင်တွေ့ဆုံမှုများထက် ပေးဂိုးနည်းအောင် ကစားနိုင်ခဲ့ခြင်း၊ အာဆီယံထိပ်သီး ဗီယက်နမ်အသင်းကို နှစ်ကြိမ်တိုင် ဦးဆောင်ပြီးမှ သရေကျခဲ့ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် နောက်ဆုံးယှဉ်ပြိုင်ခဲ့သည့် ၂၀၁၉ ဖိလစ်ပိုင် ဆီးဂိမ်းပြိုင်ပွဲတွင် ကြေးတံဆိပ်ရခဲ့ပြီး ဆီးဂိမ်းပြိုင်ပွဲတစ်လျှောက် ငွေတံဆိပ်သုံးခု၊ ကြေးတံဆိပ် ခုနစ်ခု ရရှိထားသည်။ ဆီးဂိမ်းပြိုင်ပွဲတွင် အမျိုးသမီးဘောလုံးပြိုင်ပွဲကို ၁၉၈၅ ခုနှစ်တွင် စတင်ထည့်သွင်းကျင်းပခဲ့ပြီး ၂၀၁၉ ခုနှစ်အထိ ၁၁ ကြိမ် ပါဝင်ထားကာ ယင်း ၁၁ ကြိမ်တွင် ဗီယက်နမ်အသင်းက ရွှေတံဆိပ် ခြောက်ခုနှင့် ထိုင်းအသင်းက ရွှေတံဆိပ် ငါးခု ရယူထားသည်။

**ရဲရင့်လွင်**

## လှည်းကူးမြို့နယ် ပညာရေးဒီဂရီကောလိပ်၌ ရိုးရာခြင်းလုံးအားကစားသင်တန်းဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

**ပညာရေးဝန်ကြီးဌာန၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ်တို့ပူးပေါင်း၍ မြန်မာ့ရိုးရာခြင်းလုံးခတ်ပညာသင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက်က ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ပညာရေးဒီဂရီကောလိပ် ပညာအားမာန်ခန်းမ၌ ကျင်းပသည်။**

ရှေးဦးစွာ မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသက်လွင်က အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ဦးဝင်းတင့်က မြန်မာ့ရိုးရာခြင်းလုံး အားကစားသမိုင်းကြောင်းနှင့် ပတ်သက်၍ ရှင်းလင်း



ပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌက လှည်းကူးမြို့နယ် ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါ်အေးအေးလွင်ထံ ခြင်းလုံးအားကစားပစ္စည်းများ ပေးအပ်ပြီး အဖွဲ့ချုပ်မှ မခိုင်သဇင်ဖြိုးက မြန်မာ့ရိုးရာ တစ်ပင်တိုင်ခြင်းအလှခတ် ပြသသည်။ (ဓာတ်ပုံ)

ယင်းသင်တန်းသို့ လှည်းကူးမြို့နယ် ပညာရေးဒီဂရီကောလိပ် လုပ်ငန်းခွင်အကြိုမူလတန်း ဆရာအတတ်ပညာသင်တန်းမှ ဆရာ ဆရာမ ၃၀ ကျော် တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**အာကာလင်း**

## ပါးလ်မီးရက်စ်ကို အနိုင်ယူပြီး ဖီဖာကလပ်ကမ္ဘာ့ဖလားကို ပထမဆုံးအကြိမ် ဆွတ်ခူးနိုင်ခဲ့သည့် ချယ်ဆီး

ဖီဖာကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် အင်္ဂလန်ကလပ် ချယ်ဆီးအသင်းနှင့် ဘရာဇီးကလပ် ပါးလ်မီးရက်စ်အသင်းတို့ ပွဲစဉ်ကို စနေနေ့ညပိုင်းက အာဘူဒါဘီရှိ Bin Zayed အားကစားကွင်း၌ အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ရာ ချယ်ဆီးအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး အသင်းသမိုင်းတစ်လျှောက် ဖီဖာကလပ် ကမ္ဘာ့ဖလားကို ပထမဆုံးအကြိမ် ဆွတ်ခူးနိုင်ခဲ့သည်။




ဖီဖာကလပ်ကမ္ဘာ့ဖလားကို လက်ခံရယူပြီးနောက် ချယ်ဆီးအသင်းသားများ အောင်ပွဲခံနေစဉ်။

အဆိုပါပွဲစဉ်သည် သာမန်ပွဲကစားချိန်အတွင်း တစ်ဖက် တစ်ဂိုးစီ သရေကျနေ၍ အချိန်ပို မိနစ် ၃၀ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရပြီး အချိန်ပိုတွင် ရရှိခဲ့သော ဟာဗက်ဇ်၏ ပယ်နယ်တီသွင်းဂိုးဖြင့် ချယ်ဆီးအသင်းက နှစ်ဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ချယ်ဆီးအသင်းသည် အဆိုပါဖလားဆီမီးဖိုင်နယ်တွင် ဆော်ဒီအာရေဗျကလပ် အယ်ဟီလယ်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး လူကာကူ၏ တစ်လုံးတည်းသောသွင်းဂိုးဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်လှမ်းလာနိုင်သည်။ ပြိုင်ဘက် ပါးလ်မီးရက်စ်အသင်းက အဆိုပါအဆင့်တွင် အီဂျစ်ကလပ် အယ်အာလီအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်လှမ်းလာနိုင်ခြင်း ဖြစ်သည်။

ယခုပွဲစဉ်တွင် ဖလားဆွတ်ခူးနိုင်ရေးအတွက် နှစ်သင်းစလုံး အင်အားအတောင့်တင်းဆုံးကစားသမားများဖြင့် ပွဲထွက်လာခဲ့သည်။ ဗိုလ်လုပွဲစဉ် ဖြစ်သည်နှင့်အညီ ပွဲချိန်တစ်လျှောက် အပြန်အလှန်ထိုးဖောက် တိုက်စစ်ဆင်မှု၊ ဂိုးပေါက်ခြိမ်းခြောက်မှု၊ ဂိုးရရှိနိုင်သည့် အခွင့်အရေးဖန်တီးမှုများကို မြင်တွေ့ခဲ့ရသည်။ သို့သော်လည်း ပထမပိုင်းတွင် နှစ်ဖက်ကစားသမားများ အဆုံးသတ်အားနည်းမှုရှိသည့်အတွက် ဂိုးမရှိသရေဖြင့် အဆုံးသတ်ခဲ့သည်။ ဦးဆောင်ဂိုးကို ချယ်ဆီးအသင်းက ပွဲချိန် ၅၅ မိနစ်တွင် ရရှိခဲ့ပြီး လူကာကူက သွင်းယူပေးခဲ့သည်။ ပါးလ်မီးရက်စ်အသင်းအတွက် ချေပဂိုးကို ပွဲချိန် ၆၄ မိနစ်တွင် ဗီယေဂါက ပယ်နယ်တီမှတစ်ဆင့် သွင်းယူခဲ့သည်။

သာမန်ပွဲချိန်ပြည့်သည်အထိ တစ်ဖက်နှင့်တစ်ဖက် ထပ်မံဂိုးသွင်းယူနိုင်ခြင်း မရှိသောကြောင့် အချိန်ပို မိနစ် ၃၀ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရသည်။ အချိန်ပို ၁၁၇ မိနစ်တွင် ချယ်ဆီးအသင်းက ပယ်နယ်တီ ကန်သွင်းခွင့်ရရှိခဲ့ပြီး ဟာဗက်ဇ်က အမှားအယွင်းမရှိ အဆုံးသတ်နိုင်ခဲ့သည်။ အချိန်ပိုပွဲချိန်ပြည့်ခါနီးတွင် ပါးလ်မီးရက်စ်အသင်းမှ ဂါစီယာ အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရသည်။

**အောင်ဇော်**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၇ ဆူ | ၁၅၆ ဆူ | ၅၇၁ ဆူ |
| ၂။ | ဓမ္မာရုံ(၂၁၃× ၉၀ × ၄၆)ပေ | ၈၇၃၀. ၂၀ | ၁ လုံး | ၇၀၀၀ သိန်း | ၁၇၃၀. ၂၀ သိန်း |
| ၃။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) | ၄၃၂၀. ၀၀ | ၁ ခု | - | ၁ ခု |
| ၄။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | - | ၁၈ ခု |
| ၅။ | High Mast မီးတိုင် (၂၀ မီတာ)၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၆။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၇။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၂၃ ခန်း | ၄၃၂ ခန်း |
| ၈။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၂၆ တိုင် | ၂၄ တိုင် |
| ၉။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၇၉ တိုင် | ၁၀၁ တိုင် |
| ၁၀။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၇၄ ခု | ၅၇၈ ခု |
| ၁၁။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၁၉ ကျင်း | ၂၁၀၀. ၅၃ ကျင်း |
| ၁၂။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၄ ကျင်း | ၂၀၄. ၁၄ ကျင်း |
| ၁၃။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၂ ကျင်း | ၅၈၉၈. ၆၆ ကျင်း |
| ၁၄။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၇၃ ကျင်း | ၁၆၆၃. ၀၈ ကျင်း |
| ၁၅။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | - | - |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၆။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း ၁ ခန်း) | ၁၃၂၂. ၀၀ | ၉ ခန်း | - | ၉ ခန်း |
| ၁၇။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၁၄၃၀၂၀၁၀၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၂၅၅၈၂၅၂၁၆**

## ငြိမ်းချမ်းရေးဆိုင်ရာဆောင်ရွက်လျက်ရှိသည့် အခြေအနေ

❖ အမျိုးသားစည်းလုံးညီညွတ်ရေးနဲ့ ထာဝရငြိမ်းချမ်းရေးအတွက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ ညှိနှိုင်းရေးကော်မတီ စတဲ့ကော်မတီ ၃ ရပ်ကိုဖွဲ့စည်းခဲ့ပြီး ဆောင်ရွက်နေလျက်ရှိပါတယ်။ ကျွန်တော်တို့ရဲ့ ညှိနှိုင်းရေးကော်မတီဟာ ယနေ့အထိ NCA လက်မှတ်ရေးထိုးပြီးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ ၁၆ ကြိမ်၊ NCA လက်မှတ်ရေးထိုးထားခြင်းမပြုသေးတဲ့ EAO တွေနဲ့ ၉ ကြိမ်၊ နိုင်ငံရေးပါတီတွေနဲ့ ၇ ကြိမ်၊ ဘာသာရေးခေါင်းဆောင်တွေ၊ ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့တွေနဲ့ ၂ ကြိမ်၊ စုစုပေါင်း ၃၄ ကြိမ် တွေ့ဆုံခဲ့ပါတယ်။

❖ တပ်မတော်အနေနဲ့ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့မှစပြီး ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် ထုတ်ပြန်ချက်ပေါင်း အကြိမ် (၂၀) ပြုလုပ်ပေးခဲ့ပြီးဖြစ်ပါတယ်။ ၂၀၂၂ ခုနှစ် နှစ်ဆန်းပိုင်းမှာ ကမ္ဘောဒီးယားဝန်ကြီးချုပ်နဲ့တွေ့ဆုံမှုအပြီး နှစ်နိုင်ငံ သဘောတူထုတ်ပြန်ချက်မှာ ယခုနှစ်ကုန်ပိုင်းအထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (၁) နှစ်ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားခဲ့သည့် မိန့်ခွန်းကောက်နုတ်ချက်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ စီးပွားရေး

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ လူမှုရေး

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များသည် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုဗဟိုဌာန၌ ယနေ့နံနက်ပိုင်းတွင် အလွတ်သဘော တွေ့ဆုံဆွေးနွေးကြသည်။

*စာမျက်နှာ ၇ ကော်လံ ၁* ❖



အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ အလွတ်သဘော တွေ့ဆုံပွဲတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဆွေးနွေးပြောကြားစဉ်။

ယနေ့ သတင်း အညွှန်း

မကွေးတိုင်းဒေသကြီး ဆောမြို့နယ်၌ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုကို မလိုလားသည့် PDF အမည်ခံအကြမ်းဖက်သမားများက အခြေခံပညာအထက်တန်းကျောင်းခွဲဝင်းအတွင်းရှိ နေအိမ်လိုင်းခန်းတစ်လုံးအား မီးရှို့ဖျက်ဆီး စာ - ၁၁

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ စာ - ၁၂

နှစ်နှစ်ကြာကန့်သတ်ပိတ်ဆို့ပြီးနောက် နိုင်ငံတကာခရီးသွားတွေကို ပြန်လည်ကြိုဆိုတော့မယ့် ဖိလစ်ပိုင် စာ - ၁၄